# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၂၆)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်သမ္မတတို့ တွေ့ဆုံ

## နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများနှင့်ပတ်သက်၍ ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်

**ပေကျင်း မေ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့ခန်းမကြီး (Dongdating Hall) ၌လည်းကောင်း၊

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တရုတ်ပြည်သူ့ခန်းမရှိ (Beijing Hall) ၌ လည်းကောင်း တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ**

စာ » ၆



**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ**

စာ » ၇


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပြီးပြည့်စုံသော ပြည်တွင်းငြိမ်းချမ်းရေး

တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း (OBOR) ကိုသာ အပြည့်အဝအကောင်အထည်ဖော်ပါက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်စပ်ပေးမည့် အကောင်းဆုံးသော မဟာဗျူဟာမြောက်လမ်းကြောင်း ဝင်ပေါက်ဖြစ်လာမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ လူဦးရေသည် သန်းပေါင်း ၁၃၈၇ သန်းကျော်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ၏ လူဦးရေသည်လည်း သန်းပေါင်း ၁၃၄၉ သန်းကျော်ရှိပါသည်။ အရှေ့တောင်အာရှဒေသ၏ စုစုပေါင်း လူဦးရေသည် သန်းပေါင်း ၆၄၆ သန်းကျော်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် လူဦးရေ ၃၃၈၃ သန်းကျော်ရှိသော ဈေးကွက်ကြီးသို့ ဝင်ရောက်နိုင်မည့် အဓိကဝင်ပေါက်အနေအထားမျိုး ပိုင်ဆိုင်ထားပါသည်။ ဤသည်မှာ မြန်မာနိုင်ငံအတွက် ကြီးမားသော အခွင့်အလမ်းဖြစ်ပါသည်။

သို့သော် ဤကြီးမားသော အခွင့်အလမ်းကို လက်တွေ့ဆုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၌ ပြီးပြည့်စုံသော ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရမည်ဖြစ်ပါသည်။ ဤပြီးပြည့်စုံသော ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ မြန်မာနိုင်ငံသည် ကျယ်ပြန့်ခိုင်မာသော ပြင်ဆင်မှုများဖြင့် အဆိုပါတစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း (OBOR) ၌ မားမားမတ်မတ်ပါဝင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံက ထိုသို့ မားမားမတ်မတ် ပါဝင်နိုင်စွမ်းရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တို့ကို ပြည်ထောင်စုတစ်ဝန်းလုံး ခံစားကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ဤကဲ့သို့သော မြင်ကွင်းကိုလက်တွေ့မြင်တွေ့ခံစားလိုကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။ သို့သော် ပြီးပြည့်စုံသော ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ပါက ဤမြင်ကွင်းနှင့် လုံးဝဥသုံ့ခြားနားသော မြင်ကွင်းကိုသာ လက်တွေ့မြင်တွေ့ခံစားကြရမည်ဖြစ်ပါသည်။

ပြီးပြည့်စုံသော ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ပါက မြန်မာနိုင်ငံသည် ဤကဲ့သို့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ၌ မားမားမတ်မတ် ပါဝင်နိုင်စွမ်းကင်းမဲ့နေမည်ဖြစ်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်အတန်းသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပို၍ပို၍ နိမ့်ကျသွားမည်ဖြစ်ပါသည်။ ဤသို့သော ပို၍ပို၍ နိမ့်ကျသွားမည့် ဖွံ့ဖြိုးမှု၏ ဆိုးကျိုးတို့ကို ပြည်ထောင်စုတစ်ဝန်းလုံး ခံစားကြရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းဟူသည် ပညာအဆင့်အတန်း နိမ့်ကျခြင်းကို ရည်ညွှန်းပါသည်၊ နည်းပညာအဆင့်အတန်းနိမ့်ကျခြင်းကို ရည်ညွှန်းပါသည်၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျခြင်းကို ရည်ညွှန်းပါသည်၊ ကာကွယ်ရေးစွမ်းရည်နိမ့်ကျခြင်းကို ရည်ညွှန်းပါသည်။ ဤအလုံးစုံသော နိမ့်ကျမှုတို့ကို မည်ကဲ့သို့သော အရာမျိုးဖြင့်မှ တွန်းလှန်ကျော်လွှားနိုင်စွမ်းမရှိသည်ကို အလေးအနက်နှလုံးသွင်းရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တာဝန်ရှိကြသော အဖွဲ့အစည်းအားလုံးအနေဖြင့် ရေတိုအကျိုးစီးပွားလောဘမီးတို့ကို ငြိမ်းသတ်လျက် (၂၁)ရာစု ပင်လုံညီလာခံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ အားမာန်အပြည့် ချီတက်ဆောင်ရွက်ကြပါရန် လေးလေးနက်နက်မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။

## အမေရိကန် နယူးယောက်တက္ကသိုလ်မှ ပါမောက္ခ ခံတွင်းကင်ဆာရောဂါအကြောင်း ဟောပြောပို့ချ

**ရန်ကုန် မေ ၁၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်တက္ကသိုလ်မှ ပါမောက္ခ အဲလက်ဇန်းဒြားရော့စ်ကားသည် ယနေ့နံနက်ပိုင်းတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ “ခံတွင်းကင်ဆာရောဂါအား စောစီးစွာသိရှိနိုင်မည့် ခေတ်မီနည်းလမ်းများ” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။

အဆိုပါ ဟောပြောပို့ချမှုသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်မှ ဆရာ ဆရာမများ၊ ဘွဲ့လွန် သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များနှင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




## တရားလွှတ်တော်ရှေ့နေများကောင်စီ တတိယအကြိမ် စည်းဝေး



**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တရားလွှတ်တော်ရှေ့နေများကောင်စီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် တင်ပြသည့် လျှောက်လွှာ ၃၇၄ စောင်အား စိစစ်အတည်ပြုနိုင်ခဲ့ပြီး တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေပုဒ်မ ၁၀(၁)အရအရေးယူမှုပြုရန် သင့် မသင့် သဘောထားပေးရန် ကိစ္စရပ်များ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၏ ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်း၍ တင်ပြစာများအပေါ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးသို့ လွှဲပြောင်းပေးသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်နှင့် အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ တရားလွှတ်တော်ရှေ့နေများ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးအား မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ညောင်လေးပင် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း မေ ၁၀ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သာ လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည့် လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းကထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့နယ် အလုပ်စုကျေးရွာ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးစိုးဝင်းက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ပျက်စီးဆုံးရှုံးခြင်းပေါ် မူတည်၍ ခွဲဝေပေးခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားပြီး လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနေ့က လေပြင်းတိုက်ခတ်မှုကြောင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာရှိ ဓာတ်အားခွဲရုံမှ သွယ်ယူထားသော လျှပ်စစ်မီးတိုင်များတွင် ဒုံဇရစ်အနောက်ဘက်ကမ်းမှ ကျုံသွင်အင်းအထိ ၁၂ မီတာ ကွန်ကရစ်လျှပ်စစ်မီးတိုင်များ၊ အလုပ်စုကျေးရွာမှ စံကျောင်းစုကျေးရွာအထိ ၁၀ မီတာကွန်ကရစ် လျှပ်စစ်မီးတိုင်များနှင့် အလုပ်စုရွာတွင် လျှပ်စစ်မီးတိုင် လေးတိုင်ပျက်စီးကာ လေပြင်းအရှိန်ကြောင့် ဂျောင်းတာကျေးရွာ၊ ဆာဆေးရွာ၊ သာယာစုရွာ၊ အလုပ်စုရွာ၊ ထင်းကုန်းကျေးရွာအုပ်စု ထင်းကုန်းရွာဟောင်းနှင့် ကျောက်ပုံရွာဟောင်းအပြင် ကျန်ကျေးရွာများတွင်လည်း နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **ခင်အောင်လှိုင်(ညောင်လေးပင်)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၅-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၂၅/၇၄၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၁၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၉ . ၈၈ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၄ . ၂၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက် အဆင့်မြင့်ခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်သွားလာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးအောင်ထူး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံပွဲအပြီးတွင် အဆိုပါခန်းမ၌ မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ် စီးပွားရေးဝန်ကြီး H.E.Mr. Zhong Shan ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E.Mr. ZhangYong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံခန့်ခွဲရေးကော်မရှင်ဝန်ကြီး H.E. Ms. Li Bin ၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဝန်ကြီး H.E.Mr. Liu Yuzhu တို့က နှစ်နိုင်ငံ သဘောတူစာချုပ် ငါးစောင်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းတို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ယနေ့ကျင်းပသည့် နှစ်နိုင်ငံ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲတွင် **"စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်"၊ "မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေး သဘောတူစာချုပ်"၊ "စီးပွားရေးပိုးလမ်းမ ရပ်ဝန်းတစ်ခုနှင့် (၂၁)ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမ ရပ်ဝန်းတစ်ခု စတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်"၊ "ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်"** နှင့် **"ငလျင်အလွန် ပုဂံရှိ သမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ"**ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ပေကျင်းမြို့ရှိ Anzhen Hospital သို့သွားရောက်ပြီး မြန်မာနိုင်ငံမှ နှလုံးရောဂါခံစားနေရသည့် ကလေးငယ်များအား ခွဲစိတ်ကုသမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

အဆိုပါ ခွဲစိတ်ကုသမှု အစီအစဉ်သည် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တွေ့ဆုံခဲ့ပြီးနောက် အကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပြီး တရုတ် အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ်၏ **"နယ်နိမိတ်အကန့်အသတ်မရှိသည့် ချစ်မေတ္တာစိတ်ဖြင့် မြန်မာနိုင်ငံတွင် မွေးရာပါ နှလုံးရောဂါစွဲကပ်နေသည့် ကလေးသူငယ်များအား ကုသကယ်တင်ရေး"**လှုပ်ရှားမှု ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရှိ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



ဒုတိယဝန်ကြီးဦးကျော်တင်နှင့် တရုတ်စီးပွားရေးဝန်ကြီး H.E.Mr. Zhong Shan တို့ လက်မှတ်ရေးထိုးစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တရုတ်စီးပွားရေးဝန်ကြီး H.E.Mr. Zhong Shan တို့ လက်မှတ်ရေးထိုးစဉ်



ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E.Mr. Zhang Yong တို့ လက်မှတ်ရေးထိုးစဉ်



မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးနှင့်မိသားစု စီမံခန့်ခွဲရေးကော်မရှင် ဝန်ကြီး H.E.Ms. Li Bin တို့ လက်မှတ်ရေးထိုးစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေကျင်းမြို့ရှိ Anzhen Hospital ၌ မြန်မာနိုင်ငံမှ နှလုံးရောဂါခံစားနေရသည့် ကလေးငယ်များအား ခွဲစိတ်ကုသမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးစဉ်

*စာမျက်နှာ ၃ မှ*

မွေးရာပါနှလုံးရောဂါ ခံစားနေရသည့် ကလေးသူငယ် ၁၀၀ ခန့်အနက်မှ ၅၄ ဦးကို တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ခေါ်ယူခွဲစိတ်ကုသပေးနိုင်ရန် ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး၌ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပြီး မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ် ၅၄ ဦးကို ရွေးချယ်ကာ ယခုဆေးရုံကြီး၌ ခွဲစိတ်ကုသပေးနေခြင်းဖြစ်ကြောင်းသိရသည်။

**ခွဲစိတ်ကုသ**

ယနေ့အချိန်အထိ ပေကျင်းမြို့သို့ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ၁၂ ဦး ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိရာ ဝေဒနာရှင် ကလေးငယ်ရှစ်ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးပြီးဖြစ်ကြောင်းသိရသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Chinese People Political Consultative Conference ဒုတိယဥက္ကဋ္ဌ Mr.Wang Jiarui က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနဝန်ကြီး မစ္စတာ စုန်တောင်းက တည်ခင်းဧည့်ခံသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတို့ တရုတ်နိုင်ငံ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**ပေကျင်း မေ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်တွင် အတူလိုက်ပါသွားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံကြသည်။

**တွေ့ဆုံဆွေးနွေး**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် State Power Investment Corporation(SPIC) ဥက္ကဋ္ဌ Mr.WANG Binghua ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင်လည်းကောင်း၊ ZTE Corporation Founder Mr.Hou Weigui ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် China Communication Construction Corporation (CCCC) ဒုတိယဥက္ကဋ္ဌ Mr. Sun Ziyu ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ First Myanmar Construction Company ဥက္ကဋ္ဌ Dr. Sone Han ဦးဆောင်သည့်အဖွဲ့နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် Anhui Easy Business Digital Technology ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင်လည်းကောင်း ကျောက်ယုထိုင်နိုင်ငံတော် ဧည့်ဂေဟာ၌ သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် First Myanmar Construction Company ဥက္ကဋ္ဌ Dr. Sone Han တို့ တွေ့ဆုံဆွေးနွေးစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် State Power Investment Corporation(SPIC) ဥက္ကဋ္ဌ Mr.WANG Binghua တို့ တွေ့ဆုံဆွေးနွေးစဉ်

# မြို့နယ်လုံခြုံရေး CCTV ကင်မရာများ တပ်ဆင်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်း မှုခင်းဖြစ်ပွားလေ့ရှိသော နေရာများနှင့် လုံခြုံရေးအရလိုအပ်သော နေရာများတွင် CCTV ကင်မရာများ တပ်ဆင်ထားရှိပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်ဆောင်ရွက်လျက်ရှိသော မြို့နယ်များသို့ တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ စီထောက်ပံ့ငွေမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မေ ၁၅ ရက်က ကြည့်မြင်တိုင်မြို့နယ်အတွင်း တပ်ဆင်လျက်ရှိရာ ကြည့်မြင်တိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်က "ဒါက ဒုတိယမြောက်ရရှိတဲ့ထောက်ပံ့ငွေပါ။ မြို့နယ် CCTV တပ်ဆင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ဆောင်ရွက်တပ်ဆင်တာပါ"ဟု ဆိုသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားလေ့ရှိသော နေရာများနှင့် လုံခြုံရေးအရ လိုအပ်သော အောက်ကြည့်မြင်တိုင်လမ်းမတစ်လျှောက် ရှစ်နေရာတွင် CCTV ၁၁ လုံးတပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

**အမြန်ဆုံးဆောင်ရွက်**

တပ်ဆင်ထားရှိသော နေရာများနှင့် မြို့နယ်ရဲစခန်း အထိုင်စက်ဖြင့် တိုက်ရိုက်ချိတ်ဆက်ထားသည့်အတွက် မှုခင်းဖြစ်ပွားသည်နှင့် ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရဲမှူးက ဆိုသည်။

နောက်နှစ်များတွင် ထောက်ပံ့ငွေများဆက်လက်ရရှိပါက ယခုကဲ့သို့ပင်လိုအပ်သော နေရာများ၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# ပြည်သူနှင့်အတူ

* ကျောဖုံးမှ

ဖြစ်ပွားမှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်း မကြာခဏကြုံတွေ့နေရသောကြောင့် ပြည်သူအားလုံး သတိပြုရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ခြင်းများ ထိထိရောက်ရောက် လုပ်မှသာလျှင် သဘာဝဘေးကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှု နည်းပါးသက်သာမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားပြီး ပြည်သူနှင့်အတူ လက်တွဲကာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းချမှတ်ဆောင်ရွက်ရာတွင် စာရင်းအင်း အချက်အလက်များ မှန်ကန်တိကျရန် အရေးကြီးပါကြောင်း၊ ယင်းအပေါ် အခြေခံပြီး လုပ်ဆောင်မှသာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက်သာမက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်ပါ ကောင်းမွန်သည့် အခြေခံအရင်းအမြစ်များရှိသဖြင့် နိုင်ငံစီးပွားတိုးတက်စည်ပင်ရေးတွင် အဓိကစွမ်းဆောင်ပေးနိုင်မည့် ဒေသဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် မအူပင်မြို့မှ ညောင်တုန်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ညောင်တုန်းမြို့ (၂၁)လမ်းထိပ်မှ (၂၇)လမ်းထိပ်ထိ မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုအား ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့်ပန်းလှိုင်မြစ်ဆုံရာအနီးတွင် တည်ရှိပြီး မြစ်ကမ်းပါးနှင့် မြေသားတာတို့မှာ ကပ်လျက်တည်ရှိနေခြင်း၊ ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ဆုံရာတွင်ရှိ၍ မိုးရာသီရေများချိန် ရေစီးဆင်းနှုန်းများပြားခြင်း၊ရေနည်းရာသီမြစ်ရေ ကျဆင်းချိန်တွင် မြေတွင်းအောင်းရေ စိမ့်ထွက်မှုများပြားခြင်း စသည့်တို့ကြောင့် ကမ်းပါးမြေသားများ နှစ်စဉ်နီးပါး အိကျမှုများဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်တွင် ညောင်တုန်းမြို့ (၂၁)လမ်းထိပ် မြစ်ကမ်း ကမ်းထိန်းလုပ်ငန်းကို ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၂၅၀၊ မျောတိုင်တန်း အခြေထိန်း ရေကာအလျား ပေ ၂၅၀၊ (၂၄)လမ်းတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ၁၁၅ ပေနှင့် (၂၅)လမ်းမှ (၂၇)လမ်းအထိ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ၂၁၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဗိုလ်မြတ်ထွန်းတံတား ကမ်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက သောင်တူးခြင်းလုပ်ငန်း၊ ရေကာတာများ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စီကမ်းထိန်း တမံတည်ဆောက်ခြင်း၊ ကျောက်စီနံရံတည်ဆောက်ခြင်းနှင့် သဲအိတ်ခံကျောက်စီ ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတသည် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဗိုလ်မြတ်ထွန်းတံတား၏ ကြိမ်ပင်ဆယ်ရွာဘက်ကမ်းပါးများမှာ ရေနက်စီးကြောင်းကြောင့် လည်းကောင်း၊ ဝဲပြန်ရေစီးကြောင်းကြောင့် လည်းကောင်း ကမ်းပါးအိကျမှုများရှိ၍ ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသီးသန့် ရန်ပုံငွေမှ ငွေကျပ် ၃၀၃၆ သန်းကျခံဆောင်ရွက်လျက်ရှိရာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်သည်။

ယင်းနောက် ဗိုလ်မြတ်ထွန်းတံတားမှ ဓနုဖြူမြို့ မရမ်းချောင်းကျေးရွာရှိ မရမ်းချောင်းတာ တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မရမ်းချောင်းတာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ငွေကျပ် ၉၈၆ သန်းဖြင့် ကျခံဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ဘိုးပိုင်အခြေပြုကျောက်စီနံရံ၊ အခြေထိန်းမျောကျောက်ဖြည့် ရေကာတည်ဆောက်ခြင်း၊ ရေထဲပိုင်းကျောက်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် ဓနုဖြူမြို့မှ ဇလွန်မြို့သို့ သွားရောက်ပြီး ဒေါင့်ကြီးကျေးရွာဆိပ်ကမ်းမှ ကူးတို့ဆိပ်ကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ကာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုကို သွားရောက်ကြည့်ရှုသည်။

ဒုတိယသမ္မတသည် ကူးတို့ဆိပ်ကျေးရွာတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများက တင်ပြလာသည့်အခက်ခဲများကို တိုင်းဒေသကြီးအစိုးရနှင့် ဌာနဆိုင်ရာများက ပူးပေါင်းကူညီဖြေရှင်းပေးရန် မှာကြားပြီး မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၅၀ အား တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀ ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း Cyclone Shelter များ၊ School Cum Shelter များ တည်ဆောက်ရန်၊ သောက်သုံးရေရရှိရေးနှင့် ရေတွင်း ရေကန်များ တူးဖော်ရန်တို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ယခုနှစ်မေလအထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၃၅၁ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကူးတို့ဆိပ်ကျေးရွာမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများကို ထောက်ပံ့ငွေပေးအပ်စဉ်** (သတင်းစဉ်)

* ကျောဖုံးမှ

မေးမြန်းခဲ့သည်။ အိုးပိုင် အိမ်ပိုင် မရှိသူများ၊ အိမ်ငှား၍လည်း နေထိုင်နိုင်ခြင်း မရှိသူများသည် လမ်းဘေး၌ လည်းကောင်း၊ နိုင်ငံပိုင် မြေလွတ်များပေါ်တွင် လည်းကောင်း ကျူးကျော်နေထိုင်ကြလျက်ရှိကြောင်း သိရသည်။ နေစရာမရှိ၍ ကျူးကျော်မှုများရှိသကဲ့သို့ စီးပွားဖြစ်ကျူးကျော်ခြင်းမျိုးလည်း ရှိကြောင်း သိရပြီး အချို့သော နိုင်ငံ့ဝန်ထမ်းများသည် အိမ်ငှားဘဝဖြင့် လည်းကောင်း၊ ဝန်ထမ်း အငြိမ်းစားများသည်လည်း နေစရာအိမ်မရှိသည့် အဖြစ်မျိုးလည်း အများအပြားရှိကြောင်း သိရသည်။

လျှပ်စစ်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အိမ်ရာစီမံကိန်းများ ဆောင်ရွက်နိုင်သောမြေနေရာများ တိုးတက်ရရှိရေးနှင့် ဘဏ္ဍာငွေအရင်းအမြစ်များ ပိုမိုမြှင့်တင်ရင်းနှီးမြှုပ်နှံနိုင်ရေးမှတစ်ဆင့် ဝန်ထမ်းများနှင့်တကွ ပြည်သူလူထုများ အိမ်ရာပိုင်ဆိုင်နိုင်သည့် အခွင့်အရေးများ တိုးတက်ရရှိအောင် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက" ကျူးကျော်ကလည်း ပြည်သူပဲဖြစ်ပါတယ်။ ကျူးကျော်တိုင်းကိုလည်း အိမ်ရာပေးဖို့ အစီအစဉ်မရှိပါဘူး။ စီးပွားရေးလုပ်ငန်းကဲ့သို့ဆောင်ရွက်နေတဲ့ ကျူးကျော်ရှိသလိုဘဲ အမှန်တကယ်နေထိုင်စရာမရှိလို့ ကျူးကျော်ရတဲ့ ပြည်သူတွေလည်း ရှိပါတယ်။ ဒါကို ကျွန်မတို့အနေနဲ့ သေချာစွာစိစစ်ရွေးချယ်ပြီးတော့ အမှန်တကယ်နေထိုင်စရာမရှိတဲ့ ပြည်သူတွေကို နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးတို့က ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့သည်။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပစဉ်** ဓာတ်ပုံ - ထိန်လင်း

## ရွှေဘိုတွင် ပြည်သူ့အငှားအိမ်ရာများ မဲနှိုက်ရွေးချယ်

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရွှေဘိုတွင် တည်ဆောက်ပြီးစီးခဲ့သော ပြည်သူ့အငှား အိမ်ရာတို့တွင် နေထိုင်ခွင့်ရရှိရေးအတွက် မဲနှိုက်ရွေးချယ်ခြင်း အစီအစဉ်ကို မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားခန်းမ၌ ကျင်းပရာ လျှောက်ထားကြသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက အမှာစကားပြောကြား၍ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုညွှန်မှူး ဦးကျော်ကျော်လင်းက ပြည်သူ့အငှားအိမ်ရာများ နေရာချထားခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောသည်။

ခရိုင်-မြို့ပြအိမ်ရာ လက်ထောက်ညွှန်မှူး ဒေါ်အေးစုမြင့်က စည်းကမ်းချက်များနှင့် လျှောက်ထားသူဦးရေကို ဖတ်ကြားပြီး မဲနှိုက်ရွေးချယ်ခြင်းကို စတင်သည်။

သတ်မှတ်ထားသည့် စည်းကမ်းအရ အငှားအိမ်ရာအရေအတွက်မှာ ၁၂၀ ရှိပြီး ကနဦးအစီအစဉ်အနေဖြင့် အငြိမ်းစား ၂၅ ဦး၊ ပင်စင်နီး ဝန်ထမ်း ၂၅ ဦး၊ အိမ်ရာမရှိသူ ပြည်သူ ၅၀ တို့ကို ပေါက်မဲအဖြစ် သတ်မှတ်သည်။ အရန်ပေါက်မဲအဖြစ် စုစုပေါင်း ၃၀ ရှိသည်။ ထို့ပြင် အမှန် တကယ်လိုအပ်ပြီး မသိရှိလိုက်ရသဖြင့် လျှောက်လွှာအချိန်မီ မတင်လိုက်ရသူ များအတွက် ပေါက်မဲ ၂၀ ကိုလည်း ချန်လှပ်ထားသည်။ အရန်မဲပေါက်သူများမှာ မဲပေါက်ပြီးသူများထဲမှ စည်းကမ်းနှင့် မညီညွတ်သဖြင့် ပြန်လည်ပယ်ဖျက်ခြင်းခံရသူများမှ အခွင့်အရေးများကို အချိုးညီရရှိမည်ဖြစ်သည်။

ယခု ဆောင်ရွက်ပေးသော မဲနှိုက်သည့်အစီအစဉ်သည် စည်းစနစ်ကျနမှုရှိသဖြင့် ပြည်သူအများ ကျေနပ်ကြသည်။ နောက်ထပ်မံ၍လည်း ဘတ်ဂျက်အပေါ် မူတည်ပြီး ယခုကဲ့သို့ အငှားအိမ်ရာများကို ဆောင်ရွက်ပေးသွားဦးမည်ဖြစ်ပြီး အိမ်ငှားခမှာ တစ်လလျှင် ငွေကျပ် ၂၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇော (ရွှေဘို)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၆** နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ် တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် မေ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဂူဗိမာန်ကို သွားရောက်ပန်းခွေချ အလေးပြုကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**


ဆက်လက်၍ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သော နေအိမ်ကိုလှည့်လည်ကြည့်ရှုလေ့လာကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**တွေ့ဆုံ**

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဗီယက်နမ်အမျိုးသားလွှတ်တော်သို့ သွားရောက်၍ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan နှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ကိစ္စရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး စသည့်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုအောင်မြင်စေရေးတို့ကို ဆွေးနွေးကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား ဗီယက်နမ်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

**ပူးပေါင်းဆောင်ရွက်**

ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဗီယက်နမ်ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc နှင့် အစိုးရအဖွဲ့ရုံးတွင် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး H.E. Mr. Nguyen Phu Trong နှင့် ကွန်မြူနစ်ပါတီရုံး၌ လည်းကောင်း နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**ဂုဏ်ပြုညစာဖြင့် တည်ခင်း**

ထို့နောက် ဗီယက်နမ် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့အား ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan က ဗီယက်နမ် အမျိုးသားလွှတ်တော်တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးပြီးနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ် (သတင်းစဉ်)

# မြန်မာကျပ်ငွေ ပထမဆုံးထုတ်ဝေခဲ့သော အဆောက်အအုံကို အပြာရောင်ကမ္ပည်းပြားတပ်ဆင်



**ရန်ကုန် မေ ၁၆**

ဂန္ထဝင်ခေတ်ဆန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားဝင့်ကြွားစွာ တည်ရှိနေသော ရန်ကုန်စတော့အိတ်ချိန်း (ယခင်ပြည်ထောင်စုဘဏ်) အဆောက်အအုံတွင် ရန်ကုန်မြို့ပြ အမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားကို ယနေ့တပ်ဆင်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"လူအများသိရှိပြီးသား အဆောက်အအုံများ၊ နေရာများကို ပိုမိုတန်ဖိုးထားတတ်ဖို့၊ လူသိနည်းသော အဆောက်အအုံများအကြောင်းကို ပိုမိုသိရှိလာဖို့ ရည်ရွယ်ပါတယ်။ ရန်ကုန်မြို့ရဲ့ သမိုင်းကြောင်းကို ဒီကမ္ပည်းပြားမှတစ်ဆင့် ပြည်သူအများ လေ့လာသိရှိနိုင်ဖို့ ဖြစ်ပါတယ်။ အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးမှု၊ Royal Philips ကော်ပိုရေးရှင်းက ငွေကြေးပံ့ပိုးမှုတို့နဲ့အတူ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ပထမဆုံးသော အပြာရောင်ကမ္ပည်းပြားကို ရန်ကုန်မြို့တော်ခန်းမမှာ တပ်ဆင်ခဲ့ပါတယ်။ ယခုအချိန်အထိ နေရာပေါင်း ၁၆ နေရာ ကမ္ပည်းပြားပေါင်း ၁၇ ခု တပ်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီကနေ့ တပ်ဆင်တဲ့ကမ္ပည်းကတော့ ၁၈ ခုမြောက် တပ်ဆင်ခြင်းဖြစ်ပါတယ်"ဟုရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်က အဆိုပါ အခမ်းအနားတွင် ပြောသည်။

ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ယင်းအဆောက်အအုံကို မူလက အိန္ဒိယရီဇတ်ဖ်ဘဏ်အဖြစ် အသုံးပြုရန် ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၉၃၉ ခုနှစ် မတ်လတွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ရီဇတ်ဖ်ဘဏ် မတည်ဆောက်မီက အဆိုပါမြေနေရာတွင် ရီကော်ဒါတရားရုံး တည်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယရီဇတ်ဖ်ဘဏ်ကို ၁၉၃၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ အိန္ဒိယမှခွဲထွက်သည့် ၁၉၃၇တွင် ရန်ကုန်ဘဏ်ခွဲကို ဖွင့်လှစ်ခဲ့ကြောင်း၊ ဂျပန်ခေတ်သို့ရောက်သောအခါ ယင်းအဆောက်အအုံကို ဗမာနိုင်ငံတော်ဘဏ် (People's Bank of Burma) အဖြစ် အသုံးပြုခဲ့ပြီး ဂျပန်ခေတ်ငွေစက္ကူများ ထုတ်ဝေခဲ့ကြောင်း သိရသည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်တွင် အဆိုပါအဆောက်အအုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကို တည်ထောင်ခဲ့ပြီး ၁၉၅၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပထမဦးဆုံး မြန်မာကျပ်ငွေများကို ယင်းအဆောက်အအုံ၌ပင် ထုတ်ဝေခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရန်ကင်းမြို့နယ်သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ထို့နောက် အဆောက်အအုံကို မြဝတီဘဏ်က နှစ်အတန်ကြာ အသုံးပြုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းအဖြစ် ဖွင့်လှစ်အသုံးပြုခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မိုးသက်လေပြင်းတိုက်ခတ်၍ ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်လေးတိုင်ပျက်စီးပြိုလဲမှုအား ပြုပြင်ပြီးစီး

**နေပြည်တော် မေ ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများအနက်မှ မိုးသက်လေပြင်းတိုက်ခတ်သဖြင့် ဧပြီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၉၆၊ ၉၇၊ ၉၈၊ ၉၉)တာဝါတိုင်လေးတိုင်မှာ ကွေးကောက် ပျက်စီးပြိုလဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူး (လိုင်း) ဦးဆောင်သော ဝန်ထမ်းအင်အား ၁၄၀ ဖြင့် ပြိုလဲပျက်စီးသွားသော တာဝါတိုင်များ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍မေ ၈ ရက် ည ၁၁ နာရီ ၅၃ မိနစ်၌ ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ နှစ်ထပ်ဓာတ်အားလိုင်းကို ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ပို့လွှတ်ထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းစတင်ဆောင်ရွက်

**တောင်ကြီး မေ ၁၆**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ပြုစုခဲ့ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပူးပေါင်းပါဝင် ဆွေးနွေးအကြံပြုခဲ့ကြသူများအား အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှု တင်ပြခြင်းကို မေ ၁၆ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ (National Education Stategic Plan) အဓိကရည်မှန်းချက်ပန်းတိုင်မှာ ကျောင်းများနှင့် ပညာသင်ယူမှုဌာနအားလုံးမှာ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သော ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှုဖြစ်ထွန်းရေး၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ပေါ်ရေးတို့ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ကူညီပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်အား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်က ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လက်ခံရယူ၍ လည်းကောင်း၊ စီမံကိန်းစာအုပ်အား ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်အားပေးအပ်၍လည်းကောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအဖွဲ့ဝင် ဒေါ်သင်းသင်းခိုင်က ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အစည်းအဝေးတက်ရောက်ရန်ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မေ ၁၆**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ ယာယီတာဝန်ခံ Ms. Stephnie Alexis A.Cruz နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Ninoy Aquino လေဆိပ်သို့ရောက်ရှိရာ ဖိလစ်ပိုင်တပ်မတော်မှ Brigadier General Pedro A Sumayo ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ စစ်သံမှူး Colonel Vincete Mark P. Blanco III နှင့် ဖိလစ်ပိုင်တပ်မတော်မှ အရာရှိကြီးများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းနိုင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီးဝင်းမြတ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM) ကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များသည် သီးခြားစီတွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်

# ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**မုံရွာ မေ ၁၆**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို မေ ၁၆ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦး ရှိသည့်အနက် ၈၈ ဦး တက်ရောက်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းထံမှ သိရသည်။

ပထမနေ့ အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို မေးမြန်းရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီးများက ဖြေကြားရှင်းလင်းသည်။ ထို့နောက် ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးက ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှစ၍ တိုင်းဒေသကြီးအတွင်းရှိ အစိုးရဘဏ္ဍာငွေဖြင့် တည်ဆောက်မည့် အဆောက်အအုံများကို အုတ်ညှပ်အဆောက်အအုံများအစား Steel Structure ဖြင့် အစားထိုးသတ်မှတ်ခွင့်ပြုခြင်း၊ ထိုအဆောက်အအုံနှင့် RC အဆောက်အအုံများ၏ ပြတင်းပေါက်နှင့် တံခါးမကို သစ်အစား မှန်ဖြင့် Steel Aluminium ဖြင့် အစားထိုးသတ်မှတ်ပေးရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့် မသင့်ကို လွှတ်တော်က ဆုံးဖြတ်သည်။

ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းရာတွင် နန်းယွန်းမြို့နယ် ပန်ဆောင်မြို့ရှိ အထက်ရပ်နှင့် အလယ်ရပ်သည် နှစ်စဉ်နှစ်တိုင်း ရေမရရှိသည့်ပြဿနာမှာ ယနေ့တိုင် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ပန်ဆောင်မြို့ ရေရရှိရေးကို ဆောင်ရွက်ပေးရန် သိရှိလိုခြင်း၊ လေရှီးမြို့နယ် ဆွမ္မရာမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ မည်သို့ဆောင်ရွက်ပေးရန် သိရှိလိုခြင်း၊ ဖောင်းပြင်မြို့နယ် မိုင်းချောင်းရွာ၊ ပေါက်ကုန်းရွာ ၃ မိုင် ၄ ဖာလုံကို ကျောက်ရောမြေသားလမ်း ဖောက်လုပ်ပေးရန်အတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း၊ မင်းကင်းမြို့နယ် တောင်တွင်းဒေသရှိ ကုန်းမော်ကျေးရွာ၊ ပျားသုံးကျေးရွာ၊ တောင်စာရေးကျေးရွာ၊ ယင်းမာကျေးရွာ၊ ပိက္ခယားကျေးရွာနှင့် အင်းကျေးရွာများ၏ လူနေအိမ်ခြေများ၊ သာသနိကအဆောက်အအုံများ ကမ်းပြိုပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိကို သိရှိလိုခြင်း။

ရေဦး-ခင်ဦး လမ်းပေါ်ရှိ မိုင်တိုင်(၁၂/၀ မှ ၁/၅ ထိ) ၁၂ ပေကျယ် ကတ္တရာလမ်းကို ၁၈ ပေကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးခင်းပေးရန် ရှိ မရှိ သိရှိလိုခြင်း၊ လဟယ်တွင် လက်ရှိသုံးနေသော MPT(GSM) ဖုန်းလိုင်းကို 3G;4G အဆင့် အလျင်အမြန်အဆင့်မြှင့်တင်ပေးရန်နှင့် နာဂဒေသတစ်ခုလုံးလွှမ်းခြုံနိုင်သည့် ဆက်သွယ်ရေးကွန်ရက် MPT(GSM) တာဝါတိုင်များ တိုးချဲ့တည်ဆောက်ပေးရန် ရှိ မရှိ သိရှိလိုခြင်း၊ တိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်သားတံတားများဆောက်လုပ်ရန်အတွက် ချထားပေးသော ရန်ပုံငွေသည် လိုအပ်မှုပမာဏထက် များပြားနေမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း။

အင်းတော်-ဗန်းမောက် ကားလမ်း မိုင်တိုင်(၃၃/၇ မှ ၃၅/၃)အထိ ကတ္တရာလမ်းပိုင်းကို အရည်အသွေးစစ်ဆေးဆောင်ရွက်နိုင်ပါရန်နှင့် ပေါက်ပြဲပျက်စီးလာသည့် ကတ္တရာလမ်းပိုင်းကို မည်သို့ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း၊ ပင်လည်ဘူးမြို့နယ်တွင် သိန်းသောင်းကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော တံတားအမှတ် ၇/၄၆ ခွေးဟောင်းတံတား၏ အောက်ခြေတိုင်အနက် ၂၄ ပေ အုတ်မြစ် တိုင်ကို စစ်ဆေးပေးရန် ရှိ မရှိနှင့် ကျွန်းလှမြို့နယ် နောင်ကောက်၊ မော်ကယ်၊ လိပ်ဆင်းတောင်ရွာများအတွက် ရေကြီးရေလျှံတိုက်စား သဲထိုးနေမှုများမှ ကာကွယ်ရန်အတွက် သဘာဝဘေးဒဏ်ကျရောက် ခံစားမှုအရေးတကြီးဖြစ်စဉ်တစ်ခုအဖြစ် သတ်မှတ်ကာ အလျင်အမြန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိတို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပမည်

**နေပြည်တော် မေ ၁၆**

ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ရမည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ကို မကြာမီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နိုင်ငံတစ်ဝန်းမှာ ကျင်းပဖို့ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းက "အဆင့်သုံးဆင့်နဲ့ ယှဉ်ပြိုင်သွားမှာပါ။ မြို့ကြီး ၁၀ မြို့မှာ ကျင်းပဖို့ လျာထားပါတယ်။ တစ်မြို့နယ် သုံးဦးနှုန်း ကျန်မယ်၊ နောက် ဒိုင်တွေ ကြိုက်နှစ်သက်တဲ့သူ ငါးဦး စုစုပေါင်း ၃၅ ဦးကို ရွေးချယ်မယ်။ အဲဒီကမှ နောက်ဆုံး ၁၀ ဦး ကျန်မယ်။ ၁၀ ဦးမှာ ခုနစ်ဦးကတော့ နှစ်သိမ့်ဆုရပြီး ကျန်တဲ့သုံးဦးကတော့ ပထမ၊ ဒုတိယ၊ တတိယ ဖြစ်ပါတယ်" ဟု ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်ကို ပထမအဆင့်အနေဖြင့် ဇွန်လမှ ဩဂုတ်လအထိ ရက်သတ္တတစ်ပတ်လျှင် တစ်မြို့နှုန်းဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ စစ်တွေနှင့် ကလေး စသည့် မြို့ကြီး ၁၀ မြို့တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

ဒုတိယအဆင့် ယှဉ်ပြိုင်မှုတွင် အသံစစ်ဆေးအောင်မြင်သည့် တစ်မြို့လျှင် ပျမ်းမျှ သုံးဦးနှုန်းဖြင့် မြို့ကြီး ၁၀ မြို့မှ ၃၀ နှင့် အသံစစ်အဖွဲ့များက အထူးရွေးချယ်သူ ငါးဦး စုစုပေါင်း ၃၅ ဦးကို ယှဉ်ပြိုင်စေမည်ဖြစ်သည်။

နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုအနေဖြင့် ၁၀ ဦး သီဆိုနိုင်စေရန် နာမည်ကြီး တေးသီချင်းရေးသားသူများထံမှ တေးသီချင်းအသစ်များကို ရေးသားထားစေပြီး ငြိမ်းချမ်းရေးဂီတပွဲတော် Music Live Show ပွဲအဖြစ် နိုင်ငံကျော် အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ နောက်ဆုံးအဆင့် စာရင်းဝင်သုံးဦးမှ တစ်ဦးချင်း၊ စုံတွဲနှင့် အဖွဲ့လိုက်သီဆိုတင်ဆက်မှုများ၊ နောက်ဆုံးအဆင့် နှစ်ဦး၏ ယှဉ်ပြိုင်မှုများနှင့် ဆုချီးမြှင့်မှုများ ဆောင်ရွက်သွားမည်ဟု သိရသည်။

ဆုရပြိုင်ပွဲဝင်များအတွက် ဆုကြေးများကို ပထမဆု ငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း ၁၀၀၊ နှစ်သိမ့်ဆု တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆု ပေးအပ်မည်လျာထားကြောင်း သိရသည်။

နောက်ဆုံးဆုရွေးချယ်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအဆင့်ဆင့်ကျင်းပမှုများကို တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် အဆိုပြုနိုင်

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်နိုင်ပြီး အဆိုပြုလွှာပုံစံများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) [ Union Peace Conference – 21st Century Panglong (Second Session)] ဖေ့စ်ဘုတ်တွင် တင်ထားသည်။

ယင်းအဆိုပြုလွှာ ပုံစံတွင် ဖြည့်စွက်ပြီး အီးမေးလ်လိပ်စာ 21stcenturypanglong@gmail.com သို့ ပေးပို့လျှောက်ထားနိုင်သည်။

အဆိုပြုလွှာများကို မေ ၁၉ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် လေ့လာသူအဖြစ် တက်ရောက်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အဆိုပြုလွှာပုံစံနှင့်အတူ တင်ပေးထားသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်း

**နေပြည်တော် မေ ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈ / ၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)**
**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လေ ၁၇၈၁<br>ဗိုလ်မှူးချုပ် သန်းလွင် | အစား | ကြည်း ၁၈၀၀၄<br>ဗိုလ်မှူးချုပ် ကျော်စန်းလင်း |
| (၂) | ကြည်း ၂၃၁၅၈<br>ဗိုလ်မှူးကြီး မင်းသန်း | အစား | ကြည်း ၂၄၃၄၈<br>ဗိုလ်မှူး စံဝင်းခိုင် |
| (၃) | လေ ၂၁၂၇<br>ဗိုလ်မှူးကြီး မောင်မောင်ဦး | အစား | ကြည်း ၁၈၆၄၅<br>ဗိုလ်မှူးချုပ် နိုင်ဝင်း |
| (၄) | ကြည်း ၂၇၉၇၈<br>ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း | အစား | ကြည်း ၂၆၂၀၄<br>ဗိုလ်မှူး ရဲထွန်း |
| (၅) | ကြည်း ၃၀၃၇၁<br>ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင် | အစား | ကြည်း ၂၀၃၁၃<br>ဗိုလ်မှူး သန်းဝင်း |
| (၆) | ကြည်း ၃၁၂၂၅<br>ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း | အစား | ကြည်း ၂၅၂၃၃<br>ဗိုလ်မှူး ထင်ဇော်လွင် |
| (၇) | ကြည်း ၂၉၇၇၂<br>ဗိုလ်မှူး တင်အောင်ဝင်း | အစား | ကြည်း ၂၀၆၈၃<br>ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး |
| (၈) | ကြည်း ၃၀၅၃၉<br>ဗိုလ်မှူး မြတ်သိန်း | အစား | အင်န် ၈၂၇<br>ဗိုလ်ကြီး ဒေါ်တင်မာဆွေ |
| (၉) | ကြည်း ၃၃၂၆၁<br>ဗိုလ်မှူး ဟန်စိုးထွဋ် | အစား | အင်န် ၉၂၅<br>ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ် |
| (၁၀) | လေ ၂၄၆၄<br>ဗိုလ်မှူး ရဲမြင့်လွင် | အစား | ကြည်း ၂၁၄၂၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် |
| (၁၁) | လေ ၂၅၉၉<br>ဗိုလ်မှူး စိုးမင်းအေး | အစား | ကြည်း ၂၀၇၇၁<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့် |
| (၁၂) | လေ ၂၆၀၉<br>ဗိုလ်မှူး ကျော်လင်း | အစား | ကြည်း ၂၁၁၃၅<br>ဒုတိယဗိုလ်မှူးကြီး သောင်းစိန် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉/ ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက် )**
**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈ . ၁ . ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၂ / ၂၀၁၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၀၃၃၁<br>ဗိုလ်မှူးချုပ် သက်ထွန်းအောင် | အစား | ကြည်း ၂၁၈၆၈<br>ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် |
| ( ၂ ) | ကြည်း ၃၁၃၁၄<br>ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် | အစား | ကြည်း ၂၁၉၃၄<br>ဗိုလ်မှူးကြီး အောင်ကျော်မိုး |
| ( ၃ ) | ကြည်း ၃၀၅၆၆<br>ဗိုလ်မှူး နေမျိုးကျော် | အစား | ကြည်း ၁၈၀၇၈<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း |
| ( ၄ ) | ကြည်း ၃၀၂၇၄<br>ဗိုလ်မှူး မောင်မောင်ငြိမ်း | အစား | ကြည်း ၁၉၄၀၄<br>ဗိုလ်မှူးချုပ် တင်ဆွေ |
| ( ၅ ) | ကြည်း ၂၉၂၀၉<br>ဗိုလ်မှူး ကျော်နိုင်ဌေး | အစား | ကြည်း ၂၈၄၈၈<br>ဗိုလ်ကြီး ထွန်းထွန်းဌေး |
| ( ၆ ) | ကြည်း ၃၂၄၇၅<br>ဗိုလ်မှူး ဇော်လင်းအောင် | အစား | ကြည်း ၂၆၈၇၆<br>ဗိုလ်မှူး ရဲအောင်စော |
| ( ၇ ) | ကြည်း ၃၃၅၀၉<br>ဗိုလ်မှူး ရဲဝင့်စိုး | အစား | အင်န် ၉၂၈<br>ဗိုလ်ကြီး ဒေါ်သဇင်လှိုင် |
| ( ၈ ) | ကြည်း ၃၃၅၁၀<br>ဗိုလ်မှူး ရဲမင်းထွေး | အစား | ကြည်း ၁၉၀၂၇<br>ဗိုလ်မှူးကြီး ကောင်းကျော် |
| ( ၉ ) | ကြည်း ၃၃၅၁၈<br>ဗိုလ်မှူး မျိုးမောင်သိန်း | အစား | အင်န် ၈၅၀<br>ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်း |
| (၁၀) | ရေ ၄၁၄၆<br>ဗိုလ်မှူး အောင်ဖြိုးကျော် | အစား | ရေ ၃၇၇၉<br>ဒုတိယဗိုလ်မှူးကြီး စိုးနိုင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ မေ လ ၁၆ ရက် )**
**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) နှင့် ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၆၉၁၄<br>ဗိုလ်မှူး ဝင်းမျိုးအောင် | (အစား) | ကြည်း ၂၈၆၅၆<br>ဗိုလ်ကြီး ရန်နောင်မြင့် |

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၂၂၅၈၂<br>ဗိုလ်မှူးကြီး ဇော်မျိုးတင် | (အစား) | ကြည်း ၂၈၅၇၀<br>ဗိုလ်ကြီး ရွှေတိုး |

**ကရင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၀၇၄၅<br>ဗိုလ်ကြီး/ဗိုလ်မှူး ဦးကျော်အေး | (အစား) | ကြည်း ၂၇၃၈၄<br>ဗိုလ်ကြီး အောင်မြင့်ထွန်း |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၅၁၇၄<br>ဗိုလ်မှူး စောစိန်ကျော် | (အစား) | ကြည်း ၂၄၉၃၅<br>ဗိုလ်မှူး မျိုးဟိန်း |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၃၂၅၇၁<br>ဗိုလ်မှူး မြင့်နိုင် | (အစား) | ကြည်း ၂၈၅၇၆<br>ဗိုလ်ကြီး ထွန်းမြင့်လတ် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၉၅၁၈<br>ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင် | (အစား) | ကြည်း ၂၈၀၀၇<br>ဗိုလ်ကြီး တိုးအောင်မြင့် |
| (၇) | ကြည်း ၃၁၁၆၆<br>ဒုတိယဗိုလ်မှူးကြီး အောင်စည်မျိုး | (အစား) | ကြည်း ၂၉၀၃၇<br>ဗိုလ်ကြီး စိုးနိုင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ရေ ၄၀၆၂<br>ဗိုလ်မှူး ကောင်းမြတ်စိုး | (အစား) | ကြည်း ၂၈၆၉၈<br>ဗိုလ်ကြီး သိန်းဆွေမြင့် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၉) | ရေ ၄၀၁၂<br>ဒုတိယဗိုလ်မှူးကြီး သန်းနိုင် | (အစား) | ကြည်း ၃၀၆၈၁<br>ဗိုလ်ကြီး ရဲအောင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁၀) | ကြည်း ၂၉၆၉၉<br>ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင် | (အစား) | ကြည်း ၁၉၀၃၅<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို |
| (၁၁) | ကြည်း ၃၀၅၄၅<br>ဒုတိယဗိုလ်မှူးကြီး ညီညီတင် | (အစား) | ကြည်း ၂၃၈၁၄<br>ဒုတိယဗိုလ်မှူးကြီး ကျော်သူရ |
| (၁၂) | အင်န် ၅၆၄<br>ဗိုလ်မှူး ဒေါ်နှင်းယုကျော် | (အစား) | ကြည်း ၂၃၈၂၀<br>ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် |

**အမိန့်အရ**

**(တင်ထွန်း )**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ပံ့ပိုးကူညီမှုဖြင့် အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

**ဂွ မေ ၁၆**

၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် ညနေ ၄ နာရီက မြို့မဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဖွင့်ပွဲသို့တက်ရောက်လာသော အသင်းသားများအား အားပေးစကား ပြောကြားသည်။ ပြိုင်ပွဲတွင် အသင်း ၁၄ အသင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ကွင်းဖွင့်ပွဲတွင် ဇီးကုန်းအသင်းနှင့် မြို့မ(၁)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့ပြင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း မေ ၁၅ ရက်တွင် မြို့မဘောလုံးကွင်း၌ပင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ကျောင်းသားများ နွေရာသီကျောင်းပိတ်ရက် စိုက်ပျိုးရေးအသိပညာရရှိရန် ဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းရှိ ကျောင်းသားများ နွေရာသီကျောင်းပိတ်ရက်တွင် စိုက်ပျိုးရေးအသိပညာများရရှိရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ယနေ့မျက်မှောက်ခေတ်တွင် လယ်ယာလုပ်သားရှားပါးမှုကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ဆန်စပါးမှအစပြု၍ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးနည်းပညာများကို သိရှိနားလည်ထားရန်လိုအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများနှင့် သီးနှံအထွက်တိုးရေးအတွက် လိုအပ်ချက်များအကြောင်းကို ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းဇော်က ဆွေးနွေးပို့ချရာ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းမှ ဆွေးနွေးပွဲတက်ရောက်သည့် ကျောင်းသားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ထပ်ဆင့်ရှင်းလင်းဖြေကြားကြသည်။

ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့်မူကြိုအဆင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားစုစုပေါင်း ၈၀ ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မောင်တောခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေး ငွေကျပ်သန်းပေါင်း ၉၄၀ လျာထားသုံးစွဲမည်

**မောင်တော မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင်းရှိ မြို့/ကျေးရွာတွင်းပြည်သူများ လျှပ်စစ်မီးသုံးစွဲမှုအဆင်ပြေစေရန်နှင့် တိုးတက်ကောင်းမွန်ရေး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၉၄၀ လျာထားသုံးစွဲသွားမည် ဖြစ်ကြောင်း မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။



ဦးသန့်ဇင်ထွန်း
(အင်ဂျင်နီယာမှူး)

“အခုတော့ မောင်တောမြို့ကို ဒီဇယ်ဓာတ်အားပေးစက်တွေနဲ့ ပြည်သူတွေ မီးသုံးစွဲမှုအဆင်ပြေအောင် ဖြန့်ဖြူးပေးနေပါတယ်။ မီးစက်တွေအတွက် ဒီဇယ်ဆီကိုတော့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့က ထောက်ပံ့တာပါ။ လက်ရှိမှာတော့ မောင်တောမြို့ပေါ် ရပ်ကွက်အားလုံးနီးပါးကို လျှပ်စစ်လွှမ်းခြုံဖြန့်ဖြူးပေးနိုင်ပေမယ့် ၂၄ နာရီပတ်လုံးတော့ မီးပေးနိုင်မှုမရှိသေးပါဘူး။ အရင်ပုံမှန်ဆို တစ်နေ့ကို ငါးနာရီပေးခဲ့ပေမယ့် မနှစ်က အောက်တိုဘာအခင်းဖြစ်ပွားပြီးနောက်ပိုင်း နံနက် ၄ နာရီအထိ ကိုးနာရီကြာ ပြည်သူတွေအတွက် အချိန်တိုးမြှင့်ပေးခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ၂၄ နာရီ ဓာတ်အားပေးစနစ်ပေးနိုင်အောင် အကောင်အထည်ဖော်နေပါပြီ။ လမ်းအူကြောင်းပိုင်းဆိုင်ရာလျာထားချက်တောင် ပြီးနေပြီလို့သိရပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ဓာတ်အားစနစ်ဝင်လာရင် အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ဓာတ်အားအလွယ်တကူဖြန့်ဖြူးပေးနိုင်ဖို့ နှစ်စဉ်ဘတ်ဂျက်ရရှိမှုပေါ်မူတည်ပြီး လုပ်ငန်းတွေကိုတိုးချဲ့လုပ်နေပါတယ်။ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာဆိုလည်း လျှပ်စစ်ဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ဖို့ ငွေကျပ်သန်း ၉၄၀ လျာထားဆောင်ရွက်သွားမှာပါ”ဟု မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

မောင်တောမြို့ပေါ်နေ ပြည်သူများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ယခုလတ်တလောညနေ ၆ နာရီခွဲမှ နံနက် ၄ နာရီအထိ ကိုးနာရီကျော်ကြာ ၁၀၀၀ ကေဗွီအေနှင့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးလျက်ရှိသည်။ ယခင်နှစ်အောက်တိုဘာမတိုင်ခင်က ညနေ ၆နာရီခွဲမှ ည ၁၁နာရီခွဲအထိ ငါးနာရီကြာ ပေးခဲ့သော်လည်း ယခုအခါ ပြည်သူများ လျှပ်စစ်မီးပိုမိုသုံးစွဲနိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က စက်သုံးဆီများကို ကူညီထောက်ပံ့ပေးထားခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရက စက်သုံးဆီဂါလန် ၆၉၃၀၀၊ ပြည်နယ်အစိုးရက စက်သုံးဆီ ၆၄၇၃ ဒသမ ၃၈ ဂါလန် စုစုပေါင်း ၇၅၇၇၃ ဒသမ ၃၈



မောင်တောမြို့လတ်တလော ညဘက်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားမှုမြင်ကွင်း

ဂါလန် ကူညီထောက်ပံ့ထားပြီး အဆိုပါဆီများဖြင့် ယခုအခါ နေ့စဉ်ကိုးနာရီကျော်ကြာ လျှပ်စစ်မီးပေးလျက်ရှိပြီး အဆိုပါဆီဖြင့် ယခုနှစ် စက်တင်ဘာလကုန်အထိ ပြည်သူများအား လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မောင်တော မြို့ပေါ်အတွင်း ထရန်စဖော်မာ ကိုးလုံး၊ မီတာ ၁၈၂၃ လုံးရှိပြီး မြို့ပေါ်ရပ်ကွက်အားလုံး လွှမ်းခြုံနိုင်သော်လည်း မီးသုံးစွဲသူဦးရေမှာတော့ မီးအားနိုင်နင်းမှုပေါ် မူတည်၍ ကန့်သတ်ထားပြီး မီတာထပ်တိုးပေးနိုင်သော အနေအထားမျိုးမရှိသေးဘဲ များမကြာမီ နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုင်းစနစ် အကောင်အထည်ဖော်ပြီးမှသာ အပြည့်အဝပေးနိုင်မည့် အခြေအနေဖြစ်သည်။ မောင်တောမြို့ပေါ်တွင် နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုင်းစနစ် ပြီးဆုံးပါက အဆင်သင့်ဖြန့်ဖြူးပေးနိုင်ရန် နှစ်စဉ်ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ ၁၁ ကေဗွီဓာတ် အားလိုင်းကြိုးများ သွယ်တန်းခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ABC Insulate Cable ကြိုးများ အစားထိုးလဲလှယ်သွယ်တန်းခြင်း၊ ထရန်စဖော်မာအသစ်များထိုင်ခြင်း စသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် အဆင့်မြှင့်တင်လျက်ရှိသည်။

“အခုပြည်သူတွေကို ဖြန့်ဖြူးပေးနေတဲ့ မီးစက်တွေကတော့ လက်ရှိကြံ့ခိုင်မှု မကောင်းတဲ့အတွက် ပြည်ထောင်စုအစိုးရဆီကို တိုက်ရိုက်ရန်ပုံငွေတောင်းခံပြီးတော့ ၅၀၀ ကေဗွီအေစက်တစ်လုံး ပြင်ထားပါတယ်။ ပြင်တဲ့ထဲမှာ ဘူးသီးတောင်က စက်နှစ်လုံးလည်းပါပါတယ်။ အခုလည်း ဒီမောင်တောမှာရှိတဲ့ ၁၀၀၀ ကေဗွီအေစက်ကိုအကြီးစားပြင်ဆင်မှု လုပ်ဖို့အတွက် စတင်ဆောင်ရွက်နေပါပြီ။ ပြင်ဆင်စရိတ်ကိုတော့ ပြည်နယ်အစိုးရက ကျခံသုံးစွဲပေးမှာပါ။ စက်ကြီးပြုပြင်နေတဲ့အချိန်မှာ ၃၀၀ ကေဗွီအေ အရန်စက်နဲ့အစားထိုးမှာဆိုတော့ လတ်တလော ၁၄ ရက်လောက်တော့ ဓာတ်အား အလုံ့ကျပေးရတဲ့ အနေအထားလေးရှိပါတယ်။ ဒါကိုလည်း ပြည်သူတွေကို အသိပေးထားပါတယ်။ စက်ကြီးပြင်ပြီးရင်တော့ ပုံမှန်ပြန်ဖြစ်သွားမှာပါ”ဟု အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက လက်ရှိ မောင်တောမြို့ပေါ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုနှင့်ပတ်သက်၍ ထပ်မံရှင်းပြသည်။

ယခုအခါ နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုင်းဖြင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင်မှတစ်ဆင့် ဘူးသီးတောင်နှင့် မောင်တောဒေသတို့ကို ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ခွဲရုံများ တည်ဆောက်ကာ ဒေသနေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ရေးအကောင်အထည်ဖော်လျက်ရှိရာ လမ်းအူကြောင်း ရှာဖွေတိုင်းတာမှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ကာ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



မောင်တောမြို့ပေါ်တွင် ညဘက်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုကို တွေ့ရစဉ်

❀ ***ကျောက်ဖြူမှ***

အနေနဲ့ကတော့ ပြီးခဲ့တဲ့ ဧပြီရော အခု မေလထဲမှာပါ ကုန်သွယ်မှုကောင်းပါတယ်။ ခုချိန်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပို့ကုန်အများကြီးပို့နိုင်တယ်။ ပို့ကုန်အနေနဲ့ ရေထွက်ကဏ္ဍရော လယ်ယာထွက်ကုန်ကဏ္ဍပါ ဒီဘက်အနေနဲ့ ပုံမှန်အတိုင်းပါပဲ။ ပြောင်းလဲမှုတော့ သိပ်မရှိပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ ကုန်သွယ်မှုအနည်းငယ်ကျသွားပေမယ့် အခု ၂၀၁၇ ခုနှစ် ဇန်နဝါရီကစပြီး လက်ရှိအခြေအနေထိ ပုံမှန်ပြန်ဖြစ်လာပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကတော့ ယခင်နှစ် အခင်းဖြစ်ပြီး အောက်တိုဘာကတည်းက သွင်းကုန်အနေနဲ့ မလာတော့ဘူး။ အရင်ကလည်း ဒေသအသုံးအဆောင်နဲ့ စားသောက်ကုန်အနည်းငယ်ပဲသူတို့ဆီကနေ တင်ပို့တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ သွင်းကုန်ကို ပိတ်ထားတာတော့မရှိပါဘူး။ ကုန်သည်ချင်းချိတ်ဆက်ပြီး နှစ်ဖက်စလုံးကို တရားဝင်လမ်းကြောင်းအတိုင်း ခွင့်ပြုထားပါတယ်။ ကုန်သွယ်မှုအပိုင်းမှာ ဒီဘက်အနေနဲ့ ကန့်သတ်ပေးထားတာမရှိပါဘူး”ဟု မောင်တောကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးထွန်းကျော် (ဦးစီးအရာရှိ)က ပြောသည်။

မောင်တော ကုန်သွယ်ရေးစခန်းအနေဖြင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဧပြီလတွင် လျာထားချက် အမေရိကန်ဒေါ်လာသန်း ၀ ဒသမ ၅၀၀၊ သွင်းကုန် ၀ ဒသမ ၁၀၀ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်သန်း ၀ ဒသမ ၆၀၀ လျာထားဆောင်ရွက်ခဲ့သော်လည်း အမှန်တကယ်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် ၀ ဒသမ ၄၆၃၊ သွင်းကုန်အနေဖြင့် ၀ ဒသမ ၀၀၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ဒေါ်လာသန်းပေါင်း ၀ ဒသမ ၄၆၈ ရရှိခဲ့သည်။ ယခုနှစ် ဧပြီလလျာထားချက်မှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၀ ဒသမ ၁၅၀၊ သွင်းကုန် ၀ ဒသမ ၀၁၀ ကုန်သွယ်မှုစုစုပေါင်း ၀ ဒသမ ၁၈၀ လျာထားဆောင်ရွက်လျက်ရှိသော်လည်း ပို့ကုန်မှာ ဒေါ်လာ ၀ ဒသမ ၆၇၄သန်းရှိ၍ ယခင်နှစ် ဧပြီလနှင့် နှိုင်းယှဉ်လျှင် သွင်းကုန်ကဏ္ဍ၌ ဒေါ်လာ ၀ ဒသမ ၀၀၅ သန်း လျော့နည်းသွားသော်လည်း ပို့ကုန်ပိုင်းတွင် ဒေါ်လာ ၀ ဒသမ ၂၁၁ သန်းတိုးလာသဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၀ ဒသမ ၂၀၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မောင်တောနယ်စပ် နှစ်နိုင်ငံကုန်သွယ်ရေးစခန်းနှင့် ပတ်သက်၍ မောင်တော နယ်စပ်ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်း



မောင်တောကုန်သွယ်ရေးစခန်းတာဝန်ခံ
ဦးထွန်းကျော်(ဦးစီးအရာရှိ)

က “လက်ရှိ ကျွန်တော်တို့ အသင်းအနေနဲ့ကတော့ ကုန်သည်တွေ အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးပါတယ်။ လတ်တလောဒီဘက်အနေနဲ့ကတော့ အခက်အခဲမရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်။ ခုနောက်ပိုင်းတော့ အရင်အရေးအခင်းဖြစ်တုန်းကာလနဲ့မတူပါဘူး။ ပုံမှန်ပြန်ဖြစ်လာပါပြီ။ အခုတော့ တစ်ဖက်နဲ့တစ်ဖက် အရင်လို ကူးလူးသွားလာမှုတော့ မရှိသေးဘူး။ ဒီဘက်ကကုန်သည်တွေပဲ ပို့ကုန်တွေနဲ့အတူ သွားနေကြတာ။ ဟိုနိုင်ငံဘက်က သွင်းကုန်အနေနဲ့ကသိပ်လည်းမရှိသလို ခုဆိုရင် လုံးဝကို သွင်းကုန်အနေနဲ့ မလာဘူး။ ဒီစခန်းမှာက အရင်က ကုန်သည်တွေများပေမယ့် ခုနောက်ပိုင်းတော့ ကုန်သည် ၃၀၊ ၄၀ လောက်ပဲရှိတော့တယ်။ ဒီထဲမှာလည်း သုံး၊ လေးဦးပဲ အဓိကပို့ကုန်အဖြစ် ပို့နေကြတာ။ ဟိုဘက်က ခုချိန်ထိ ဘာပစ္စည်းမှ မဝင်ဘူး။ အရင်ကတော့ ရေတုန်ကင်၊ ဒန်အိုး၊ ဒန်ခွက်နဲ့ မုန့်အနည်းငယ်လောက်တော့ဝင်တယ်။ အခင်းဖြစ်ပြီးနောက်ပိုင်းတော့ အဲ့ဒါတွေပါ ဒီဘက်ကို လုံးဝမဝင်တော့တာ”ဟု ပြောသည်။

မြန်မာနိုင်ငံ အနောက်ဖျား မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်သည် မောင်တောချောင်းမှတစ်ဆင့် နတ်မြစ်လမ်းကြောင်းတိုင်း စက်လှေဖြင့်သွားလျှင် ၄၅ မိနစ်၊ တစ်နာရီဝန်းကျင်ခန့်သာ အချိန်ကြာမြင့်၍ ယခုအခါ အဆိုပါလမ်းကြောင်း၌ မြန်မာနိုင်ငံဘက်မှ ပို့ကုန်များအဖြစ် ငါးခေါင်းပွ၊ ငါးခြောက်၊ ရေချန်ပုစွန်၊ ငါးသလောက်၊ ဝါး၊ ပဲမျိုးစုံစသည်ဖြင့် ကဏ္ဍစုံမှ တင်ပို့လျက်ရှိပြီး လတ်တလောတစ်ဖက်မှ သွင်းကုန်များမှာ အခြေအနေအရ ယနေ့တိုင် စီးဝင်လာခြင်းမရှိသေးပေ။ အဆိုပါနယ်စပ်ဂိတ်မှ ယခင်ကဆိုလျှင် သွင်းကုန်၊ ထုတ်ကုန်များအပြင် တစ်ဖက်နှင့်တစ်ဖက် ကူးလူးသွားလာနိုင်သော နေ့ချင်းပြန်ပတ်စ်ပို့နှင့် ခုနစ်ရက်ပတ်စ်ပို့တို့ကို ထုတ်ပေးထားသော်လည်း ယခုအခါ ကုန်သွယ်စီးဆင်းမှုအရသာ ကူးလူးသွားလာမှုများရှိနေသေးကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

## အင်မိုင်ခအမျိုးသားအိပ်ဆောင် အဆောက်အအုံသစ်ဖွင့်လှစ်

**မြစ်ကြီးနား မေ ၁၆**

မြစ်ကြီးနားပညာရေးကောလိပ်၌ သင်တန်းသား အိပ်ဆောင်သစ် လိုအပ်ချက်ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၉၃၉၈၀၀၀၀ ဖြင့် ဆောက်လုပ်ပြီးစီးသည့် အိပ်ခန်း ၅၄ခန်းပါ သင်တန်းသား ၁၀၀ နေထိုင်နိုင်သော အင်မိုင်ခဆောင်သုံးထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အဆိုပါအဆောင်သစ်၌ မြစ်ကြီးနားပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများက အေရိုးဗစ်အက၊ ကဗျာလွတ်အကနှင့် တိုင်းရင်းသားပေါင်းစုံအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး အဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကော့ဘူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အဆောက်သစ်အတွင်း သင်တန်းသားများ၏ အိပ်ခန်းဆောင်များ ပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# ဒေါ်နယ်ထရန့်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ဆွေးနွေးခဲ့သည်ဟုဆိုခြင်းမှာ သတင်းမှားသာဖြစ်ကြောင်း အမျိုးသားလုံခြုံရေးအကြံပေးပြောကြား





**ဝါရှင်တန် ဒီစီ မေ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အိုင်အက်စ်အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးနှင့် ပတ်သက်ပြီး အရေးကြီးသည့် သတင်းအချက်အလက်များကို ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဖွင့်ဟဆွေးနွေးခဲ့သည်ဟု ထင်ရကြောင်း အမေရိကန်အရာရှိ နှစ်ဦးက မကြာသေးမီကပြောကြားခဲ့မှုသည် အိမ်ဖြူတော်အား ဂယက်ရိုက်စေခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် ရုရှားသံအမတ်ကြီး ဆာဂျီကစ်ဆရက်ခ်တို့ပါဝင်သော အဖွဲ့သည် စစ်သွေးကြွများကို တိုက်ခိုက်နေသော အမေရိကန်မဟာမိတ်များပေးပို့သည့် အိုင်အက်စ်တို့နှင့်ပတ်သက်သော ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကို ဆွေးနွေးခဲ့သည်ဟု ထင်ရကြောင်း အဆိုပါအရာရှိများက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ညထွက်ရှိလာသော သတင်းဖော်ပြမှုများသည် မှန်ကန်မှုမရှိကြောင်း ထရန့်အမျိုးသားလုံခြုံရေးအကြံပေး မက်စ်မာစတာက အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောခဲ့သည်။

ထို့ပြင် ဝါရှင်တန်ပို့စ်က ကနဦးဖော်ပြခဲ့သော သတင်းဖော်ပြချက်များသည် မမှန်ကန်ကြောင်း အိမ်ဖြူတော်က ကြေညာခဲ့သည်။ ခေါင်းဆောင်များသည် ခြိမ်းခြောက်မှုများနှင့် လေကြောင်းဆိုင်ရာအချက်များကိုသာ ဆွေးနွေးခဲ့ကြောင်း၊ ထောက်လှမ်းရေးဆိုင်ရာသတင်းအချက်အလက်များကို ဆွေးနွေးချိန်မရကြောင်း၊ မည်သည့် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးကိုမှ သမ္မတကြီးအနေဖြင့် ဆွေးနွေးခြင်းမရှိခဲ့ကြောင်း၊ ဆွေးနွေးချိန်၌ မိမိလည်း အခန်းထဲ၌ရှိကြောင်း ထရန့်အမျိုးသားလုံခြုံရေးအကြံပေး မက်စ်မာစတာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ထရန့်နှင့် ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ဆွေးနွေးခဲ့သည်ဆိုခြင်းမှာ သတင်းမှားသာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## တာလီဘန်တို့၏တိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံး

**အဆာဒါဘတ် (ပါကစ္စတန်) မေ ၁၆**

မေ ၁၆ ရက်က တာလီဘန်များသည် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မှ ကီလိုမီတာ ၁၀၀ အကွာရှိ ကူနားပြည်နယ်မြို့တော် အဆာဒါဘတ်၌ ဒုံးကျည်များဖြင့်တိုက်ခိုက်ခဲ့ရာ အရပ်သား အနည်းဆုံးနှစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲချုပ် ဂျူမာဂူလ်ဟဲမတ်က ပြောခဲ့သည်။

တာလီဘန်များသည် ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က အဆာဒါဘတ်မြို့ကို ဒုံးကျည်နှင့်ပစ်ခတ်ခဲ့ရာ အရပ်သားနှစ်ဦး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲချုပ်က သတင်းထောက်များကို ပြောခဲ့သည်။ တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ ကူနားပြည်နယ် ဆက်သွယ်ရေးဌာနအပါအဝင် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။ ကူနားပြည်နယ်သည် ပါကစ္စတန်နယ်စပ်တစ်ခုဖြစ်ကာ လွန်ခဲ့သော ရက်များကလည်း တာလီဘန်တို့က အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ရေဒါမှပျောက်ဆုံးသွားသည့် လေယာဉ်၏ အစိတ်အပိုင်းတစ်ခုဟု ယူဆရသည့် အပိုင်းအစ တွေ့ရှိ

**တိုကျို မေ ၁၆**


ဂျပန်နိုင်ငံ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ယမန်နေ့က ပျောက်ဆုံး လျက်ရှိသည့် အယ်လ်အာရ်-၂ ကင်းထောက်လေယာဉ်၏ အစိတ်အပိုင်းအဖြစ်ယူဆရသည့် အပိုင်းအစတစ်ခုကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက မေ ၁၆ ရက်က ဖော်ပြခဲ့သည်။

ဟော့ကိုင်ဒိုမြို့အနီး တောင်ထူထပ်သောနေရာတွင် လေယာဉ်အပျက်အစီးအပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းနေရာသည် ရေဒါမှ လေယာဉ်ပျောက်ကွယ်သွားသောနေရာဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျဖွယ်ရှိသည့် အဆိုပါနေရာအနီးတစ်ဝိုက်၌ ရဲတပ်ဖွဲ့၊ မီးသတ်နှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အပူတပြင်းရှာဖွေရေး အစီအစဉ်များ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်များသည်လည်း ဟော့ကိုင်ဒိုမြို့ ဟာကာမာဂိုရှိ တောင်တန်းပေါ်ရှိ လေယာဉ်ပျောက်ဆုံးသွားသည့် နေရာ၌ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **(ဆင်ဟွာ)**

## ကမ္ဘာလုံးဆိုင်ရာ ကွန်ပျူတာဖောက်ထွင်းခံရမှုတွင် မြောက်ကိုရီးယားဟက်ကာသမားများပါဝင်နိုင်



**ဟနွိုင်း မေ ၁၆**

ဗီယက်နမ်နိုင်ငံ၌ ဆိုက်ဘာတိုက်ခိုက်ခံရခြင်းမှ ကြိုတင်ကာကွယ်ထားကြရန် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ် ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့က ပြောခဲ့သည်။ နိုင်ငံအတွင်းရှိ ဗဟိုအစိုးရ၊ ဝန်ကြီးအဆင့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ခေါင်းဆောင်များအနေဖြင့် "ဝိုချင်လား"အမည်ရှိ ဗိုင်းရပ်စ် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ထားရန်နှင့် ပျံ့နှံ့မှုမရှိစေရေးအတွက် တိုက်တွန်းထားခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း အွန်လိုင်းသတင်းစာတစ်စောင်တွင် မေ ၁၆ ရက်ကဖော်ပြ ခဲ့သည်။

အဆိုပါဗိုင်းရပ်စ်မှာ အလွန်အန္တရာယ်ရှိသော ဗိုင်းရပ်စ်ဖြစ်ကြောင်း၊ ဆာဗာစနစ်တစ်ခုလုံးရှိ သတင်းအချက်အလက်များကို ခိုးယူနိုင်ကြောင်း၊ ကွန်ပျူတာစနစ်အားနည်းချက်များအလိုက် ကွန်ပျူတာဖောက်ထွင်း ဝိဇ္ဇာများက တိုက်ခိုက်နိုင်သလို ဆုံးရှုံးမှုအကျိုးဆက်မှာလည်း ကြီးမားနိုင်ကြောင်း သိရသည်။

ကွန်ပျူတာစနစ်အား နီးကပ်စွာစောင့်ကြည့်ပြီး ဖားယားဝဲများဖြင့် ဆာဗာများနှင့် ခေတ်မီကာကွယ်ရေးစနစ်များကို ချိတ်ဆက်ကာ "ဝိုချင်လား" အမည်ရှိ ဗိုင်းရပ်စ်ကို ကာကွယ်ထား ကြရန် သတိပေးခဲ့သည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ ကွန်ပျူတာ ဖောက်ထွင်းခံရမှုတွင် မြောက်ကိုရီးယား ဟက်ကာသမားများ ပါဝင်နိုင်ကြောင်း အမေရိကန်နှင့် ရုရှားတို့မှ ဆိုက်ဘာလုံခြုံရေး ကုမ္ပဏီများက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ)**

## မြောက်ကိုရီးယားန္ယူကလီးယားဒုံးကျည် ပိုမိုတိုးတက်မှုရှိလာကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ပြောကြား

**ဆိုးလ် မေ ၁၆**

မြောက်ကိုရီးယားန္ယူကလီးယားထိပ်ဖူးတပ်ဒုံးကျည်အစီအစဉ်မှာ မျှော်လင့်ထားသည်ထက် ပိုမိုတိုးတက်မှုရှိလာကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယား၏ အလုံးစုံသော န္ယူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များအားလုံးကို ရပ်တန့်ရန် တိုက်တွန်းပြောကြားခဲ့သလို လွန်ခဲ့သော တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုကိုလည်း ရှုတ်ချကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့နိုင်ငံများက ထီးတည်းဖယ်ထားသော မြောက်ကိုရီးယား နိုင်ငံအနေဖြင့် ၎င်း၏ န္ယူကလီးယားဒုံးကျည်စမ်းသပ်မှုကို ဖျက်သိမ်းရန် တိုက်တွန်းခံနေရချိန်တွင် လုံးဝ လက်မလျှော့သွားဘဲ န္ယူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များကို အမေရိကန်နိုင်ငံအထိ ပစ်လွှတ်နိုင်ရေး အဆင့်မြှင့်တင်လုပ်ဆောင်နေကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရအနေဖြင့်လည်း မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုကို ချက်ချင်းရပ်နားရန် တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဟန်မင်ကိုက မြောက်ကိုရီးယားတို့ လွန်ခဲ့သော တနင်္ဂနွေနေ့ကစမ်းသပ်ခဲ့သော ဒုံးကျည်စမ်းသပ်မှုမှာ အောင်မြင်မှုရှိခဲ့ကြောင်း ပြောခဲ့သည်။



မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုမှာ ခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်လာသလားဟု မေးခဲ့သည်ရှိသော် ၎င်းအနေဖြင့် ဟုတ်တယ်ဟုသာ ဖြေရမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဟန်မင်ကိုကပြောခဲ့သည်။

ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်တို့ ဝါရှင်တန်၌ လာမည့်လတွင် တွေ့ဆုံမည့်ကိစ္စသည် မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ဆွေးနွေးရမည့်ကိစ္စ တစ်ခုဖြစ်နိုင်ကြောင်း တောင်ကိုရီးယား အိမ်ပြာတော်က ပြောခဲ့သည်။ **(ရိုက်တာ)**

# ပင်လယ်ကမ်းခြေဒေသများရှိ ပြည်သူများ မုန်တိုင်းသဏ္ဍာန်တူလေ့ကျင့်ခန်းများဆောင်ရွက်ပြင်ဆင်

**ဖျာပုံ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် Action Aid Myanmar(Pyapon) ပူးပေါင်း၍ မိုးကြိုကာလအတွင်း ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအနက် မုန်တိုင်းအန္တရာယ် ရုတ်တရက်ကျရောက်လာပါက ဒေသခံပြည်သူများ စနစ်တကျတုံ့ပြန်ရင်ဆိုင်နိုင်ကြရန်အတွက် မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၁၅ ရက်က ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာ Cyclone Shelter ၌ ပြုလုပ်ရာ ဒေသခံပြည်သူ ၈၀၀ ကျော် စိတ်ပါဝင်စားစွာ ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း ရသည်။

"ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အဓိကက ကျွန်တော်တို့လူထုကို သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ပြီး အသိပညာပေးတဲ့အပိုင်းက အရေးကြီးဆုံးပါ။ အဲ့ဒီလိုသဘာဝဘေးအသိပညာပေးတဲ့အခါမှာ မုန်တိုင်းသတိပေးချက်အဆင့်အလိုက် စနစ်တကျ ပြန်လည်တုံ့ပြန်ရင်ဆိုင်နိုင်အောင် လက်တွေ့သဏ္ဍာန်တူလေ့ကျင့်ခန်းတွေလုပ်ပေးတာဖြစ်ပါတယ်။ ဒါမှလည်း မုန်တိုင်းအန္တရာယ် ရုတ်တရက်ကျရောက်လာခဲ့ရင် ဒေသခံတွေကိုယ်တိုင် စနစ်တကျ ပြန်လည်ခုခံနိုင်ပါလိမ့်မယ်။ ဒီဒေသတွင်းမှာ မုန်တိုင်းသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်တွေကို ဒေသခံပြည်သူတွေ ပူးပေါင်းဆောင်ရွက်ပုံက အားရစရာကောင်းပါတယ်" ဟု ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ပြောသည်။

"နာဂစ်တုန်းက သဘာဝဘေးနဲ့ပတ်သက်ပြီး ဘာအသိမှမရှိခဲ့လို့ ကြုံသလိုကာကွယ်ရင်း ဆုံးရှုံးမှုတွေများခဲ့တယ်။ အခုဒီ Shelter တွေပေါ်မှာ သဘာဝဘေးအသိပညာတွေသင်ပေးကြတယ်။ ဇာတ်တိုက်လေ့ကျင့်မှုတွေ လက်တွေ့လုပ်ဆောင်ထားရလို့ မတော်တဆ သဘာဝဘေးကြုံရင် အရင်ထက်စာရင် သက်သာနိုင်ပါတယ်" ဟု ဒေါ်ညိမ်းကျေးရွာမှ ဦးကျော်ဝင်းက ပြောသည်။

အဆိုပါ သဘာဝဘေးကြိုတင်ပြင်ဆင်ရေး မုန်တိုင်းသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်တွင် ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ရန်ကုန်မြို့တွင်း အရည်အသွေးမီမှန်လုံယာဉ် School Bus ကျောင်းကြိုပို့ယာဉ် ဖော်ဆောင်မည်

ရန်ကုန် မေ ၁၆

**ရန်ကုန်မြို့တွင်း ယခင်ပြေးဆွဲနေသော လိုက်ထရပ်ပစ်ကပ်ယာဉ်များအစား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းကြိုပို့ယာဉ်များ ဇွန်လ ၁ ရက်မှစတင်၍ ကိုရီးယားနိုင်ငံထုတ် School Bus အဲကွန်းပါ မှန်လုံယာဉ်ဖြင့် ပြောင်းလဲပြေးဆွဲရန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က မေ ၁၂ ရက်က တိုင်းလွှတ်တော်ကိုယ်စားလှယ် ၅၀ တက်ရောက်သော တိုင်းအစိုးရအဖွဲ့ရုံး၌ နှစ်နာရီကြာ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

"မရမ်းကုန်းမြို့နယ် အမှတ် (၂) အခြေခံပညာအစိုးရအထက်တန်းကျောင်းအုပ်ဆရာကြီးက School Bus ကိစ္စနဲ့ပတ်သက်ပြီး ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီ တိုင်းဒေသကြီးအစိုးရခန်းမ(၃)၌ ဝန်ကြီးချုပ်နဲ့တွေ့ဆုံခဲ့ပါတယ်။ ကျောင်းဖွင့်ရာသီအစ ကိုရီးယားနိုင်ငံထုတ် School Bus ပဲသုံးမယ်၊ ကျောင်းသားအန္တရာယ်မဖြစ်ဖို့၊ ယာဉ်ကြောကျပ်တာမဖြစ်ဖို့ နိုင်ငံတကာအဆင့်မီဖို့ အဓိကကျပါတယ်၊ အဲကွန်းပါမယ်၊ ဂျီပီအက်စ်စနစ်ပါမယ်၊ စီစီတီဗွီ တပ်ဆင်ထားမယ်၊ ကျောင်းကားပြေးဆွဲနေတဲ့သူတွေအတွက် ဘဏ်နဲ့ချိတ်ဆက်ပြီး အရစ်ကျဘဏ်သွင်းစနစ်နဲ့ ဝယ်ရမယ်။ သက်သာတဲ့ဈေးနှုန်းရောင်းပေးမယ်၊ ဒေါ်လာ ၃၀၀၀၀ လောက်တော့ကျမှာပေါ့။ လူ ၂၉၊ ၃၀ လောက်ဆံ့တယ်၊ ကျောင်းအစီအစဉ်နဲ့ လုပ်နိုင်မလားဆိုပြီး ဧပြီ ၂၉ ရက်က ကားပိုင်ရှင်ကျောင်းသားမိဘတွေနဲ့ ခေါ်ယူတိုင်ပင်တယ်၊ ဆန္ဒသဘောထားကို တိုင်းဒေသကြီးအစိုးရကို မေ ၁၀ ရက်က တင်ပြထားပါတယ်။ အဆင့်မီပြေးဆွဲမယ့် အစီအစဉ် ကောင်းပါတယ်" ဟု ပြောသည်။

ယာဉ်ပိုင်ရှင် ဦးသက်လွင်က "ဟိုက်ဂျက်ပစ်ကပ်ယာဉ်နဲ့ ကြိုပို့လုပ်ပေးနေတာပါ။ ထ-၂ နဲ့ မ-၁၇ မျက်နှာချင်းဆိုင်၊ အင်းစိန်ကားလမ်းမပေါ်မှာ နှစ်ကျောင်းပေါင်းမှ ကျောင်းသားတွေပါတယ်၊ ကျောင်းသားအလုပ်အမှုဆောင်အဖွဲ့ရှိတယ်၊ ရိုင်းပင်းကူညီမယ်၊ စည်းလုံးညီညွတ်ကြမယ်၊ ကားရပ်ရင်တောင် စနစ်ကျရမယ်၊ ကျောင်းသားတွေ ယာဉ်အန္တရာယ်ကင်းဖို့၊ ဘေးအန္တရာယ်နဲ့ကြုံလာရင် တတ်စွမ်းနိုင်သလောက် ပူးပေါင်းကူညီဖို့ ဖွဲ့ထားတာပါ။ ယာဉ်ပိုင်ရှင်လည်းဖြစ်၊ ကျောင်းသားမိဘလည်းဖြစ် အားလုံးက မိသားစုစိတ်ဓာတ်နဲ့ပါ။ လမ်းကြိုလမ်းကြား ဝင်/ထွက်ရတော့ မိဘများမငြိုငြင်အောင် ချိန်ထမ်းပိုးတင်ချပေးရပါတယ်၊ ပြောင်းလဲမှုလေးကို ကြိုက်ပါတယ်။ နောက်တစ်နှစ် လောက်မှလုပ်မယ်ဆိုရင် ပိုကောင်းမှာပါ" ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရုတ်တရက်မိုးကြောင့်လှိုင်သာယာတွင်စက်မှုဇုန်၊ ရပ်ကွက်၊ ကျေးရွာလမ်းများနှင့် ဈေးများရေနစ်မြုပ်

**ရန်ကုန် မေ ၁၆**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့် မေ ၁၆ ရက် နံနက် ၄ နာရီကျော်မှစ၍ ညနေ ၃ နာရီခွဲထိ ရန်ကုန်မြို့တွင် မိုးရွာသွန်းခဲ့ရာ ရန်ကုန်မြို့၏ ကားလမ်းအချို့ ရေဝပ်ရေလျှံဖြစ်ခဲ့သည့်နည်းတူ စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့နယ်တွင်လည်း စက်မှုဇုန်၊ ဈေးများနှင့် ရပ်ကွက်၊ ကျေးရွာအချို့ရှိ လမ်းများ ရေမြုပ်ခဲ့ကြောင်း သိရသည်။

ရွှေလင်ပန်း စက်မှုဇုန်လမ်းမကြီးများ၊ ဇုန်(၅)ရှိ လမ်းမများ၊ ရေဥက္ကံကျေးရွာရှိ ဈေးဝန်းကျင်နှင့် လမ်းသွယ်များ၊ ဒိုင်စု၊ ညောင်ရွာ၊ အလယ်ရွာ၊ အပြင်ပဒံကျေးရွာ၊ အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၉)ရပ်ကွက်၊ (၁၂)၊ အမှတ်(၁၄)၊ အမှတ်(၁၆)နှင့် အမှတ်(၁၉)ရပ်ကွက်တို့ရှိ လမ်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ပင်လုံဈေး၊ ပိတောက်မြိုင်ဈေး၊ ရွှေရင်အေးဈေးနှင့် ရေဥက္ကံဈေးတို့ ရေဝပ်ရေလျှံဖြစ်ခဲ့သည်။

ဈေးများအတွင်းနှင့် ဈေးဝန်းကျင်တွင် ရေနစ်မြုပ်မှုဖြစ်ပွားရခြင်းသည် ရပ်ကွက် ရေစီးမြောင်းများ ပိတ်ဆို့နေခြင်းကြောင့်ဖြစ်ပြီး ထိုသို့ ပိတ်ဆို့မှုကြောင့် မိုးရွာစဉ်တိုင်း ရေနစ်မြုပ်မှုကြုံတွေ့နေရသော ဈေးမှာ ပင်လုံဈေး၊ ရေဥက္ကံဈေးနှင့် ပိတောက်မြိုင်ဈေးဖြစ်၍ ယနေ့နံနက် ပိတောက်မြိုင်ဈေးအတွင်းမှ ရေဆိုးများ ဝပ်နေသည့်အတွက် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ရှင်းလင်းဆောင်ရွက်မှုကြောင့် ရေများစီးဆင်းခဲ့ပြီး ဈေးအနီးရှိ စာသင်ကျောင်းရှေ့ ရေစီးမြောင်းပေါ်တွင် ဖွင့်လှစ်ထားသောဈေးဆိုင်များကြောင့် ဈေးအတွင်းမှ ရေများ ကုန်စင်စွာ စီးဆင်းနိုင်မှုမရှိကြောင်း ဈေးတာဝန်ခံရုံးမှ သိရသည်။

လှိုင်သာယာတွင် ယခုနှစ် ရပ်ကွက်၊ ကျေးရွာလမ်းများ ရေနစ်မြုပ်မှု ပို၍ကြုံတွေ့နိုင်ကြောင်း၊ ဒေသခံပြည်သူတို့ စိုးရိမ်စိတ် ဖြစ်ပေါ်နေခြင်းသည် ရပ်ကွက်၊ ကျေးရွာတို့ရှိ ရေမြောင်းများပေါ်တွင် ဈေးဆိုင်၊ အဆောက်နှင့် စီးပွားရေးအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်မှုအား တာဝန်ရှိသူများ တားဆီးနေသည့်ကြားကပင် ဆောက်လုပ်မှုများလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လယ်ယာမြေနှင့် အခြားမြေများသိမ်းခံရမှု ကျောက်တန်းတွင် ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၁၆**

ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာအုပ်ချုပ်ရေးမှူး သိမ်းဆည်းသွားသော လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်ရရှိရေးအတွက် တရားဝင်ငြိမ်းချမ်းစွာ စုဝေးခွင့်တင်ပြကာ ဆန္ဒထုတ်ဖော်ခြင်းကို မေ ၁၆ ရက် နံနက် ၁၁ နာရီမှ ၁၂ နာရီထိ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် စုဝေးဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

"မိမိပိုင်မြေကို ကျေးရွာအုပ်ချုပ်ရေးမှူးက မတရားသိမ်းပိုက်ထားတဲ့အတွက် မိမိ မိသားစုအနေဖြင့် ထိခိုက်နစ်နာမှုတွေ ကြုံတွေ့နေရပါတယ်။ ဒါကို အစိုးရအုပ်ချုပ်ရေးဘက်က အဆင်ပြေအောင် ကူညီပေးစေလိုပါတယ်" ဟု စင်မကော်ကျေးရွာသား ဦးသန်းစိန်က ပြောသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် သိမ်းဆည်းသွားသော မြေယာများအား ပြန်လည်ရရှိရေး' စသဖြင့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။ ကျောက်တန်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ လယ်သမားအများစုရှိပြီး မိုးတွင်းစပါးကြဲ၊ စပါးစိုက်၊ ဆောင်းသီးနှံ ပဲစိုက်ပျိုးနေသော မြို့နယ်ဖြစ်ရာ လယ်သမားအများစုအနေဖြင့် လယ်ယာမြေကိစ္စများကို အုပ်ချုပ်ရေးအပိုင်းမှ မှန်မှန်ကန်ကန် တရားမျှတစွာ ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

(၃၄၉)

# သောက်သုံးရေခက်ခဲနေသည့် ကျေးရွာသုံးရွာအား ရေလှူ

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာမြို့နယ်တွင် နွေရာသီကာလ ရေရှားပါးနိုင်သော ကျေးရွာများအား ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေရှားမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေထောက်ပံ့နိုင်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ကျောက်ပုံကျေးရွာ၊ ဘုံစုကန်ကျေးရွာနှင့် ဆပ်ပြာကျင်းကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ရေဂါလန် ၅၄၀၀ကို ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ညောင်ဦးမြို့နယ်အတွင်း ရေပြတ်လပ်သည့်ကျေးရွာများအား ရေလှူ

**ညောင်ဦး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ယခုအချိန်၌ ရာသီဥတုအပူရှိန်မြင့်တက်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့လျက်ရှိနေပြီး အဆိုပါ သောက်သုံးရေရှားပါးသည့် ကျေးရွာများအား ပုဂံမြို့ရတနာဘုံစံတောရကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေလှူတော်အသင်းမှ အသင်းအဖွဲ့သားများက နေ့စဉ်မပျက်သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေကြောင်း ပုဂံမြို့ ဖြူစင်မေတ္တာရေလှူတော်အသင်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ရေလှူတဲ့အဖွဲ့ဆိုရင် ခရီးအနီးအဝေးပေါ်မူတည်ပြီး တစ်နေ့ကို အနည်းဆုံး (၃ ၊ ၄)ရွာလောက် သွားရောက်လှူဒါန်းပေးပါတယ်။ မနေ့ကဆိုရင် ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာအတွက် ရေဂါလန် ၂၅၀၀ ၊ ရွာသစ်တောင်ကျေးရွာအတွက် ရေဂါလန် ၂၅၀၀ ၊ လက်ပံပင်တဲတိုက်အတွက် ရေဂါလန် ၂၅၀၀ စုစုပေါင်း ရေဂါလန် ၇၅၀၀ လှူဒါန်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဖြူစင်မေတ္တာပရဟိတအသင်းအဖွဲ့က ကျန်းမာရေးအတွက် သွေးလိုအပ်ရင်လည်း လှူဒါန်းပေးပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ ရေလှူတော်အသင်းအဖွဲ့သားတွေအနေနဲ့ ကျေးလက်နေပြည်သူတွေ သောက်သုံးရေ အခက်အခဲဖြစ်နေသေးသရွေ့ လှူဒါန်းပေးသွားဦးမှာပါ" ဟု ပုဂံမြို့ ဖြူစင်မေတ္တာရေ လှူတော်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးဇော်ပွေး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မုံရွာမြို့နယ် တောင်ကြားကျေးရွာ၌ နွေရာသီရေပြတ်လပ်မှုမဖြစ်ရေး စက်သုံးဆီများလှူဒါန်း

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် တောင်ကြားကျေးရွာအုပ်စု တောင်ကြားကျေးရွာတွင် အိမ်ခြေ ၂၅၀ ရှိပြီး လူဦးရေ ၁၁၉၀ နေထိုင်လျက်ရှိရာ နှစ်စဉ်နွေရာသီရောက်သည့်အချိန်တွင် သောက်သုံးရေပြတ်လပ်မှုများ မကြာခဏ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါကျေးရွာ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစံပေါ်က "ကျွန်တော်တို့အဖွဲ့တွေ တောင်ကြားကျေးရွာကို မေ ၁၅ ရက်က လိုအပ်ချက်တွေ ကွင်းဆင်းလေ့လာခဲ့ကြပြီး အဆိုပါ တောင်ကြားကျေးရွာရဲ့အနောက်ဘက်နှစ်မိုင်ခန့်အကွာမှာရှိတဲ့ အနက်ပေ ၄၃၀ ရှိ လေးလက်မ စက်ရေတွင်းမှ ရေပေးနိုင်ရေးအတွက် အရင်ကတပ်ဆင်အသုံးပြုခဲ့တဲ့ ဒီဇယ်အင်ဂျင်နဲ့ အထပ်ပန့် ရေတင်စက်ရုံ၊ ရေပေးပိုက်လိုင်းတွေ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

"ဒါ့အပြင် လတ်တလော ရေရှားပါးမှု ယာယီအဆင်ပြေစေနိုင်ရေးအတွက် လက်ရှိ အသုံးပြုနေတဲ့ မြင်းကောင်ရေ ၂၂ ကောင်ရှိ ဒီဇယ်အင်ဂျင်နဲ့ တပ်ဆင်အသုံးပြုနေတဲ့ လေးလက်မနှစ်လုံးထိုး လေမှုတ်စက်ဖြင့် ရေတင်ပေးနိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မျှဝေခြင်းအစီအစဉ်နဲ့ ဒီဇယ်ဆီဂါလန် ၂၀၀ ကို ကျေးရွာက ရေပေးဝေရေးကော်မတီထံ ယနေ့သွားရောက် လှူဒါန်းထောက်ပံ့နိုင်ခဲ့ပါတယ်။ ကျေးလက်နေပြည်သူတွေ သောက်သုံးရေ အဆင်ပြေစေရေးအတွက် လိုအပ်တာတွေ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

# အမ်းမြို့နယ်တွင် ရေရှားပါးသည့်ကျေးရွာများသို့ ရေလှူဒါန်း

**အမ်း မေ ၁၆** - ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် မွှားကျေးရွာအုပ်စု ပဒဲ့ကြောကျေးရွာ၌ နွေရာသီကာလအတွင်း ရေတွင်းရေကန်များ ခန်းခြောက်၍ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည်။

အဆိုပါ ရေရှားပါးသည့်ကျေးရွာသို့ မေ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်ဦးစီး၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ စုပေါင်းကာ ပဒဲ့ကြောကျေးရွာရှိ အိမ်ခြေ ၁၆၅ အိမ်၊ အိမ်ထောင်စု ၂၀၅ စု လူဦးရေ ၆၈၀ အတွက် မီးသတ်ယာဉ်နှင့် အလှူရှင်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၃၂၀၀ အား ကျေးရွာအရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ နေပြည်တော် (စီလမ်းဆုံ)၌ ယနေ့ နံနက်ပိုင်းက တရားမဝင် ဝင်ရောက်လာသူ ငါးဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၃၀/၃) နေပြည်တော် (စီလမ်းဆုံ) တိုးဂိတ်၌ ယနေ့နံနက် ၁၁ နာရီတွင် ပလွေးအမြန်လမ်းရဲတပ်ဖွဲ့မှ စခန်းမှူးနှင့်အဖွဲ့သည် အမြန်လမ်းမကြီးပေါ်၌ ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှု ရှိ/ မရှိ စစ်ဆေးနေစဉ် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ငြိမ်းချမ်း မောင်းနှင်လာသော ကာလ်ဒီနာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ဝင်ရောက်လာသူ မာမတ်ဂျာကဲရ်၊ မာမွတ်ဆလီ ၊ ဖော်ဇော်ကော်ရိမ်း၊ မာနူးနှင့် ရော်ဟိမ်းပုလားတို့ ငါးဦးအား စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။




အဆိုပါကိစ္စအား စစ်ဆေးရာ ယာဉ်မောင်း ငြိမ်းချမ်းနှင့် စည်သူတို့က လူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာမှ ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား ရန်ကုန်မြို့သို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ မသက်ာသူ ငါးဦးအား တရားမဝင် သယ်ယူပို့ဆောင်ပေးသူ ငြိမ်းချမ်းနှင့် စည်သူတို့အား ပလွေး အမြန်လမ်းမကြီး ရဲစခန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ -အမြန်လမ်းမကြီး ရဲတပ်ဖွဲ့**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၅ စီး၊ သွင်းကုန် ၄၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၁၄၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၆၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၁၀ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



ထုတ်ကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ငါးခွေးလျှာများ (Tongue Sole Fish)

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၃ ရက်က ရန်ကုန် Asia World ဆိပ်ကမ်း၌ AWE Co., Ltd မှ တင်ပို့မည့် Frozen Sea Water Fish များအား တာဝန်ကျ အကောက်ခွန်အဖွဲ့မှ X-Ray ဖြတ်သန်းစဉ် သံသယဖြစ်ဖွယ်ပုံရိပ် တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ထုတ်ကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ငါးခွေးလျှာ (Tongue Sole Fish) (26000) kg စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ဒသမ ၀၀၁ သန်းခန့်တို့ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်တွင် ငါးဖမ်းလှေတစ်စင်းနှင့် မသင်္ကာသူလေးဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ (၅)တွင် ယမန်နေ့ နံနက်ပိုင်းက ငါးဖမ်းလှေတစ်စင်းနှင့် မသင်္ကာသူလေးဦး ဖမ်းဆီးရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၅) ရေတွင်းကျွန်းရွက်ညိုတောင်ချောင်းဝကင်းစခန်းနှင့် ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းအကြား နယ်စပ်ခြံစည်းရိုးအနီးတွင် မေ ၁၅ ရက် နံနက် ၁ နာရီခွဲခန့်က ငါးဖမ်းလှေတစ်စင်းနှင့် လှေပေါ်ပါ မောင်တောမြို့နယ် အောက်ပြုံးမကျေးရွာနေ မိုဟာမတ်ဖေရုပ်ပါ မသင်္ကာသူ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာက ပုဒ်မ ၁၄၄ ဖောက်ဖျက်မှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တစ်ဖက်နိုင်ငံမှခိုးဝင်လာသူခြောက်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက် နံနက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်လှေဖြင့် ဝင်ရောက်လာသူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးရာ လှေပေါ်တွင် ရှစ်ဦးပါရှိလာပြီး အမျိုးသားနှစ်ဦးမှာ လှေပေါ်မှ ခုန်ချထွက်ပြေးသွားကြောင်း၊ ထွက်ပြေးသူနှစ်ဦးမှာ ဦးရှည်ကျကျေးရွာတွင် နေထိုင်သော ဆာဒက်နှင့် ရော်ဖီးတို့ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဦးရှည်ကျကျေးရွာမှ တောင်ပြိုလက်ဝဲဘက်သို့ မော်တော်ယာဉ်ဖြင့် သွားရောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခြေကျင်ဝင်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ လူတစ်ဦးလျှင် တာကာငွေ ၂၀၀၀ နှုန်းရယူပြီး လှေငှား၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ ခြောက်ဦးအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမ်းမြို့နယ်၌ တရားမဝင်လိုက်ပါသူနှင့် ပို့ဆောင်ပေးသူတို့အား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပဲပဒုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယမန်နေ့ နံနက်ပိုင်းက တရားမဝင် လိုက်ပါလာသူတစ်ဦးနှင့် ပို့ဆောင်ပေးသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမ်းမြို့နယ် ပဲပဒုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ မင်းဘူးမြို့ဘက်သို့ စစ်တွေမြို့နေ သီဟဖုန်းမြင့် မောင်းနှင်လာသော ဆိုင်ကယ်အား မေ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က စစ်ဆေးခဲ့ရာ စစ်တွေမြို့နယ် သဲချောင်းကျေးရွာနေ မဘူတူအား ရန်ကုန်သို့ ပို့ဆောင်ပေးရန် ခေါ်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ သီဟဖုန်းမြင့်နှင့် တရားမဝင်လိုက်ပါလာသူ မဘူတူအား လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3443, Nissan ADVY-12, Station Wagon(4 ×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာမိုး ၇/ဒဉန(နိုင်)၁၁၇၁၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/2511, Daihatsu Hijet, S201P P/L(4 × 2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မေလွင် ၁၂/ကမရ(နိုင်)၀၅၁၄၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/4683၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်နိုင်၏ ၈က/၁၅၈၄ တိုယိုတာကရီးနား၏ အခွန်ကျေပုံစံ(စိမ်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၃၀၇၈၇

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဇကာရပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ကွင်းအမှတ်(၅၄-ဇကာမြောက်)၊ ဦးပိုင်အမှတ်-(၉၇ဃ/၂၊ ၁၃၀င)၊ ဧရိယာ(သုည ဒသမ ၀၁၀)၊ (သုည ဒသမ ၀၂၃)ဧကရှိ မြေကို ဒေါ်မိမိခိုင် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊မြေကွက်အမှတ်(၄၅၄)၊အကျယ်အဝန်း(၄၄ပေ × ၆၀ပေ)ရှိ ဒေါ်ရန်စီဝင်(ခ)ရင်ရင်အေး(၁/မညန(နိုင်)၀၀၀၅၇၅)အမည်ပေါက်နှစ်(၆၀)ကရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးခင်ဇော်(၁၃/ကမန(နိုင်)၀၀၀၈၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဦးမြတ်ကျော်သူ(၁၂/မရက(နိုင်)၁၀၉၃၀၀)ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၂၆.၅.၂၀၁၇)ရက်နေ့မတိုင်မီ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, | LL.B. D.B.L.,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

ပခုက္ကူခရိုင်တရားရုံးတော်

၂၀၁၇ခုနှစ်၊ တရားမအယူခံမှုအမှတ်(၂)

| | | |
|---|---|---|
| မသီတာ | နှင့် | ကိုဇော်နောင် |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ရက်နေ့စွဲပါ ရေစကြိုမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၃၂/၂၀၁၆ကို အယူခံမှု၊ အယူခံတရားပြိုင် ကိုဇော်နောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရေစကြိုမြို့နယ် တရားရုံးတော်ကချပေးသည့် ဒီကရီကို မသီတာက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ခုနှစ် မေ ၃၀ ရက်(၁၃၇၉ခုနှစ် နယုန်လဆန်း ၅ရက်တွင်)ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။


**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပခုက္ကူခရိုင်တရားရုံး**

## စာအုပ်အလှူခံနိုင်ခြင်း

၁။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သင်ကြားဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ အဘိဓာန်အဖွဲ့ဝင် ဆရာ ဆရာမများ ဦးဆောင်၍ ပြုစုသော TIPITAKA PALI-NANAPATHA(DIFFERENT VERSIONS OF TIPITAKA PALI WORDS)နှင့် A CONCISE TIPITAKA PALI-ENGLISH DICTIONARY (VOLUME-I, A-Uluraja) စာအုပ်များကို ထုတ်ဝေပြီးဖြစ်ပါသည်။

၂။ ယင်းစာအုပ်များကို သက်ဆိုင်ရာ ပညာရပ်ဆိုင်ရာပုဂ္ဂိုလ်များ၊ ဗုဒ္ဓတက္ကသိုလ်များမှ ဆရာများနှင့် စာသင်သားများ၊ တက္ကသိုလ်အသီးသီးရှိ အရှေ့တိုင်းပညာဌာနမှ ဆရာ ဆရာမများသို့ လှူဒါန်းလိုပါသဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသာနာပြုတက္ကသိုလ်၊ တိပိဋက အဘိဓာန်ဌာန၊ ဖုန်း-၀၁-၆၅၀၇၂၀၊ ၀၉-၅၀၆၂၁၉၄၊ ၀၉-၂၅၄၂၆၃၂၆၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အလှူခံနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**



# ခရမ်းမြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လုယက်မှုအကြိမ်ကြိမ်ကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း စက်ဘီးစီးလာသူများနှင့် လမ်းလျှောက်လာသူ အမျိုးသမီးများ ဝတ်ဆင်ထားသော ရွှေဆွဲကြိုးများကို ဆိုင်ကယ်အသုံးပြုပြီး လုယက်မှု အကြိမ်ကြိမ်ကျူးလွန်မှုဖြစ်ပွားခဲ့သဖြင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ လုယက်မှုသုံးမှု ဖော်ထုတ်ရရှိခဲ့သည်။

ဧပြီ ၂၈ ရက် ညနေ ၅နာရီခန့်တွင် ခရမ်းမြို့နေ မ ---- သည် ခရမ်းမြို့နယ်ဆေးရုံမှ နေအိမ်သို့ စက်ဘီးစီး၍ ပြန်လာစဉ် အောင်ဇမ္ဗူရိပ်သာလမ်းရှေ့အရောက် ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦးက နောက်မှကပ်လိုက်လာပြီး ၎င်း၏ လည်ပင်းတွင် ဆွဲထားသော ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးကို လုယူထွက်ပြေးသွားခဲ့သဖြင့် ခရမ်းမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့ရာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်နေစဉ် မေ ၁၁ ရက် ည ၈ နာရီခန့်က ခရမ်းမြို့အမှတ် (၃) ရပ်ကွက် ၁ လမ်းတွင် ကျောင်းကြိုပြီး ပြန်လာသူ အမျိုးသမီးတစ်ဦး၏ လည်ပင်းတွင်ဆွဲထားသောဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးကိုဆိုင်ကယ်စီးလာသူအမျိုးသားတစ်ဦးက လုယူထွက်ပြေးသွားသည့်ဖြစ်စဉ် ထပ်မံဖြစ်ပွားခဲ့သည်။



ယင်းသို့ လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်နေသူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း စုံစမ်းဆောင်ရွက်ခဲ့ရာ မေ ၁၂ ရက်တွင် ပြစ်မှုကျူးလွန်သူဟု မသင်္ကာသူ သုံးခွမြို့နယ်နေ ကိုဖြိုး(ခ) ဝေဖြိုးဦးအား သုံးခွမြို့ ဆေးရုံရှေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်အနီးတွင် တွေ့ရှိသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ ခရမ်းမြို့နယ်အတွင်း လုယက်မှုများကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

၎င်း၏ဖော်ထုတ်ချက်အရ အဆိုပါအမှုများကို ကျူးလွန်ခဲ့သည့် အပြင် ဧပြီ ၂၃ ရက်ကလည်း ခရမ်းမြို့ အမှတ်(၁) ရပ်ကွက် မင်းလမ်းသွယ်၌ အမျိုးသမီးငယ်တစ်ဦး၏ လည်ပင်းတွင်ဆွဲထားသော ဆွဲသီးပါ ရွှေဆွဲကြိုး တစ်ကုံးကို ဆိုင်ကယ်အသုံးပြုပြီး လုယက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ခရမ်းမြို့နယ်အတွင်း ဆိုင်ကယ်အသုံးပြု၍ လုယက်မှု သုံးမှု ကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကာ အခြားပြစ်မှုများ ထပ်မံကျူးလွန်ခြင်းရှိ/မရှိ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငွေကျပ် သိန်းပေါင်း ၁၂၇၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ လွိုင်လင်၌ ဖမ်းမိ

**လွိုင်လင် မေ ၁၆**

လွိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာ၌ မော်တော် ယာဉ်နောက်ခန်းကြမ်းခင်းအတွင်း သိုဝှက်သယ်ဆောင်လာသော ငွေကျပ် သိန်းပေါင်း ၁၂၇၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မေ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ ရဲအုပ် ဇော်မြင့်ဦး ဦးစီးအဖွဲ့၊ လွိုင်လင်မြို့မရဲစခန်းမှ ရဲအုပ် ကျော်စွာထွန်း ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့မှ နမ့်စန်မြို့သို့ ယာဉ်မောင်း ထန်ရှောက်ရှန်း(ခ)ကျော်ဝေ မောင်းနှင်လာသည့် HILUX TIGER ယာဉ်အား ရှာဖွေစစ်ဆေးရာ နောက်ခန်း ကြမ်းခင်း နှစ်ထပ်အံဝှက်အတွင်း သိုဝှက်၍ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀၀၊ အိုက်စ်ပုံဆောင်ခဲ ၄၀ ကီလိုဂရမ်ခန့် စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၂၇၈၀ သိန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။ မူးယစ်ဆေးဝါးများအား သုံးစွဲ၊ ရောင်းချရန် သယ်ဆောင်လာသူ ထန်ရှောက် ရှန်း(ခ)ကျော်ဝေ (၂၅ နှစ်) သိန်းနီမြို့နေသူအား လွိုင်လင် မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကော့သောင်းမြို့ ဘန်းကချွန်ကျေးရွာ၌ မီးလောင်

**ကော့သောင်း မေ ၁၆**

ကော့သောင်း-ဘုတ်ပြင်းအဝေးပြေးလမ်းဘေး ရွာတစ်ရွာဖြစ်သည့် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ မီးလောင်မှု မေ ၁၆ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ကဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘန်းကချွန်ကျေးရွာရှိ ဦးကျော်စိုး ပိုင်ဆိုင်သည့် ကွမ်းသီးအခြောက်ခံအလုပ်ရုံတွင် အလုပ်သမားဖြစ်သူ ဦးတင်ထွန်း (၅၃နှစ်) အား ထင်းမီးဖြင့်ကွမ်းသီးများအပူပေးအခြောက်ခံရန် တာဝန်ပေးအပ်ထားရာ ပေါ့ဆမှုကြောင့် အပူလွန်ကဲမှုဖြစ်ကာ ကွမ်းသီးများမီးလောင်ကျွမ်းကာ အလျား ပေ ၃၀ ၊ အနံ ပေ ၂၀၊ အုတ်ကြွပ်မိုး၊ သံဆန်ခါကာ အလုပ်ရုံအဆောက်အအုံအမိုးသို့ မီးကူးစက်လောင်ကျွမ်းခြင်း ဖြစ်သည်။ မီးလောင်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် နှစ်စီး ၊ ရေသယ် ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းအားဖြည့် ငြှိမ်းသတ်ရာ နံနက် ၅ နာရီခွဲတွင် မီးငြှိမ်းသတ်နိုင်ခဲ့သဖြင့် အနီးအနားလူနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကွမ်းသီးခြောက်များနှင့် အဆောက်အအုံအစိတ်အပိုင်းတချို့ မီးလောင်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ဦးတင်ထွန်းအား မြို့နယ်ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မိုင်းဖြတ်၌ လမ်းဘေးချောင်းအတွင်း တစ်ရက်တည်း ယာဉ်နှစ်စီးထိုးကျ

**မိုင်းဖြတ် မေ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ မော်တော်ယာဉ် လမ်းဘေးချောင်းအတွင်းထိုးကျမှု တစ်ရက်တည်း နှစ်ကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သည်။

မေ ၁၆ ရက် နံနက် ၆ နာရီခွဲခန့်က မိုင်းဖြတ်မြို့နယ် ဆိုက်ခေါင်ရွာနှင့် ဆွတ်ပန်းရွာကြား မိုင်တိုင်အမှတ် (၇၃၂) နှင့် (၇၃၃) ကြားတွင် ယာဉ်အမှတ် ၄ဂ/----- Honda Fit လိုင်စင်မဲ့ယာဉ်တစ်စီးသည် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဆိုက်ခေါင်ရွာ နှင့် ဆွတ်ပန်းရွာအကြား မိုင်တိုင်အမှတ် (၇၃၀) နှင့် (၇၃၁) ကြားတွင် SHN -5H/ ---- Probox ယာဉ်တစ်စီးသည် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးဘေးရှိ နမ့်လုံချောင်းအတွင်း အရှိန်လွန်ထိုးကျသွားခဲ့ပြီး ယာဉ်နှစ်စီးလုံးမှ ပိုင်ရှင်များမှာ ယာဉ်အားစွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ ကြသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ်များအား ချောင်းအတွင်းမှ ဆယ်ယူနိုင်ရေးနှင့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

# ညောင်ရေသွန်းလောင်းအောင်ပွဲအဖြစ်ကျင်းပသည့် ဇာတ်ပွဲ၌ ဓားထိုးမှုဖြစ်

**တံတားဦး မေ ၁၆**

တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာအုပ်စု စန္ဒာမုနိဘုရား ညောင်ရေသွန်းလောင်းပွဲ အောင်ပွဲအဖြစ် ပျော်ရွှင်ပွဲများကျင်းပရာ မေ ၁၂ ရက်က ဇာတ်ပွဲ၌ ဓားထိုးမှုဖြစ်ပွားကြောင်း သိရသည်။

တံတားဦးမြို့နယ် ဆင်ကျုံးကျေးရွာ နေ စန်းလင်းဖြိုး(၁၈နှစ်)၊နိုင်ဇော်မြင့် (၁၈ နှစ်)၊ သိန်းထိုက်အောင် (၁၉နှစ်)၊ ရာကျော်စိုး (၁၈နှစ်)နှင့် အောင်မိုးထွေး (၁၈နှစ်) တံတားဦးမြို့ မီးသွေးတိုက် ကျေးရွာအုပ်စု အပြင်စံရာရပ်နေသူတို့နှင့် ရဲရင့်အောင် (၁၉နှစ်)တို့ ခိုက်ရန်ဖြစ်ပွားပြီး တစ်ဦးဦးက ၎င်းအားဓားဖြင့်ထိုးသွားကြောင်းသိရ၍ ဓားဖြင့်ထိုးသူ စန်းလင်းအောင်ပါ ငါးဦးတို့အား ဥပဒေအရအရေးယူပေးပါရန် ဦးလေးဖြစ်သူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် တံတားဦး မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲတင့်**

# တာမွေမြို့နယ်၌ ရေခဲသေတ္တာဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်

**ရန်ကုန် မေ ၁၆**

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၄ လမ်း(တို) အမှတ်(၁၃)မြေညီ ခေါင်းရင်းခန်း အိမ်ရှင် ဦးအေးသိန်း၏ အိမ်၌ မေ ၁၆ ရက် နံနက် ၈ နာရီ ၅၈ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ ရေခဲသေတ္တာ၏ ဆော့ဖ်ဂတ် ဝိုင်ယာရှော့ခ်ဖြစ် ၍ မီးလောင်ခြင်းဖြစ်ပြီး မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးပါ တပ်ဖွဲ့ဝင် ၄၀ ၊ မီးသတ်ယာဉ်ခုနစ်စီး၊ အုပ်ချုပ်မှု ယာဉ်တစ်စီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ ဒုရဲမှူး ခင်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူထိခိုက်မှု တစ်စုံတစ်ရာမရှိဘဲ အိမ်ပိုင်ရှင်အားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ**


## ဖခင်အမည်မှန်

နေပြည်တော် လယ်ဝေးမြို့၊ ကုန်းသာအုပ်စု၊ ကုန်းသာရွာ အလက(ခွဲ)သတ္တမတန်းမှ မကေခိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/လဝန(နိုင်)၁၅၅၄၁၈ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး ၉/လဝန(နိုင်)၁၅၅၄၁၈**

## ပျောက်ဆုံးကြောင်း

မောင်ဖြိုးကိုခန့် ၁၁/ရဗန(နိုင်) ၀၇၆၅၀၈ ၏ ပတ်စ်ပို့နံပါတ် MA 311900 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၁၆၇၈၉၁**

## အမည်ပြောင်း

ပုဏ္ဏားကျွန်း အထက၊ တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးရှဝံ၏သမီး မနှင်းမြတ်လှိုင် ၁၁/ပဏတ(နိုင်)၀၉၄၄၁၅ အားမလင်းနုဇံဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းနုဇံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9628 Toyota Belta, SCP92, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမွန် ၁၂/အစန(နိုင်)၁၃၁၃၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဇေယျာသီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၄၈၁၊ မြေအကျယ်အဝန်း (အလျားပေ ၄၀×အနံပေ ၆၀) ရှိ ဒေါ်မိုးစန္ဒာဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်မောင်စန်း ၁၂/တကန(ဧည့်) ၀၀၀၁၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၄ လမ်း၊ တိုက်အမှတ် ၁၂ (၅လွှာ/ယာ)တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ဦးမျိုးဝင်းအေး ၁၂/ပဘတ(နိုင်)၀၂၆၄၅၇က ပိုင်ဆိုင်ပြီး မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်း ၎င်းနှင့်ဖခင်ဦးမောင်မောင်အေးတို့က ပြောဆိုဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ သီဟကျော်သူ ၁၂/ပဘတ (နိုင်)၀၃၃၈၅၃က ဝယ်ယူရန်သဘောတူပြီး စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသီဟကျော်သူ၏ ညွှန်ကြားချက်ဖြင့်-
**ဒေါ်နေရီရီလင်း LL.B,D.B.L,D.I.L,D.M.L** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၈)
**ဒေါ်ပပခင် LL.B** တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၀၄)
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

Hello

ကျွန်မ မသက်စုငွေး ၈/ ခမန (နိုင်) ၁၃၉၄၆၁ အမှတ် (၁၄)၊ ကွက်သစ်ရပ်၊ စလေမြို့ နေထိုင်သူသည် ပူးတွဲဖော် ပြပါ ကုန်အမှတ်-တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ Syrup & Soft Drink များ ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မြို့/ရွာဒေသ အနှံ့အပြားမှာ ဖြန့်ဖြူးရောင်းချခြင်း၊ တင်ပို့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုမီတွင် အထက်ပူးတွဲ ဖော်ပြပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင် သွင်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Hello ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် တူညီ နေသော မူပိုင်ရှင်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ဆက်သွယ်ညှိနှိုင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် ဆက်သွယ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မသက်စုငွေး
၈/ခမန (နိုင်) ၁၃၉၄၆၁
စလေမြို့
ဖုန်း - ၀၉၉၇၀၄၅၀၀၀၀၊ ၀၉ - ၂၃၀၅၅၃၀

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၁၇ မြို့တွင် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ်(၂)လုံး၊ (၄)ခန်းတွင် (၄)ထပ်(၁၄)လုံး ၊(၄)ခန်းတွဲ (၃)ထပ် (၃)လုံး၊ (၄)ခန်းတွဲ (၂)ထပ် (၄)လုံး စုစုပေါင်း အဆောက်အအုံ(၂၃)လုံး ဆောက်လုပ်ရန်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူရက်** -(၁၇-၅-၂၀၁၇) ရက်မှ (၁၃-၆-၂၀၁၇) ရက်ထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရက်** -(၁၄-၆-၂၀၁၇) ရက် (၁၆း၀၀) နာရီ

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** -တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၄၈၇၂သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## အမည်မှန်

ကျောက်မဲမြို့နယ်၊ နမ့်ဟန်ခိတ်ကျေးရွာနေ ဦးစိုင်းကြီး၏ အမည်မှန်မှာ ဦးစိုင်းအိုက်ကြီး ၁၃/ကမန(နိုင်)၀၇၀၄၁၅ဖြစ်ပြီး ၎င်း၏ သမီးဖြစ်သော နောင်ပိန် အထကမှ အဋ္ဌမတန်းအောင်မြင်ပြီးသူ နန်းစံနွန်း၏ အမည်မှန်မှာ နန်းစံနွမ်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၂၀၀၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟိုပန်မြို့၊ အထက (ဟိုပန်) ပဉ္စမတန်းမှ စိုင်းထွန်းဖေ၏အမည်မှန်မှာ စိုင်းလျှန်းပန် (ခ) စိုင်းထွန်းဖေဖြစ်ပြီး ၎င်းနှင့် ၎င်း၏ ညီဖြစ်သော ဒုတိယတန်းမှ စိုင်းသီဟအောင်တို့၏ မိဘအမည်မှန်မှာ ဦးမောင်ကျိန် ၁၃/ဟပတ(နိုင်)၀၁၃၃၂၁နှင့် နန်းပွမ် ၁၃/ဟပတ(နိုင်)၀၁၈၈၀၇တို့ဖြစ်ပါကြောင်း။

# တိုကျိုမြို့ ဇုန် (၆) လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ကို အဓိကပွဲစဉ်အဖြစ် ထည့်သွင်းကျင်းပမည်

**ရန်ကုန် မေ ၁၆**

ဂျပန်နိုင်ငံ တိုကျိုမြို့ တိုကျိုတာဝါ မီဒီယာစင်တာ၌ လာမည့်မေ ၂၁ ရက် ညနေ ၃ နာရီတွင် ကျင်းပမည့် ZONE -6 Myanmar Lethwei and Kickboxing Event လက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များကို အဓိကပွဲစဉ်များအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်နိုင်ငံရိုးရာလက်ဝှေ့ကိုယ်စားလှယ် တာကုရတာကာမိုရီက မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် ချိတ်ဆက်စီစဉ်ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ဂျပန်ပြည်သူများ စိတ်ဝင်စားမှုများလာသည့် မြန်မာ့ရိုးရာလက်ဝှေ့ကို အဓိကပွဲစဉ်များအဖြစ် စီစဉ်ကျင်းပခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ အဓိကပွဲစဉ်များအဖြစ် ဂျပန်နိုင်ငံမှ ရိုးရာလက်ဝှေ့ကျော် ခနဲကို(ဂျပန်)နှင့် လိုကုကု(ကွန်ဂို)၊ စောဂေါ်မူဒို(သတ္တိ)နှင့် ဝီရာဝပ်ဆစ်ကန်ပါး (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ဂျပန်နိုင်ငံမှ ရိုးရာလက်ဝှေ့ကျော် ခနဲကိုသည် ယခင်ကစ်ဘောက်ဆင် ကစားသမားဖြစ်ပြီး များမကြာမီကမှ မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျကာ ကူးပြောင်းလာသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ခနဲကိုသည် မြန်မာ့ရိုးရာလက်ဝှေ့ကို ပွဲပေါင်းငါးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားပြီး သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ကိုပိုင်ဆိုင်ထားသူဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် သံမဏိမြင်းတာနာကာ၊ လွှမ်းချိုင်းနှင့် မာတင်တို့ကိုအနိုင်ရရှိထားပြီး သပြေညိုနှင့် ဉာဏ်လင်းအောင်တို့ကိုရှုံးနိမ့်ထားသည်။ ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ ဆဌမမြောက်ပွဲစဉ်ကို ဂျန်လျူဂျီးမားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံထွန်းထွန်းမင်းကို အနိုင်ရသွားသော ကွန်ဂိုနိုင်ငံသား လိုကုကုနှင့် မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်းစည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ခနဲကိုသည် မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံရိုးရာ လက်ဝှေ့ကလပ်တစ်ခုဖြစ်သော သတ္တိရိုးရာလက်ဝှေ့ကလပ်တွင်လည်း လာရောက်ပူးတွဲလေ့ကျင့်ထားသော လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ဒုတိယပွဲစဉ်အဖြစ် စောဂေါ်မူဒို(သတ္တိ)နှင့် မွေထိုင်းလက်ဝှေ့ကျော် ဝီရာဝပ်ဆစ်ကန်ပါး (ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အခြားကစ်ဘောက်ဆင် ပွဲစဉ်များမှာ အာရာရှိဖူဂျီဟာရာနှင့် ရိုင်းဒန်း၊ ဆာတိုရုဟာဘနှင့် ကော်ဒဲလ်ဂျော့ဂျ်၊ ခဇုမိရှိမိဇုနှင့် ထက်ဆုဟိကိုနာခါဂါဝါ၊ အမျိုးသမီးအထူးပွဲစဉ်အဖြစ် မာနာချိုနှင့် မိုမိုခတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရှေ့ထွက်ပွဲစဉ်များလည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အဆိုပါ လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အားကစားသမားများအဖွဲ့အနေဖြင့် လာမည့် မေ ၁၈ ရက်တွင် ဂျပန်နိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



စောဂေါ်မူဒို(သတ္တိ)



ဝီရာဝပ်ဆစ်ကန်ပါး(ထိုင်း)

# ၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများ ဆက်လက်ကျင်းပမည်

**ရန်ကုန် မေ ၁၆**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့် လက်ကျန်ပွဲများကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိ ချန်ပီယံ မကွေးအသင်းအပါအဝင် MNL အသင်းကြီးများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒုတိယအဆင့် ပွဲစဉ်များကို နှစ်ပတ်ကျင်းပခြင်းဖြစ်ပြီး မေ ၁၇ ရက် (ယနေ့) တွင် အောင်ဆန်းကွင်း၌ လက်ရှိ ချန်ပီယံ မကွေးအသင်းနှင့် ဖုန်ဂန်အသင်း၊ သုဝဏ္ဏကွင်း၌ စီးတီးစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မေ ၁၈ ရက်တွင် အောင်ဆန်းကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ နေပြည်တော်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို ညနေ ၅ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှုံး/ထွက်ပြိုင်ပွဲ အစဉ်အလာအတိုင်း အသင်းငယ်များ၏ ရုန်းကန်မှုကို တွေ့မြင်ရဖွယ်ရှိနေပြီး အသင်းကြီးများ အားကုန်ထုတ်ကစား ရဖွယ်ရှိနေသည်။ အသင်းအများစု၏ မျှော်လင့်ချက်မှာ ရှုံး/ထွက် ချန်ပီယံဆုဖြစ်လာခဲ့ပြီး ဗိုလ်စွဲသည့်အသင်းမှာ ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သောကြောင့် အသင်းတိုင်း အားထည့်ကစားနေခြင်းဖြစ်သည်။ ရှုံး/ ထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိဖူးသည့် အသင်းမှာ လေးသင်းသာရှိပြီး လက်ရှိချန်ပီယံ မကွေးအသင်းအပါအဝင် ရန်ကုန်၊ ဟံသာဝတီနှင့် ရောဝတီတို့ ဖြစ်ကာ ရောဝတီအသင်းက ချန်ပီယံဆုသုံးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်း အဖြစ် ရပ်တည်လျက်ရှိသည်။

ယနေ့စတင်ကျင်းပမည့် လက်ကျန်ပွဲများတွင် အသင်းကြီးအများစုကပဲ ကွာတားဖိုင်နယ်တက်ရောက်နိုင်မလား။ အသင်းငယ်အချို့က မထင်မှတ်သည့် စွမ်းဆောင်မှုများဖြင့် နောက်တစ်ဆင့် တက်ရောက်သွားမလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း ဆီမီးဖိုင်နယ် တက်ရောက်

၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို လာအိုနိုင်ငံ၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းက မလေးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ် တက်ရောက် သွားသည်။

မြန်မာအသင်းသည် တစ်မှတ်ရရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည်ဖြစ်သော်လည်း မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ယူကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးမရှိတော့သော်လည်း အကောင်းဆုံး ကြိုးစားကစားခဲ့ပြီး မြန်မာအသင်းအား ရှုံးနိမ့်ခဲ့ သော်လည်း နှစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က ၃၊ ၃၄၊ ၅၇ မိနစ်တွင် တစ်ဦးတည်း ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးကို ၂၄ မိနစ်တွင် သီရိကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မလေးရှားအတွက် ချေပဂိုးများကို ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းအသင်းက ၁၂ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ကိုးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (ခ)၌ ဖိလစ်ပိုင်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ ကမ္ဘောဒီးယားအသင်းက လေးမှတ်ဖြင့် ဒုတိယနေရာရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဖိလစ်ပိုင်၊ ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# အမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံအသင်း အနိုင်ရ

**ရန်ကုန် မေ ၁၆**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း သန်းသန်းထွေး၊ နန်းကြေးငုံ၊ ရွှေဇင်အောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ အား/ကာသိပ္ပံအသင်းတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၇မိနစ်တွင် အိရတနာဖြိုးက သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာ လေးပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့ကို မေ ၁၇ ရက် ညနေ ၄ အနာရီတွင် ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ပြီး YREO နှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**


**အများသိစေရန် ကြေညာချက်**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း၊ ယာဉ်ဝင်ခကောက်ခံခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့် အငှားချထားခြင်းဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ချိတ်ပိတ်တင်ဒါ/လေလံတင်ရောင်းချရေးအဖွဲ့က ၁၂-၅-၂၀၁၇ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာများ၌ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ခြင်းလုပ်ငန်းအားအစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇နှင့်အညီ ဆောင်ရွက်နိုင်ရန် တင်ဒါပယ်ဖျက်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါပြန်လည်ခေါ်ယူမည့်နေ့ရက်အား အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၀၁-၃၇၄၀၇၇သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ချိတ်ပိတ်တင်ဒါ/လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

ရန်ကုန်မြို့နေ ဦးသိန်းဇော် ၁၂/ရကန(နိုင်)၀၀၄၁၆၉၏သား (၂၀၁၆-၂၀၁၇) အထက(၁)ဒဂုံ Grade-8(A)မှ မောင်အာကာဇော်အား ယနေ့မှစ၍ မောင်ခန့်ပြေးဟိန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၂၀၀၃ ဖြစ်ပါသည်။

**မောင်ခန့်ပြေးဟိန်း**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃ဖယ/၉၇၄၄၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်စိုး ၃/ကကရ(နိုင်)၀၁၃၉၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**လက်ထပ်ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ**

နေပြည်တော်နေ ဦးဝင်းခန့်(အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဝင်းပုလဲ(ဓာတ်မှန်ဆရာဝန်ကြီး၊ ပျဉ်းမနား၊ ခုတင်-၂၀၀ဆေးရုံကြီး)တို့၏သားကြီး

**မောင်စွမ်းထက်ဦး**
**B.E(Electronics)**
**"မန်းရတနာပုံလေကြောင်းလိုင်း"**

နှင့်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၁)နယ်မြေ၊ ဗဟိုကွက်သစ်ရပ်နေ ဦးကျော်ဇံရှိန်း-ဒေါ်ခင်အေးမွန်တို့၏တစ်ဦးတည်းသောသမီး

**မသဲဆုစန္ဒီ**
**B.Sc(Chemistry)**
**"မြဝတီရုပ်မြင်သံကြား၊ သတင်းဌာန"**

တို့၏ ၆-၅-၂၀၁၇ရက်(စနေနေ့)တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးမင်းဆွေ(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်သီသီ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးဝေလင်းအောင်(မြဝတီရုပ်မြင်သံကြား)နှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များအား လည်းကောင်း၊ ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့)တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ ပတ္တမြားရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်ပရိသတ်များအားလည်းကောင်း၊ ၁၃-၅-၂၀၁၇ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Novotel Yangon Max၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့များ ပေးပို့ပေးပါသော ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာအန်နာရွှေလှမ်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မြသင်္ဂီအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ပေးပါသော ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)နှင့်ဇနီး၊ ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန)နှင့်ဇနီး၊ တက်ရောက်ချီးမြှင့်ပေးကြသော အငြိမ်းစားအရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၈)မှ အရာရှိကြီးများ၊ 87 Batchမှ ဆရာဝန်ကြီးများ၊ ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအေပြည့်စုံအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကလပ်ကိုင်ပေးပါသော မနော်ဆွေဆွေအေး၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော မောင်ဝင်းမြတ်ဦးနှင့် မောင်လူမျိုးထက်၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မဝင့်ဝါလှိုင်နှင့်မအေးမြတ်မွန်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်ရတနာဦး၊ နေပြည်တော်သင်္ဂဟဟိုတယ်နှင့် ရန်ကုန်မြို့Novotel Yangon Maxမှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုနှင့် မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ ဆံပင်အလှပြင်ဆင်ပေးပါသော ချစ်သူတို့အတွက် အနာဂတ်မင်္ဂလာဆောင်စီမံကိန်းအဖွဲ့၊ Pre-Wedding ရိုက်ကူးပေးပါသော Yes I Do အားလည်းကောင်း၊ မင်္ဂလာပွဲများအစမှအဆုံးတိုင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စွမ်းထက်ဦး-မသဲဆုစန္ဒီ**

**CLAIMS DAY NOTIC**
**MV.SEA CASTLE**

Consignees of cargo carried by MV.SEA CASTLE are here by notified that the vessel will arrive of about 17-5-2017 and cargo will be discharged into the premises of Yangon Port.

Damaged cargo will be surveyed daily from(08:00)AM to(11:20)AM and (12:00)NOON to (04:00)PM to claims day nowdeclared as the third day after final discharge of cargo from the vessel.

NO claims a gainst this vessel willbe admitted after the Claims Day.

မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်းနံပါတ်-၂၃၀၁၉၂၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**Open Tender ခေါ်ယူခြင်း**

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှအောက်ဖော်ပြပါ ကျောင်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)အတွက် — ရုံးသုံးပရိဘောဂများ
(ခ) School of Industrial Training and Education (SITE) အတွက် — သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ

၂။ Open Tender ပုံစံများကို ၁၁-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၇-၆-၂၀၁၇ ရက်ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား သက်ဆိုင်ရာကျောင်းအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို ရုံးချိန်အတွင်းဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar.Org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

**အမည်ပြောင်း**

ရန်ကုန်မြို့နေ ဦးနိုင်စိုး ၈/သရန(နိုင်)၀၀၀၉၅၂၏သမီး (၂၀၁၆-၂၀၁၇) အမက(၈) သဃ်န်းကျွန်းမှ မဝင့်ဝတီကိုအား ယနေ့မှစ၍ မယုဂါမိုးဟု ပြောင်းလဲခေါ်ပါရန်။

**မယုဂါမိုး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6J-7381 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**မိဘအမည်မှန်**

YCWတွင် ပညာသင်ကြား နေသော နဝမတန်းအတွဲ(၇)မှ မောင်ဖြိုးမင်းသူ၏ မိဘအမည်မှန်မှာ ဦးတင့်လွင်မိုး ၁၂/ကတန(နိုင်)၀၇၇၂၄၄-ဒေါ်ခင်သန္တာအောင် ၅/တမန(နိုင်)၀၃၆၆၄၀ တို့ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တနိုင်းမြို့နယ်၊ လမုန်ကျေးရွာ၊ အလက(လမုန်)ဒုတိယတန်းမှ မငွါးဆီနာ၏ ဖခင်အမည်မှန်မှာ ဦးငွါးရဲ့ဆာ ဖြစ်ပါကြောင်း။

**ဦးငွါးရဲ့ဆာ**

**ဖခင်အမည်မှန်**

ပေါင်းတည်မြို့နယ်၊ နွယ်ချို (၁) ရပ်ကွက်၊ လမ်း(၂၀)နေ မသဥ္ဇာဝင်း ၇/ပတတ(နိုင်)၀၀၁၁၈၆၏ ဖခင်အမည်မှန်မှာ ဦးအေးသိန်း(ခ)ဦးမောင်ဝင်း ဖြစ်ပါကြောင်း။

**ဦးအေးသိန်း(ခ)ဦးမောင်ဝင်း**

**အမည်ပြောင်း**

ပခုက္ကူမြို့၊ (၂)ရပ်ကွက်၊ မတ္တထောင်လမ်းနေ ဦးအောင်ဉာဏ်လင်း ၈/ပခက(နိုင်)၂၂၄၄၀၅၏ သမီး မအိမြတ်နိုးမေအား မအိမ့်မျက်ချယ်မှူးဟု ပြောင်းလဲခေါ်ပါရန်။

# ထိန်းသိမ်းဖော်ဆောင်သင့်သော စလင်းမြို့မှ မြန်မာ့ရိုးရာ ဇော်ယိမ်းအက

**စစ်ကြည်(စလင်း)**



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာတွင် တိမ်မြုပ်ပျောက်ကွယ် လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာ အနုပညာ "ဇော်ယိမ်းအဖွဲ့"ကို လေ့လာဖော်ထုတ်ရန် ဖောင်းလင်းကျေးရွာလေးသို့ ရောက်ရှိခဲ့သည်။ ဖောင်းလင်းကျေးရွာသည် စလင်းမှ ရှစ်မိုင်ခန့်ရှိပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းနှင့် မနီးမဝေးတွင် တည်ရှိသည်။ ရွာဟုဆိုသော်လည်း လူနေထူထပ်သော ရွာကြီးဖြစ်သည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့အနုပညာ ဇော်ယိမ်းအကြောင်းအား ဖော်ထုတ်ရေးသားစေလို၍ မိမိအား ဖောင်းလင်းရွာခံ ဦးသန်းကျော်က ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ဦးသန်းကျော်မှာ အသက် ၆၀ ခန့် ရှိပြီဖြစ်သည်။ ၎င်း၏ ပြောပြမှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။

ဇော်ယိမ်းအကသည် ရှေးမြန်မာမင်းများ လက်ထက်ကပင် စတင်ပေါ်ပေါက်ခဲ့ပြီး အထူးသဖြင့် မင်းတုန်းမင်းကြီးလက်ထက်တွင် မင်းကြီးအနီးအနား၌ အနီးကပ်စောင့်ရှောက်ရသော လက်ရွေးစင်တပ်ဖွဲ့ဝင်များ ဖြစ်သည်။ သူတို့သည် မြန်မာ့သိုင်း၊ ဗန်တို၊ ဗန်ရှည် အတတ်ပညာများ အထူးကျွမ်းကျင်တတ်မြောက်သူများဖြစ်သည်။ သူတို့ကိုင်ဆောင်သော အဓိကလက်နက်မှာ ဝါးရင်းတုတ်နှင့်သန်လျက်၊ (အသွားနှစ်ဖက်ပါသောဓား) များကို ကိုင်ကြသည်။ အရေးပေါ်အခြေအနေ မရှိလျှင် မင်းကြီးနှင့် မိဖုရား၊ နန်းတွင်းသူနန်းတွင်းသားတို့ကို ၎င်းတို့တတ်ထားသည့် သိုင်းပညာ၊ ဗန်တို၊ဗန်ရှည် ပညာရပ် များဖြင့် ကပြဖျော်ဖြေရာမှ စတင်၍ ဇော်ယိမ်းအက ပေါ်ပေါက် ခဲ့သည်။ ထိုသို့ ကပြဖျော်ဖြေရာတွင် ကြေးမောင်းကြီး တစ်လုံး၊ မောင်းလက်ခတ်တစ်ခု၊ လင်းကွင်းတစ်စုံ၊ သန်လျက် (သစ်သား)၊ တုတ်ချောင်း (သစ်သား)၊ ဦးထုပ်တို့ ပါဝင်သည်။ ထို့အပြင် ဇော်ဝတ်စုံများကို ဝတ်ဆင်ကြသည်။ စတင်ကပြတော့မည် ဆိုလျှင် ကန်တော့ပွဲ (ငှက်ပျော်သီး သုံးဖီး၊ အုန်း တစ်လုံး၊ လက်ဖက်၊ ကွမ်း) တို့ဖြင့် ဝိဇ္ဇာဇော်ဂျီတို့ကို ရှေးဦးစွာ ပူဇော်ပသရသည်။ ကပြသူများမှာ အမျိုးသားများ ဖြစ်သည်။

ဇော်ယိမ်းကပြရာတွင် ကပြဖျော်ဖြေမည့် အဖွဲ့သား ၁၈ ဦး ပါဝင်သည်။ ယင်းအဖွဲ့သားများအနက် "ဟန်" ဆရာခေါ်သူသည် ဘိုးဘိုးအောင် ဝတ်စုံအဖြူကို ဝတ်ဆင်ထားသည်။ ဝတ်ဆင်ထားသည့် "ဟန်" ဆရာ တစ်ဦး၊ ရသေ့ဝတ်စုံဝတ်ထားသည့် ရသေ့တစ်ဦးမှလွဲလျှင် ကျန်အဖွဲ့သား ၁၆ ဦးတို့သည် ဇော်ဂျီဝတ်စုံ အနီရောင်ဝတ်ဆင်၍ ကပြကြသည်။ "ဟန်" ဆရာမှ လင်းကွင်း နှစ်ချပ်ကိုကိုင်ဆောင်ပြီး ရသေ့မှာ မောင်းနှင့်လက်ခတ်ကို ကိုင်ဆောင်ထားရသည်။ ဇော်ဂျီဝတ်စုံ ဝတ်ဆင်ထားသော အဖွဲ့သားများမှာ ဘယ်ဘက် တွင် ဇော်ဂျီတောင်ဝှေးကိုင်ပြီး ညာဘက်တွင်သန်လျက်ကို ကိုင်ထားရသည်။ ကပြဖျော်ဖြေမှု မလုပ်မီဦးစွာ ကန်တော့ပွဲ ပေးရသည်။ ထို့နောက် ပဏာမ ဘုရားကန်တော့ခန်းဖြင့် ကန်တော့ကြရသည်။ ထို့နောက် ပဏာမတေးသီချင်းကို တစ်ပုဒ်ချင်းသီဆိုကာ စည်းချက်နှင့်အညီ လှုပ်ရှားကြသည်။

ကပြဖျော်ဖြေရာတွင် ယိမ်းအဖွဲ့သားများ၏ ရှေ့တွင် သီချင်းသီဆိုသူက ရပ်၍ သီဆိုပေးရသည်။ အဖွဲ့သားများကလည်း သီချင်းကို သံပြိုင်ဆိုကြသည်။ သီချင်းဆိုသူ၏ ဘေးတွင် မောင်းတီးပေးသူတစ်ဦးရှိသည်။ ရသေ့သည် စိပ်ပုတီးကိုကိုင်၍ ဇော်ကနေသူများအား ပတ်၍ ပွဲကြည့် ပရိသတ်များအား ပျော်ရွှင်စေရန် စနောက်ရသည်။ တစ်တန်းလျှင် လေးယောက်စီကြရသည်။ ထို့နောက် အုပ်စုတစ်ဖက် ရှစ်ယောက်၏ အလယ်တွင် "ဟန်" ဆရာက လင်းကွင်းနှစ်ချပ်ကို ကိုင်ကာ စည်းချက်လိုက်၍ ကကွက်များကို လှုပ်ရှားပေးကာ အဖွဲ့သားများကလည်း ကကွက်အတိုင်း သရုပ်ဖော်ကပြကြသည်။ ထို့ပြင် ဇော်ယိမ်းအဖွဲ့လေးယောက်တန်းထားသော နောက်တန်းဝဲယာ အစွန်တွင် နှစ်ဦးရှိသည်။ ထိုနှစ်ဦးသည် အခြားသူများ ကကွက်နှင့်မတူအောင် ကကွက်များ မှားသည့်ပုံစံနှင့် ကပြစေ၍ ကြည့်ရှုသူများကို ပျော်ရွှင်စေရန် ဟာသအနေဖြင့် ဖျော်ဖြေပေးခြင်းဖြစ်သည်။ သီချင်းများ သီဆိုရာတွင် အနည်းဆုံး သီချင်းအပုဒ် ၂၀ ခန့် သီဆို၊ ကခုန်ကြသည်။ ထိုသို့ ကပြရာတွင် တုတ်ရှည်များကို သန်လျက်ဖြင့် ခုတ်၍ ညီညာသော စည်းချက်များ ဖြစ်စေသည်။ ဇော်ယိမ်းအကမှာ သက်လုံကောင်းသူများသာ ကပြနိုင်သည်။ သွက်လက်မြူးကြွ၍ ကြည့်ရသူများပင် စိတ်ဓာတ်ခွန်အားများ တက်ကြွလာသည်အထိ မြူးမြူးကြွကြွ ညီညာစွာ ကပြကြသည်။

အဆိုပါဇော်ယိမ်းမှာ ရှေးမြန်မာမင်းများ တိုင်းခန်းလှည့်လည်ရာတွင် ဖောင်းလင်းဒေသသို့ ရောက်သောအခါ ကပြဖျော်ဖြေရာမှ ဖောင်းလင်းဒေသတွင် ဇော်ယိမ်းအက စတင်ပေါ်ပေါက်ခဲ့သည်။ ကိုလိုနီခေတ်တွင် ဇော်ယိမ်းအကများ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့သည်။ ဇော်ယိမ်းအကကို မပျောက်ပျက်စေရန် ဇော်ဆရာများအဆင့်ဆင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၄၅ ခုနှစ် ဝန်ကြီးချုပ်ဦးနုလက်ထက် မန်းရွှေစက်တော်ဘုရားတွင်လည်းကောင်း၊ သမ္မတကြီး ဦးမန်းဝင်းမောင် လက်ထက်တွင် ရန်ကုန်မြို့ညောင်ရမ်းဆရာတော်ကြီး၏ ဈာပနပူဇော်ပွဲတို့တွင်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ သမ္မတအိမ်တော်ရာ၊ ဝန်ကြီးများ၏ အိမ်တော်ရာများတွင် ကပြဖျော်ဖြေခဲ့ကြသည်။ ဤသို့ဖြင့် ရန်ကုန်မြို့တွင် တစ်လနီးပါးကြာ ကပြခဲ့ရသည်။ ယင်းနောက် ပဲခူးစေတီတော်ဘုရားကြီးတွင် ပူဇော်ကပြခဲ့သည်။ ထို့နောက် စာပေဗိမာန်ပွဲတော်တွင် ကပြရာ ရုပ်ရှင်များဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ နိုင်ငံတော်မှ ဇော်မှတ်တမ်းပုံများ ထည့်သွင်း၍ မှတ်တမ်းတင်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဒီဇင်ဘာလနှင့် ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလတို့တွင် ချောက်မြို့ရှိ တပ်မဟာ ၁၀ မှ ဦးစီး၍ တရုတ်-မြန်မာချစ်ကြည်ရေးကို အတိတ်နိမိတ်ကောင်းယူ၍ အဆိုပါပွဲများတွင် ကပြဖျော်ဖြေခဲ့ကြသည်။

၁၉၆၁ ခုနှစ် မေဒေးနေ့တွင် ချောက်မြို့၌ ပန်ဆရာတော်ကျောင်းမှ ဆရာကြီးများ၊ စိန်တလေး၊ မြတလေးတို့နှင့် ဇော်ယိမ်းအတွေ့အကြုံများကို ဖလှယ်၍ ကပြခဲ့ဖူးသည်။ ၁၉၆၂ ခုနှစ် ချောက်မြို့မေဒေးပွဲတော်တွင်လည်း ကပြဖျော်ဖြေခဲ့သည်။ ထို့အပြင် မိုးကုတ်မြို့တွင်လည်းကောင်း၊ မြန်မာပြည်အလယ်ပိုင်း၌ အစိုးရပွဲများ၊ အလှူမင်္ဂလာပွဲများ၊ ဘုန်းကြီးပျံပွဲများတွင် ကပြခဲ့ကြသည်။ ပခုက္ကူဆရာတော်ကြီး၏ ဈာပနတွင် လည်း ကပြပူဇော်ဖျော်ဖြေခဲ့သည်။ ဤသို့ဖြင့် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာသော ဖောင်းလင်းရွာ ဇော်ယိမ်းသည် ရှင်ပြုမင်္ဂလာ၊ ဘုရားပွဲများတွင် ဖိတ်ကြားငှားရမ်းသူများရှိပါက လိုက်ပါကပြလျက်ရှိကြောင်းနှင့် သို့သော် မြန်မာ့ရိုးရာဇော်ယိမ်းအကကို သိရှိသူနည်း၍ ဖိတ်ကြားငှားရမ်း သူနည်းပါးလျက်ရှိသော်လည်း ဖောင်းလင်းရွာသူ ရွာသားများသည် ရှေးနှစ်ပေါင်းရာကျော်ကပင် ထိန်းသိမ်းလာသော မြန်မာ့ရိုးရာ ဇော်ယိမ်းအက မပျောက်ကွယ်စေရေး ကြိုးပမ်းစောင့်ရှောက်လျက်ရှိသည်။ သို့ဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ ပျောက်ကွယ်လုနီးပါးဖြစ်သော စလင်းမြို့နယ် ဖောင်းလင်းကျေးရွာမှ ဇော်ယိမ်းအဖွဲ့ကို ဖိတ်ကြားငှားရမ်းခြင်းဖြင့် ဝိုင်းဝန်းကူညီကြစေရန် ရည်ရွယ်၍ ဖောင်းလင်း မြန်မာ့ဇော်ယိမ်းအကအကြောင်းကို ရေးသားဖော်ပြလိုက်ရပေသည်။

## စာပေဗိမာန် စာမူဆုရစာအုပ်ဖြန့်ချိ




**နေပြည်တော် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပေပဒေသာ ပထမဆုရရှိသည့် မောင်ချိုဝေ၏ "ဇာတိစိတ်၏ခေါ်ဆောင်ရာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ယနေ့ စာနယ်ဇင်းများတွင် ရေးသားနေကြသော အက်ဆေးဟု ခေါ်ကြသည့် ရသစာတမ်းများ ဖြစ်သည်။ သမိုင်းအမြင်နှင့် လောကအမြင် အလေးကဲနေသော ရသစာတမ်းများဟု ဆိုနိုင်ပါသည်။ မြန်မာစာဘာသာဗေဒဆိုင်ရာများ၊ ပုဂ္ဂိုလ်ကျော်တို့၏ အတွေးအမြင်များ၊ မြန်မာ့ဇာတိမာန် တက်ကြွမှုများအစရှိသည့် အဓိကအကြောင်းအရာကြီးသုံးခုကို မဏ္ဍိုင်ပြုရေးသားထားသည်။ ရသစာတမ်းဖတ်ရှုလိုသူများ၊ မိမိနိုင်ငံနှင့် လူမျိုး၏ ဇာတိပုည ဂုဏ်မာနကို သုတရော၊ ရသပါ ခံစားလိုသူများ သဘောကျနှစ်ခြိုက်စေမည့်စာအုပ် ဖြစ်သည်။

ရောင်းဈေးငွေကျပ် ၈၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂ -၃၀၁၈၆ နှင့်အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့အတွင်း မြို့ဝင်/ မြို့ထွက် မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၁၂ ရက်က ရမည်းသင်းမြို့ သီလဝ(၁) ရပ်ကွက် စံပယ်လမ်းထိပ်မြောင်းအား တူးဖော်ဆောင်ရွက်နေစဉ်**
**အတ်ကလေး(ရမည်းသင်း)**

## ကျောက်တော်မြို့၌ မြို့တိုင်းရင်းသားလူငယ်ဖိုရမ် ကျင်းပ

**ကျောက်တော် မေ ၁၆**

မြို့တိုင်းရင်းသားလူငယ်ဖိုရမ်ကို ကျောက်တော်မြို့နယ် လမ်းမတော်ကျေးရွာ၌ မေ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့တိုင်းရင်းသားလူငယ်ဖိုရမ်တွင် လာမည့် ၂၀၁၈ ခုနှစ်အတွင်း မြို့တိုင်းရင်းသားများ၏ ညီလာခံတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း မြို့လူငယ်များ ကြုံတွေ့နေရသည့် ပြဿနာများကို ဖော်ထုတ်နိုင်ရေး၊ မြို့လူငယ်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး စသည့် ကိစ္စရပ်များကို အခြေခံပြီး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့တိုင်းရင်းသားညီလာခံ ကျင်းပနိုင်ခဲ့ရင် ကျွန်တော်တို့ မြို့လူငယ်တွေရဲ့လူငယ်မူဝါဒတစ်ခု ချမှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာလည်း လူငယ်မူဝါဒတစ်ခု ချမှတ်နိုင်အောင် ကြိုးစားနေတဲ့ အချိန်အခါမျိုးမှာ ကျွန်တော်တို့ မြို့လူငယ်တွေရဲ့သဘောထားတွေ၊ အသံတွေကို တင်ပြခွင့်ရစေချင်တဲ့ သဘောလည်း ပါပါတယ်" ဟု မြို့လူငယ်ဖိုရမ် ပြန်ကြားရေးတာဝန်ခံ ကိုစိုးနောင်က ပြောသည်။

မြို့တိုင်းရင်းသား လူငယ်ဖိုရမ်သို့ ပြည်နယ်အတွင်းရှိ မြို့တိုင်းရင်းသားတို့ နေထိုင်ရာ မြို့နယ်အသီးသီးမှ မြို့လူငယ်ကိုယ်စားလှယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ မြို့လူငယ်ကိုယ်စားလှယ်များ စသည့် လူငယ်ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်လျက်ရှိကြပြီး မြန်မာတစ်နိုင်ငံလုံးတွင် မြို့တိုင်းရင်းသား တစ်သိန်းကျော် နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**မောင်မောင်ကျော့-ပလက်ဝ**

## ဓမ္မစကူးကျောင်း ဖွင့်လှစ်

**မင်္ဂလာတောင်ညွန့် မေ ၁၆** - ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/ရှေ့ရပ်ကွက်၊ ရွှေညောင်ပင်ဇရပ်ကွင်း ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးကျောင်းကို ၂၀၁၇ ခုနှစ်၏ စတုတ္ထအဆင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ တစ်နှစ်ပတ်လုံး သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ သင်တန်းသားများကို ပထမတန်းမှ သတ္တမတန်းအထိ သင်ကြားပေးလျက်ရှိပြီး ဆရာတစ်ဦး၊ ဆရာမ ခုနစ်ဦးဖြင့် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့ဓနစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့ဓနမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စိန်ပန်းပွင့်၊ ထနောင်းပွင့်နှင့် ဗျစ်ပွင့်နောက်တိုးများ

## ဆူးငှက်

နောက်တော့ သက်ဆိုင်ရာဌာနက သူတို့မှားကြောင်း၊ ဦးလေးတွက်တာမှန်ကြောင်း ပြေစာအသစ်ထုတ်ပေးသည်။ ၇၄ ကျပ် ၅၈ပြားပဲကျသတဲ့။ သူငယ်ချင်းက ဆောင်လိုက်တော့မည်ဆိုတော့ ဦးလေးကမဟုတ်ပြန်သေး။ ၇၈ ကျပ် ၆၄ ပြား ဆောင်ထားရသမျှ ပြေစာ စာရွက်တွေပြန်စစ်ပြီး ပိုဆောင်ငွေ ၇၀ ကျပ်နီးပါးကို ပြန်လည်ထုတ်ပေးဖို့ လျှောက်လွှာတင်ခိုင်းသည်။

သူငယ်ချင်းက မပြောရဲတော့ ခိုင်းသည့်အတိုင်း လုပ်ပေးရသည်။ ငွေ ၇၀ လောက်ပြန်ရဖို့ကိစ္စ လျှောက်လွှာအရပ်ရပ်ကိစ္စက ငွေ ၅၀၀လောက်ကျသွားတာ ဦးလေးကို မပြောရဲ။ သူငယ်ချင်းက လက်ဖျားခါပြီး-

"တကယ့်ဗျူရိုကရက်ကြီးပါဗျာ။ နည်းနည်းလေးမှ အတိမ်းအစောင်းမခံဘူးဗျ၊ ဦးလေးနဲ့စိတ်ညစ်ပါတယ်"ဟု ညည်းတွားသည်။ သူက ဆက်ပြီး-

"ကိုယ်တို့က ဘာကြေးညာကြေးဆို ပြေစာပါလည်း ပြေစာကြည့်တာမဟုတ်ဘူး။ တချို့ဆို ပြေစာတောင်မပါဘူး။ တောင်းသမျှ ပေးနေတာခေါက်ရိုးကျိုးနေတော့ ဒီဗျူရိုကရက် ဦးလေးနဲ့ခက်ပါတယ်" ဟု ပြောလေ့ရှိသည်။

ကျွန်တော်ကတော့ လမ်း ၃၀ပေါ်က ရုံးကြီးရှေ့ရောက်တိုင်း ကျွန်တော့်အတွေ့အကြုံတစ်ခုကို သတိရနေဆဲဖြစ်၏။

အထက်မြန်မာနိုင်ငံ ဆရာဝန်များ အသင်းတိုက်မှ ရန်ကုန်မြို့က ပန်းချီဆရာကိုဝသုန်တို့၊ ကိုမောင်မောင်အောင်တို့၊ ကိုဆွေမင်းတို့၊ ကိုစိုးဝင်းငြိမ်းတို့ ပါတိတ်ပန်းချီပြပွဲလာလုပ်စဉ်က ဖြစ်၏။ ကြာလှပါပြီ။ ပြပွဲခွင့်ပြုချက်နှင့် ပတ်သက်၍ သက်ဆိုင်ရာရုံးမှာ ခွင့်ပြုမိန့်ကို ကျွန်တော်ကဘယ်သူမှမရှိတော့သွားယူပေးရသည်။ ရုံးကစာရေးမလေးတွေက 'ပါတိတ်ပန်းချီပြပွဲ' ဆိုတာ အထူးအဆန်းဖြစ်နေ၏။ မကြားဖူး၊ ယုတ်စွအဆုံး ပန်းချီပြပွဲဆိုတာကိုက သူတို့အဖို့တအံ့တသြ။ သူတို့က သူတို့လူကြီးနှင့် ဝင်တွေ့ခိုင်းသည်။ ကျွန်တော်က လျှောက်လွှာကိုင်ကာ ဝင်တွေ့ရ၏။ လူကြီးက မွန်ရည်ဖော်ရွေသည်။ မန္တလေးလိုနေရာမျိုးမှာ ပန်းချီပြပွဲလုပ်မှာကို အားပေးသည်။ ကူညီမည်ဟုဆို၍ ဝမ်းသာရ၏။ ပြီးတော့ အာလာပ သလ္လာပတွေလည်း ပြောဖြစ်သည်။

"ခင်ဗျားတို့ပန်းချီဆရာတွေထဲမှာ ဦးပေါ်ဦးသက်ဆိုတာ အတော်နာမည်ကြီးတာပဲ။ သူ့အကြောင်းတွေ နိုင်ငံခြားမဂ္ဂဇင်းထဲမှာ အများကြီးတွေ့ရတာ။ သူကအမေရိကန်မှာ နေတာလားဗျ"

"မဟုတ်ပါဘူးခင်ဗျ။ သူကမန္တလေးသားပါ။ အခုဆုံးသွားပါပြီ"

"သြော်...သြော်..."

**မြန်မာပြည်တွင်းမှာ ဆရာကြီးများ၏ လက်ရာမြောက်ကားများက မမြင်ဖူး၍ ကြည့်စရာပင်ရှိတော့မှာ မဟုတ်။ မူးလို့ပင် ရှူစရာရှိတော့မှာ မဟုတ်။ ဘယ်ဆရာကြီး၏ကား နိုင်ငံခြားက ဘယ်နှသိန်းနှင့် ဝယ်သွားသည်ကြားရတိုင်း ရင်နာလို့မဆုံး။ လွန်ခဲ့သည့်နှစ်များဆီက မန္တလေးမှာ ရှေးဆရာကြီးများ၏ လက်ရာပန်းချီကားများ အများအပြားထွက်လာ၏။ အခုရှိဦးလေမည် မသိ။ စင်ကာပူဘယ်နှကား၊ အမေရိကန် ဘယ်နှကား ရောက်သွားလားမသိ**

"ဒါထက်အခုပြမယ့်အထဲက ပန်းချီဆရာတစ်ယောက် နာမည်စာလုံးပေါင်းတာမှားနေတယ်။ အဲဒါပြင်လိုက်ဦးဗျ"

"ဘယ်သူပါလိမ့်ခင်ဗျာ"

"ဖေသန်းဗျ၊ 'သ' ကို 'န' သတ်ရမှာ 'ဏ' ကြီးသတ်ပြီး သဏ်းထားတာမှားတယ်။ အဲဒါပြင်လိုက်ပါဦး..."

"ဒါ...ဒါ...ကလောင်နာမည်"

"မဟုတ်ဘူးလေဗျာ၊ ရေးထုံးနဲ့မညီရင် ခွင့်ပြုလို့မရဘူးလေ"

"ဟုတ်...ဟုတ်ကဲ့၊ ပြင်လိုက်ပါမယ်ခင်ဗျ..."

"ကိုင်းဗျာ... ကျွန်တော် လက်မှတ်ထိုးပေးလိုက်ပါမယ်။ ဖွင့်ပွဲတော့ ကျွန်တော်မတက်တော့ပါဘူး။ ရုံးက ကလေးမလေးတွေ လာလိမ့်မယ်"

"ဟုတ်... ဟုတ်ကဲ့၊ ကျေးဇူးပါခင်ဗျ..."

"ကျွန်တော့်မှာ ဖော်ဖော်ရွေရွေ အဆင်ပြေချောမွေ့လာလို့ ဝမ်းသာအားရဖြစ်ခဲ့ရသည်။ ရုံးကြီးရှေ့ရောက်တိုင်း သတိရကာ ကြည်နူးရ၏။ ဖွင့်ပွဲနေ့ရောက်တော့ ရုံးကစာရေးမလေး နှစ်ယောက်ရောက်လာသည်။ ပန်းချီပြပွဲဆိုတာကို အံ့အားတသင့် ဖြစ်နေသည်။ ကျွန်တော့်နားကပ်ပြီး 'ပါတိတ်လုံချည်တွေက ဘယ်မှာလဲ။ သူ့လူကြီးအတွက် တစ်ထည်လောက်ပေးလိုက်ရင် ကောင်းမယ်' ဟု တိုးတိုးပြောတော့ ပါတိတ်လုံချည် မဟုတ်ကြောင်း၊ ပါတိတ်နည်းစနစ်နှင့်ရေးဆွဲသော ပန်းချီကားများ ဖြစ်ကြောင်း ရှင်းပြရသည်။ နားလည်ပုံမပေါ်။

ဖွင့်ပွဲနေ့မှာ ကိုမောင်မောင်အောင်တို့၊ ကိုဆွေမင်းတို့၊ မြတ်ဝင်းထိန်တို့ကို လူမမြင်အောင် ပြပွဲလာပရိသတ်က ဝိုင်းအုံပြီး အော်တိုရေးခိုင်းကြ၊ ပုံဆွဲခိုင်းကြတာကို စာရေးမလေးတွေက အလန့်တကြားကြည့်ပြီး 'အဲဒီစားပွဲက ဘာပစ္စည်းတွေပေးနေလို့ လူတွေဝိုင်းအုံနေကြတာလဲ' ဟု မေး၏။

'သြော် အပေးအယူကိစ္စ၊ အပြန်အလှန်ကိစ္စကို အနုပညာလုပ်ငန်း၊ အနုပညာနှင့်ခွဲခြားနားမလည်သည့်အလွှာပေတကား' ဟု သဘောပေါက်ရ၏။ သူတို့အပြန် လက်ရေးပို့စကတ်လေးတွေပေးလို့ သူတို့က မယူချင်ယူချင် ယူသွားကြသည်။

ကျွန်တော်သည် ရုံးကြီးရှေ့ရောက်တိုင်း ထိုကိစ္စနှင့် ဆက်နွှယ်ကာ ဆရာဝန်များအသင်းတိုက်က ပန်းချီပြပွဲများကိုလည်း ဆက်စပ်လွမ်းဆွတ်နေမိ၏။ မြက်ခင်းစိမ်း၊ ထနောင်းရိပ်နှင့်ဆောင်ဦးနှင်းပွင့်များ။

ဆရာဝန်များ အသင်းတိုက်မှာဆရာပေါ်ဦးသက် အမှတ်တရ ပန်းချီပြပွဲကြီးကတော့ လွမ်းဆွတ်တသစရာ။ ၁၉၉၄ ခု၊ ဇန်နဝါရီ ၁၈ ရက်နေ့မှာ စတင်သည်။ ဆရာ၏ ဂန္ထဝင် မြောက်ပန်းချီကားများအပြင် ဘကြီးသက်၊ ဆရာဦးဝင်းဖေ၊ ဦးခင်မောင်ရင်တို့၏ ပန်းချီကားများပါ ပြသ၏။ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီးမကျန် လာလိုက်ကြတဲ့အနုပညာချစ်သူတွေ။ မန္တလေး တက္ကသိုလ်၊ မန္တလေးဆေးတက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေက ပြပွဲခန်းမက ပြန်သည်မရှိ။

ကျွန်တော်တို့တစ်တွေလည်း ပြပွဲအတွက် ပြင်ဆင်နေသည့်အချိန်ကစ၍ ပတ်စာခွာ ဖျာသိမ်းအထိ ဆရာဝန်များအသင်းတိုက်မှာ အမြဲနေကြရသည်။ ဆရာပေါ်ဦးသက် ဇနီးအန်တီဒေါ်တင်ကြည်ကျွေးသော ထမင်းထုပ်တွေနှင့် လက်ရည်တစ်ပြင်တည်း စားသောက်ကြရပြီး အနုပညာ အလုပ်လုပ်ကြရတော့ ပျော်လို့မဆုံး။ အော်ပီကျယ်။ ပန်းချီ ဘိုစော ၊ ကိုခင်မောင်စန်း၊ ဆရာမောင်နွေထက်၊ စိုးဝင်းငြိမ်း၊ ဆရာညွန့်ဝေသစ်၊ ဆရာချမ်းအေး။ အော်ကြ၊ ဟစ်ကြ၊ သီချင်း ဆိုကြ၊ ကကြခုန်ကြ။

မန္တလေး ဆရာဝန်များအသင်းတိုက်ကလည်း နေရာအကွက်အကွင်း ကောင်း၏။ခြံဝင်းကျယ်ကျယ်။ အနားမှာက လူနေရပ်ကွက်ကျဲကျဲ။ မြောက်ဘက်မှာ ဆေးတက္ကသိုလ် ဆရာဆရာမများ အဆောင်ရှိသည်။ ထိုအဆောင်မှ စာရေးဆရာမ ညိုညိုတင်လှက ခန်းမဘက်ကူးကူးလာပြီး ပို့စကတ်တွေ ရောင်းပေး၏။ အနောက်ဘက်မှာက ရုံးဝင်းကျယ်ကြီး။ အရှေ့ဘက်မှာ ဂျိတီအိုင် ကျောင်းပဲရှိသည်။ တောင်ဘက်မှာ ဘုန်းကြီးကျောင်း။ တောင်ဘက်မှာက ရေနီမြောင်း။ အနောက်နားမှာ ဝါးတဲလေးတွေနှင့် ရွှေတြိဂံလက်ဖက်ရည်ဆိုင်လေးရှိသည်။ ဂျိတီအိုင် တောင်ဘက် ရေနီမြောင်းလေး ဘေးမှာလည်း လက်ဖက်ရည်ဆိုင်လေး။

ဆရာဝန်များအသင်းတိုက် မျက်နှာစာမှာ ပန်းပင်တွေနှင့် မြက်ခင်းစိမ်း။ မြက်ခင်းစိမ်းပေါ်အုပ်မိုးနေသော ထနောင်းပင်၏ အစိမ်းရွှေရွှေ အကိုင်းများ။ ထနောင်းပွင့် ဝါကြန့်ကြန့်လေးတွေ တဖွဲဖွဲကြွေ။ ထနောင်းပင်စည်အခြေပတ်ပတ်လည်မှာ သစ်သားကွပ်ပျစ်က ကျယ်ကျယ်လွင့်လွင့်။ ခန်းမထဲက ဂန္ထဝင်မြောက် ဆင်ဖိုနီတီးလုံးတွေကို ခပ်မျှင်းမျှင်းလေး ဖွင့်ထား၏။ ပန်းချီကားတွေဆီ သွားကြည့်လိုက်၊ ထနောင်းပင်ခြေ ကွပ်ပျစ်ပေါ်လှဲအိပ်လိုက်။ ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာတွေနှင့် စကားပြောလိုက်။ အနောက်ဘက် ဘားကောင်တာမှာ တချို့လည်း ဘီယာပုလင်းကိုယ်စီနှင့် အရောင်တွေစပ်ရင်း ပဋိပက္ခပြင်းထန်နေတတ်သည်။ ဈေးကွက်စီးပွားရေးက အားယူဖွင့်လှစ်စကာလမို့ စားသောက်ဆိုင်ဖွင့်မည့်သူ၊ ဟိုတယ်ဖွင့်မည့်သူ၊ ကုမ္ပဏီရုံးခန်းဖွင့်မည့်သူ၊ လုပ်ငန်းရှင်လက်သစ်တွေလည်း



**ပန်းချီပေါ်ဦးသက်၏ ဆီဆေးပန်းချီကားတစ်ချပ်**

ပန်းချီပြခန်းလာပြီး သူတို့ဆိုင်၊ သူတို့ဟိုတယ်၊ သူတို့ရုံးခန်းမှာ ချိတ်ဆွဲဖို့ ပန်းချီကားစနည်းနာကြသည်။ ရေဆေးကားက တန်ဖိုးငွေသောင်းဂဏန်း၊ ဆီဆေးကားက သိန်းဂဏန်းဆိုတော့ သူတို့အံ့သြနေ၏။ လက်ဝါးလောက်လေးက တစ်သောင်းတန်သလားဟု မေးသည်။

သုံးပေလောက်ရှိမည့် ပန်းချီကားမျိုး ဈေးပေါပေါရချင်တာတဲ့။ ဗန္ဓုလပုံလိုချင်တာတဲ့။ နန်းတော်ပုံ လိုချင်တာတဲ့။ မတတ်နိုင်။ ရှင်းပြလို့ရမှာလည်း မဟုတ်၊ သူတို့ပေါ်ဦးသက်မသိ၊ ဦးဝင်းဖေ မသိ၊ ဖေညွန့်ဝေ မသိ။ သူတို့သိတာ သင်္ဘောဆေး ဗန္ဓုလပုံ။ သွားပေဦးတော့။ ဤသို့ဖြင့် ဆရာပေါ်ဦးသက် အမှတ်တရ ပန်းချီပြပွဲ ပိတ်တော့မည်ဆိုတော့ အချိန်က နေဝင်စ။ အသင်းတိုက်ခန်းမမှာ အမှောင်ရိပ်တွေ ဖုံးလုပြီ။ ထနောင်းအစိမ်းရွှေတွေ အစိမ်းပုပ်ရောင်ကူးပြောင်း။ ပုရစ်သံတွေ စီစီညံလာချိန်။ လူတွေက မပြန်ချင်ကြသေး၊ ခန်းမကြီး မပိတ်ချင်ကြသေး၊ တဒင်္ဂလွတ်လပ်အေးချမ်းသော အနုပညာရပ်ဝန်းလေးမှတစ်ဆင့် သောကအပူတွေဆီ မခိုချင်ကြသေး။ သို့သော် ပြပွဲကြီး ပြီးဆုံးခဲ့သည်။ ဤသို့ဖြင့် ဆရာဝန်များအသင်းတိုက်မှာ ပေါ်ဦးသက် ပန်းချီပြပွဲကြီး အောင်မြင်သွားသောအခါ မန္တလေးတွင် ပန်းချီပြပွဲများကို ဆရာဝန်များအသင်းတိုက်မှာ ဆက်တိုက်ပြသဖြစ်တော့၏။

ပါတိတ်ပန်းချီပြပွဲ၊ ဆရာခင်မောင်စန်းနှင့် စိုင်းကျော်လူ၏ မျက်နှာချင်းဆိုင် ပန်းချီပြပွဲ၊ ဆရာမျိုးမြင့်ဆွေ အမှတ်တရ ပန်းချီပြပွဲ၊ မော်ဒန်ပန်းချီပြပွဲ၊ တူဒေးကာတွန်းပြပွဲ။ အခုတော့ ဆရာဝန်အသင်းတိုက်မှာ ပန်းချီပြပွဲတွေနှင့် အဆက်ပြတ်ဝေးကွာသွားတာ ကြာလှပါပြီ။ အသစ်ဖွင့်လှစ်သော ပန်းချီပြခန်းများ၊ ဂယ်လာရီများမှာသာ ပန်းချီကား ချိတ်ဆွဲပြသတော့၏။ သို့သော် ရေရှည်တည်တံ့နိုင်သည့် ပြခန်းတွေ၊ ဂယ်လာရီတွေ မန္တလေးမှာ သိပ်မရှိ။ ခက်သည်က ပန်းချီပြခန်းတစ်ခု အောင်မြင်မှု အဆုံးအဖြတ်ကို ဘယ်လောက်နှင့် ဝယ်ပြီး ဘယ်လောက်အထိရအောင် ရောင်းနိုင်တာဆိုတာနှင့် တိုင်းနေကြသည်။ ဆရာကြီးများ၏ နာမည်ကျော်လက်ရာများ ဘယ်လောက်ထိ ထိန်းသိမ်းထားနိုင်တယ်ဆိုတာ ဂုဏ်မယူတတ်။

ဘယ်သူမျှ မမြင်ဖူးသေးသည့် ကွယ်လွန်သူဆရာကြီးတစ်ယောက်၏ နာမည်ကျော် ဆီဆေးလက်ရာပန်းချီကားကြီး ချိတ်ဆွဲထားကာ အပိုင်ဝယ်သိမ်းထားနိုင်တယ်ဆိုတာထက် စင်ကာပူ ဝယ်လက်ကို ဘယ်နှသိန်းနှင့် ထုလိုက်နိုင်သည်ကို ဝင့်ကြွားနေကြသည်။ စင်ကာပူမှာ ဒီကားက ဒေါ်လာသောင်းချီသိန်းချီတန်နေတာလည်း မသိ။ နာမည်ကြီး ကွယ်လွန်သူရေဆေးဆရာကြီး၏ ရေဆေးစီးရီးကြီးလည်း လက်ထဲရပါလျက်ထိန်းသိမ်း ဂုဏ်မယူတတ်။ စီးရီးတစ်ခုလုံး ဘယ်နှသောင်းပဲပေးရတာ၊ အခုတစ်ကားတည်း သုံးသောင်းခွဲရတယ်ဆိုတာကို တလွဲဂုဏ်ယူနေကြသည်။

ဤသို့ဖြင့် မြန်မာပြည်တွင်းမှာ ဆရာကြီးများ၏ လက်ရာမြောက်ကားများက မမြင်ဖူး၍ ကြည့်စရာပင်ရှိတော့မှာမဟုတ်။ မူးလို့ပင် ရှူစရာရှိတော့မှာ မဟုတ်။ ဘယ်ဆရာကြီး၏ကား နိုင်ငံခြားက ဘယ်နှသိန်းနှင့် ဝယ်သွားသည်ကြားရတိုင်း ရင်နာလို့မဆုံး။ လွန်ခဲ့သည့်နှစ်များဆီက မန္တလေးမှာ ရှေးဆရာကြီးများ၏ လက်ရာပန်းချီကားများ အများအပြားထွက်လာ၏။ အခုရှိဦးလေမည်မသိ။ စင်ကာပူဘယ်နှကား၊ အမေရိကန် ဘယ်နှကား ရောက်သွားလားမသိ။

ကျွန်တော်တို့သည် ဆရာဝန်အသင်းတိုက်ပန်းချီပြပွဲများ ခင်းကျင်းတိုင်းရေးဖော်များနှင့် လမ်း ၃၀ ပေါ်က လက်ဖက်ရည်ဆိုင်တွေမှာ ထိုင်ဖြစ်ကြသည်။ တမေ့တမြောထိုင်ရင်း လမ်း ၃၀ ကို ငေးမောကြည့်ရင်းခံစားမိကြသည်။ တစ်နေ့မနေ့ကပဲ ရုံးကြီးနား လမ်း ၃၀ ပေါ်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထိုင်ရင်း ပြောင်းလဲသွားသော လမ်း ၃၀ ကို သုံးသပ်နေမိသည်။ လက်ဖက်ရည်သောက်ဖက်မိတ်ဆွေက လမ်း ၃၀ အပြောင်းအလဲနှင့်ပတ်သက်၍ သူ့အတွေ့အကြုံကို ပြောပြသောအခါ ရင်မောစရာ။ သူက ဤသို့ဆိုသည်။

"ကျွန်တော်တက္ကသိုလ်ကျောင်းတက်တုန်းက အရှေ့ပြင် မဟာဝိဇိတာရာမတိုက်ထဲ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ နေရတာဗျ။ တစ်ခါတလေအဆန်းထွင်ချင်လို့ ဘီယာလေး အရက်လေးသောက်ချင်ရင် အနီးအနားမှာ အရက်ဆိုင်မရှိဘူး။ ဘယ်ထိ သွားသောက်ရတယ်ထင်လဲ သိလား။ ဟိုအနောက် ၇၃ လမ်းအထိသွားရတာ။ ၇၃ လမ်းနဲ့ လမ်း ၃၀ ထောင့်က စိန်ဝင်းဘားရောက်မှပဲ အရက်နဲ့ဘီယာရတာ။ နောက်ဘူတာကြီးမြောက်ဘက်က ဇေရက်နဲ့ဆို မန္တလေးအရှေ့ခြမ်းမှာ အရက်ဆိုင်က နှစ်ဆိုင်ပဲရှိတာဗျ။ ဟိုတစ်နေ့က ကျွန်တော်လည်း အလကားနေရင်း ၆၂ လမ်းကနေဘူတာကြီးအထိ လမ်း ၃၀ ပေါ်မှာ ဘီယာနဲ့အရက်ဆိုင်တွေ ရေကြည့်တာ ဆိုင်နှစ်ရာလောက်ရှိတယ်။ မယုံမရှိနဲ့၊ ကိုယ်တိုင်ရေထားတာ"တဲ့။

ဗူလိုင်လဆန်းပိုင်းက ထိုမိတ်ဆွေနှင့်ကျွန်တော်လမ်းပေါ်၌ တွေ့သောအခါ မိတ်ဆွေက-

"ကိုယ့်ဆရာရေ၊ လမ်း ၃၀ ပေါ်က အရက်ဆိုင်တွေ ကျွန်တော်မနေ့က ထပ်ရေတာအသစ်ခြောက်ဆိုင်ထပ်တိုးနေတယ်ဗျ။ အရင်စာရင်းကို ပြင်လိုက်ဦး"ဟု အော်ဟစ်သွားလေ၏။

အခုသူဘယ်လမ်းတွေကို ဘယ်လိုသုတေသနထပ်လုပ်နေသလဲဆိုတာတွေ့ရင် မေးကြည့်ရပေဦးမည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ဝါးပင်၊ ဝါးတောများ ထူထောင်ခြင်းဖြင့် ပူနွေးမှုကို အမြန်ဆုံးလျှော့ချနိုင်မည်

**ရန်ကုန် မေ ၁၆**

ပူနွေးမှုကို လျှော့ချသွားနိုင်ရန်အတွက် ဝါးပင်ဝါးတောများ ဒေသအလိုက် ထူထောင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း အတွင်းရေးမှူး ဦးလှဌေးဝင်းက ပြောသည်။

''ကျွန်တော်တို့နိုင်ငံမှာ သစ်တောတွေ မရှိတော့ဘူး။ သစ်တောတွေ လျော့နည်းလာတဲ့အတွက် ပူနွေးမှုက သိသိသာသာ တိုးလာတာတွေ့ရပါတယ်။ ဒီပူနွေးမှုကို လျှော့ချဖို့ဆိုရင် ဝါးပင်ဝါးတောတွေကို ဒေသအလိုက် အင်တိုက်အားတိုက် စိုက်ပျိုးသွားကြဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ဝါးပင်တွေက အခြားအပင်တွေလို နှစ်တွေအကြာကြီး စောင့်စရာမလိုဘူး။ နှစ်နှစ်အတွင်းမှာတောကြီးဖြစ်လာနိုင်ပါတယ်။ ဝါးပင်တွေရဲ့ ကာဗွန်စုပ်ယူမှုက အခြားအပင်တွေထက် ၃၅ ရာခိုင်နှုန်းပိုများပါတယ်။ ဒါကြောင့်မို့ ပူနွေးမှုကို လျှော့ချဖို့ဆိုရင် ဝါးပင်တွေကို အမြန်ဆုံး စိုက်ပျိုးသွားရမှာဖြစ်ပါတယ်''ဟု ၎င်းက မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းပြပွဲတွင် ပြောသည်။



မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းအနေဖြင့် လွန်ခဲ့သော တစ်နှစ်ကစပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝါးစိုက်ပျိုးရေးကို စည်းရုံးလုပ်ဆောင်ခဲ့ကြောင်း၊ ယခုအခါ တစ်ဦးလျှင် ၁၀ ကေမှ ကေ ၁၀၀ ကျော်အထိ စိုက်ပျိုးသူတောင်သူများ များပြားလာခဲ့ပြီဖြစ်ကြောင်း၊ လာမည့် သုံးနှစ်အတွင်း ဝါးစိုက်ပျိုးမှု တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံတစ်နံတစ်လျား စိုက်ပျိုးလျက်ရှိသော ဝါးများမှာ ကြက်သောင်းဝါး၊ ဝါးယား၊ ထီးရိုးဝါး၊ သိုက်ဝါး၊ တင်းဝါး၊ မျှင်ဝါး၊ ဝါးနီးဝါးအစရှိသည့် ဝါးအမျိုးအစားပေါင်း ၁၅ မျိုးခန့်ရှိကြောင်း၊ သစ်တောများအမြန်စိမ်းလန်းစေရန်အတွက် ဝါးပင်သည် လွန်စွာအရေးပါလှကြောင်း၊ ဝါးပင်သည် အကြီးမြန်ပြီး သစ်နေရာတွင် အစားထိုးနိုင်ကြောင်း သိရသည်။

ဝါးကို သစ်နေရာတွင် အစားထိုးအသုံးပြုနိုင်သည့်အပြင် ဟင်းလျာအဖြစ် မျှစ်ကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ဝါးပင်များစွာ ရှိသော်လည်း မျှစ်အဖြစ် စားသုံးနိုင်သော ဝါးမျှစ်မျိုး ၃၀ ခန့်သာရှိကြောင်း၊ တရုတ်နိုင်ငံသည် မျှစ်မှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံခန့်ရှိပြီး အလုပ်သမား ၁၈ သန်းကို အလုပ်အကိုင်ပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဝါးမှစီးပွားဖြစ်ထုတ်ကုန်များစွာ ထုတ်လုပ်ကာ ဝင်ငွေတိုးပွားရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းထံမှ သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အနီအောက်ရောင်ခြည်သုံးစက်အား အသုံးပြု၍ မြေဆီလွှာစစ်ဆေးတိုင်းတာခြင်း နည်းပညာသင်တန်းပို့ချ

**နေပြည်တော် မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန(ရေဆင်း)၌ သြစတြေးလျနိုင်ငံ စိုက်ပျိုးရေးသုတေသန ဗဟိုဌာန၏ အကူအညီဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ စိုက်ပျိုးရေးကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် တောင်သူများ၏ မြေဆီလွှာဆိုင်ရာပြဿနာများ အလျင်အမြန်ဖြေရှင်းပေးနိုင်ရေး ရည်ရွယ်၍ MIR(Mid Infrared reflectance spetroscopy) စက်အား အသုံးပြုပုံ၊ အသုံးဝင်ပုံများနှင့် ပတ်သက်သည့် နည်းပညာသင်တန်းကို မေ ၁၅ ရက်မှစ၍ ငါးရက်တာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ဦးက အမှာစကားပြောကြားရာတွင် ယခုသင်တန်းမှ ပို့ချပေးသည့် နည်းပညာများသည် မိမိတို့ဌာနရှိ မြေဆီလွှာပညာရှင်များအတွက် တောင်သူများ၏ မြေဆီလွှာနှင့် သက်ဆိုင်သည့် ပြဿနာများ ဖြေရှင်းပေးရန်၊ အဖြေရှာပေးရန်လုပ်ငန်းများတွင် များစွာအထောက်အကူပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် MIR စက်တစ်လုံးစီအား စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများသို့ ပေးအပ်လှူဒါန်းခဲ့မှုတို့အပေါ် အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

အဆိုပါ MIR နည်းပညာကို အသုံးပြုကာ မြေဆီဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ပါက မြေဆီလွှာအတွင်း ပါဝင်သည့် နိုက်ထရိုဂျင် (Total Nitrogen)၊သံဓာတ် (Iron)၊ မြေအနုအကြမ်း(Soil Textures)၊ အော်ဂဲနစ်ကာဗွန်(Organic Carbon)၊ ဓာတ်ဖိုဖလှယ်စွမ်းအား (CEC)၊ မြေဆီလွှာအစိုဓာတ် (Soil Moisture)၊ မြေချဉ်ငန်ဓာတ် (pH) အစရှိသည်တို့ကို အချိန်တိုအတွင်းလျင်မြန်စွာတွက်ချက် သိရှိနိုင်ကြောင်းနှင့် လွဲပြောင်းနိုင်မှု အညွှန်းကိန်း Phosphorusbuffering (PHI) အပင်မှရေရရှိနိုင်မှု plant available water capacity အစရှိသည်တို့ကိုလည်းခန့်မှန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ထန်းပင်ကုန်းကြီးရွာ၊ ကန်စွယ်ရွာအောင်ပြည်ငြိမ်းချမ်းကျွဲတဲကျောင်းတိုက်၌ သဒ္ဓမ္မပီတိသန္တိသုခ အသင်းကြီးက ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုနှုတ်ဖြေ၊ ရေးဖြေစာမေးပွဲကြီးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ (သမဏအာဇာနည်) အရှင်သူမြတ်၏ မတည်လှူဒါန်းဦးဆောင်မှုဖြင့်မေလဒုတိယပတ်ကကျေးရွာပေါင်း ၁၆ ရွာမှ ကျောင်းသားကျောင်းသူလူငယ်များလာရောက်ဖြေဆိုကြစဉ်**
အောင်သန်းထွန်း

## ပုပ္ပားကုန်းရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုဝင်များအား ကျန်းမာရေးအသိပညာပေး

**နေပြည်တော် မေ ၁၆**

ပြောင်းရွှေ့နေထိုင်သောအိမ်ထောင်စုဝင်များအား နေပြည်တော်ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ညွှန်ကြားချက်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို မေ ၁၁ ရက်က ပုပ္ပားကုန်းရပ်ကွက်၌ ပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်စံအောင်ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးကျော်မင်းနှင့် နေပြည်တော် တပ်မတော် ခုတင် ၁၀၀၀ ဆေးရုံမှ အထက်တန်းသူနာပြု ဗိုလ်ကြီးရန်နိုင်ထွန်းတို့က ပြောင်းရွှေ့ဆဲအိမ်ထောင်စုဝင်များအား ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ သန့်ရှင်းသောအစားအစာ၊ သန့်ရှင်းသောရေ၊ ကိုယ်လက်သန့်ရှင်းခြင်းနှင့် သန့်ရှင်းသောယင်လုံ အိမ်သာသုံးစွဲခြင်းဟူသော (သန့်လေးသန့်)အကြောင်းကိုလည်းကောင်း၊ ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပွားတတ်သောကူးစက်ရောဂါများကို လည်းကောင်း၊ ပူပြင်းသောရာသီတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း နေပူထဲမထွက်ရန် မဖြစ်မနေ နေပူထဲထွက်ခဲ့ပါက အပူဒဏ် ကာကွယ်နိုင်ရန် ဦးထုပ်၊ ထီး၊ ဖိနပ်၊ အင်္ကျီလက်ရှည်တို့ကို လုံခြုံစွာဝတ်ဆင်သွားရန်နှင့် လက်ဆေးခြင်းနှင့် ကဗျာရွတ်ဆို၍ လက်ဆေးနည်းစနစ်ကျစေရန် သရုပ်ပြဟောပြောဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး

**နေပြည်တော် မေ ၁၆**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က နေပြည်တော်ပုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန် ကြားမှုဦးစီးဌာနရုံး (နေပြည်တော်)၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တော်အတွင်းရှိ ယဉ်မောင်းသင်တန်းကျောင်းများမှ သင်တန်းသားသင်တန်းသူများအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောခြင်း၊ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခြင်းများ ပြုလုပ်ပေးခဲ့ပြီး တက်ရောက် လာကြသူ များမှ မိမိတို့သိရှိလိုသည်များအား ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

## ဂျပန်နိုင်ငံ မီတို-နီရှီ ရိုထရီကလပ်မှ စာအုပ်လှူဒါန်း

**ရွှေတောင် မေ ၁၆**

ကလေးများစာပေကို အလွယ်တကူလေ့လာဖတ်ရှုရန်ရည်ရွယ်လျက် မီတို-နီရှီ ရိုထရီကလပ်မှ စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို မေလဒုတိယပတ်က ရွှေတောင်မြို့နယ်ရုံးကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့က အာကီစံကမီတို-နီရှီ ရိုထရီကလပ်အကြောင်း မိတ်ဆက်ပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မီတို-နီရှီ ရိုထရီကလပ်မှ လှူဒါန်းသောစာအုပ်များကို ကလေးငယ်နှစ်ဦးကလက်ခံရယူပြီး အ.ထ.က ရွှေတောင်မှ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ မသင်းသင်းမြတ်က လှူဒါန်းထားသောစာအုပ်များထဲမှ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသော ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည့် တတိယ အကြိမ်မြောက်ကလေးစာပေပြိုင်ပွဲ ၂၀၁၆ ၌ ပထမဆုရရှိသည့် ''တူယှဉ်တွဲလို့နေကြမယ်''စာအုပ်ကိုဖတ်ပြခဲ့ကြောင်း သိရသည်။

**မဆင့်(ပြန်/ဆက်)**

## ပထမတန်းသင်ရိုးသစ် ဆွေးနွေးပွဲ သင်တန်းဖွင့်

**ပေါင်းတည် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ပထမတန်း သင်ရိုးသစ်ကျောင်းမိသားစုအဆင့် သင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း ပညာရတနာ ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဒုတိယပညာရေးမှူး ဦးဝင်းလှိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းမှူး ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်နှင့် သင်တန်းကြီးကြပ်သူ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းတို့က သင်တန်းအကြောင်းနှင့် သင်တန်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမ ၃၂၂ ဦးတို့ တက်ရောက်ပြီး နည်းပြဆရာ ၂၀ တို့က မေ ၁၃ ရက်မှ ၂၆ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# အင်းလေးကန်အတွင်း နုန်းပို့ချမှု လျော့နည်းသက်သာစေရန်ဆွေးနွေး

**နေပြည်တော် မေ ၁၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကူပြင်ကြိုးဝိုင်းအတွင်းရှိ ရွှေတောင်ကုမ္ပဏီ၏ အပါချီဘိလပ်မြေစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဝင်းအတွင်း ပျိုးဥယျာဉ်တည်ထောင်ထားရှိမှု၊ စက်သုံးဆီသိုလှောင်ကန်များမှ စွန့်ပစ်အညစ်အကြေးများသဘာဝရေချောင်းများအတွင်း တိုက်ရိုက်စီးဝင်စေခြင်းမရှိစေရေးသန့်စင်စနစ်တည်ဆောက်နေမှု၊ ဝန်ထမ်းများနှင့် ဒေသခံများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးရန် ဖွင့်လှစ်ထားသည့် စက်ရုံရှိဆေးခန်းတို့ကို ဦးစွာစစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကူပြင်ကြိုးဝိုင်းအတွင်း ဘိလပ်မြေစက်ရုံအတွက် ထုံးကျောက်တူးဖော်နေသည့် လုပ်ကွက်ကို သွားရောက်ကြည့်ရှုပြီး မြေအသုံးချမှု၊ ရေဝေရေလဲဧရိယာအလိုက် သဘာဝရေချောင်းများစီးဆင်းနေမှုနှင့် စက်ရုံမှ အခိုးအငွေ့ထုတ်လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ကုမ္ပဏီမှတာဝန်ရှိသူက အပါချီဘိလပ်မြေစက်ရုံအနေဖြင့် ကမ္ဘာ့ဘဏ်၏အဖွဲ့ခွဲတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Cooperation) ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သောလုပ်ဆောင်မှု စံသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး လိုက်နာဆောင်ရွက်မှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး



ဒေါက်တာညီညီအောင်နှင့်အတူ ကလောမြို့နယ် ဝက်ဖြူရေကြီးဝိုင်းမြေဧရိယာ ဧက ၉၀၀ အတွင်း ရှမ်းရိုးမဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း တည်ထောင်မည့်နေရာကိုလည်းကောင်း၊ ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအနီး Green Hill Vally ကုမ္ပဏီမှဖွင့်လှစ်ထားသည့် ဆင်ထိန်းသိမ်းစခန်းအားလည်းကောင်း ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့နယ် တောင်လေးလုံးကြိုးဝိုင်းအတွင်းရှိ တောင်လေးလုံး သစ်တောသုတေသနစခန်းသို့ ရောက်ရှိပြီး အင်းလေးကန်အတွင်းနုန်းပို့ချမှု လျော့နည်းသက်သာစေရန်ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍ တောင်လေးလုံးဒေသမှ အင်းတိန်ဒေသအထိတောင်ကြောတစ်လျှောက် ၂၀၁၇ ခုနှစ်မိုးရာသီတွင် သစ်တောဦးစီးဌာန ဒေသခံပြည်သူများနှင့် အသင်းအဖွဲ့များစုပေါင်း၍ သစ်ပင် ၅၀၀၀၀ စိုက်ပျိုးမည့်စီမံချက်ကို ဆွေးနွေးတိုင်ပင်ပြီး စခန်းအတွင်းပြုစုပျိုးထောင်ထားသော ၂၀၁၇ခုနှစ် မိုးရာသီလူထုဖြန့်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှစ်သင်းပတ်လည်ဖူဆယ်ဘောလုံးပြိုင်ပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး မေ ၁၆**

အမရပူရမြို့တောင်သမန်မြက်ခင်းတု အားကစားကွင်း၌ ပထမအကြိမ် ရှစ်သင်းပတ်လည် ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၄ ရက်က အမရပူရမြို့ မုန်တန်းတိုးချဲ့ (၄)ရပ်ကွက် ပြဿဒ်ကြီးရပ်ရှိ အဆိုပါတောင်သမန်ကွင်း၌ မြို့မ(က)အသင်းနှင့် ကြယ်စင်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မ(က)အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ တတိယလုပွဲတွင် မြို့မ(ခ)အသင်းက တိုးချဲ့(၄)အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး တတိယဆုရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ OK Futsal ကွင်းပိုင်ရှင် ဦးဥက္ကာက တတိယဆုရ မြို့မ (ခ)အသင်း၊ ဒုတိယဆုရကြယ်စင်စုအသင်းတို့မှ အားကစားသမားများအားတစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေများပေးအပ်ချီးမြှင့်ပြီး ပထမဗိုလ်စွဲသည့် မြို့မ (က) အသင်းအား ကျန်စစ်သားကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်ဇော်ဖြိုးက တစ်ဦးချင်း ဆုတံဆိပ်များ၊ ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ အမရပူရမြို့မှ မြို့မ (က)အသင်း၊ မြို့မ (ခ)အသင်း၊ ကြယ်စင်စုအသင်း၊ SKY Jet အသင်း၊ Friend Ship အသင်း၊ တိုးချဲ့ (၃)အသင်း၊ တိုးချဲ့ (၄)အသင်းနှင့် မျိုးဆက်သစ်အသင်းစသည့် ပြိုင်ပွဲဝင် ရှစ်သင်းတို့ ပါဝင်ကြပြီး မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တောင်သမန်မြက်ခင်းတုအားကစားကွင်း၌ ပတ်လည်ပွဲအဖြစ်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်သည့်ကျေးရွာများသို့သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မေ ၁၆**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ကျေးရွာ အချို့ရှိ ဒေသခံပြည်သူများသောက်သုံးရေ ရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် မေ ၁၃ ရက်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအဖွဲ့က ညောင်ဦးမြို့နယ် ရွာလုကျေးရွာသို့သွားရောက်၍ ဒေသခံများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်စေရန် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အဖွဲ့သည် ရွာလုကျေးရွာရှိ အိမ်ခြေ ၁၅၁ အိမ်အတွက် ရေဂါလန် ၃၂၀၀ လှူဒါန်းပေးခဲ့ပြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် သောက်ရေသန့်ဘူးကြီး ၁၀ ဘူးခန့်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုရှိသည့် ကျေးရွာများအား ဆက်လက်သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ပြီး အခြားရေရှားပါးသည် မြို့နယ်များတွင်လည်း သွားရောက်လှူဒါန်းလျက်ရှိကြောင်း ညောင်ဦးမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးငွေပေးအပ်

**မြဝတီ မေ ၁၆**

မြဝတီ-ကော့ကရိတ်အမြန်လမ်းမတွင် ဧပြီ ၂၈ ရက်က ကော့ကရိတ်ဘက်မှ မြဝတီသို့ မောင်းနှင်လာသည့် ကပေါ်ထူးယာဉ်လိုင်း တိမ်းမှောက်မှုတွင် သေဆုံးသွားခဲ့သည့် ခရီးသည်များနှင့် ဒဏ်ရာရခရီးသည်များအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးငွေပေးအပ်ပွဲကို မေ ၁၄ ရက်က မြဝတီမြို့သောင်ရင်းခန်းမ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက လျော်ကြေးငွေများပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက လက်ခံယူခဲ့သည်။

ယာဉ်လိုင်းမှ သေဆုံးသူ ၂၀ အတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း၂၀၀၊ ထိခိုက်ဒဏ်ရာရသူ ၂၀ ဦးအတွက်ငွေကျပ် ၂၆၅၆၀၀၀ တို့ကို မြန်မာ့အာမခံလုပ်ငန်းမှ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(မြန်/ဆက်)**

## ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်သော လမ်းဆုံလမ်းခွအား ဖြေရှင်းပေးစေလို

**သုဝဏ္ဏဝတီ မေ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အတွင်းရှိ ရန်ကုန် - မော်လမြိုင်အဝေးပြေးလမ်းမကြီးနှင့် သိမ်ဆိပ် - ပိန္နဲတော - လေးကေ ( မြို့နယ်ချင်းဆက်လမ်း ) ဆက်သွယ်ထားသော လမ်းလေးခွဆုံရာနေရာသည် အလွန်ကျဉ်းမြောင်းပြီး မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါနေရာသည် မြို့နယ်ချင်းဆက်လမ်း၏ အစ လမ်းဆုံဖြစ်ပြီး လမ်းနယ်နိမိတ်သည် ပေ ၄၀ ခန့်သာ ရှိသည်။ အဆိုပါလမ်း နယ်နိမိတ်အားပေ ၁၀၀ ဟု သတ်မှတ်ထားသော်လည်းလမ်းတစ်ခုလုံး တိုးချဲ့ဆောင်ရွက်ခဲ့ရာဘီးလင်းမြို့နယ် လေးကေကျေးရွာအထိ ကတ္တရာလမ်းဖောက်လုပ်ပြီးစီးခဲ့၍ သိမ်ဆိပ်ရပ်ကွက်အပိုင် အဆိုပါ နေရာ၌သာ လမ်းချဲ့ထွင်မှုအခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရသည်။

ယင်းလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသော လမ်းဖြစ်သည့်အပြင် လမ်းအသုံးပြုသူမော်တော်ယာဉ်များ တိုးတက်များပြားလာသောကြောင့်ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဆိုပါ လမ်းနေရာကို သက်ဆိုင်ရာမှလမ်းချဲ့ထွင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**ခွန်(ဝင်းပ)**



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရေကြည် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့် မေ ၁၅ ရက်က ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မင်းထွန်းနှင့် အဖွဲ့သည် မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ထို့နောက် အဆိုပါအဖွဲ့သည် ရွှေဘိုတိုးချဲ့ရပ်ကွက်၊ မြို့မရပ်ကွက်၊ ရွှေဘိုရပ်ကွက်အတွင်းရှိလမ်းပိုင်းများအလိုက် အဖွဲ့ခွဲ၍ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(မြန်/ဆက်)**

# ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲ ဘယ်အသင်း ချန်ပီယံဖြစ်မလဲ

— မိုးမြင့်လင်းလက် —



၂၀၁၆-၂၀၁၇ ဘောလုံးရာသီရဲ့ ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်က စတင်ကျင်းပလာခဲ့တာဟာ အခုဆိုရင် နောက်ဆုံး ဗိုလ်လုပွဲကို မေ ၁၇ ရက်မှာ ဂျူဗင်တပ်စ်နဲ့ လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားတော့မှာဖြစ်ပါတယ်။ အီတလီမှာတော့ ကိုပါအီတာလီယာဖလားကို ထိပ်တန်းအသင်းကြီးတွေ အလေးအနက်ထားယှဉ်ပြိုင်ကြပြီး ဖလားကိုင်မြှောက် အောင်ပွဲခံနိုင်အောင်လည်း အားထုတ်ကြတဲ့အတွက် ပရိသတ်အကြိုက်ပြိုင်ပွဲတစ်ပွဲလည်းဖြစ်နေပါတယ်။

ဒီနှစ် ကိုပါအီတာလီယာဖလားပြိုင်ပွဲကို အီတလီစီးရီးအေ အသင်းပေါင်း ၂၀၊ စီးရီးဘီက အသင်း ၂၂ သင်း၊ အီတလီကလီဂါပရို အသင်း ၂၇ သင်း၊ စီးရီးဒီမှ အသင်း ၉ သင်းပါဝင်ယှဉ်ပြိုင်ခဲ့တာမို့ စုစုပေါင်း ၇၈ သင်းအထိ ရှိပါတယ်။ တကယ်တော့ ကိုပါအီတာလီယာဖလားပြိုင်ပွဲကို ၁၉၂၂ ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပေမယ့် ဒုတိယပြိုင်ပွဲကိုတော့ ၁၉၃၅-၁၉၃၆ ဘောလုံးရာသီမှ ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း တစ်နှစ် တစ်ကြိမ် ဘောလုံးရာသီအလိုက် ပုံမှန်ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

ကိုပါအီတာလီယာဖလားကို ၁၉၂၂ ခုနှစ်က စတင်ကျင်းပတဲ့အခါ ဗာဒိုအသင်းက ဖလားရရှိခဲ့ပြီး ၁၉၃၅-၁၉၃၆ ဘောလုံးရာသီမှာတော့ တိုရီနိုအသင်းက ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ဘောလုံးအသင်းတွေ ဆုဖလားရယူခဲ့ရာမှာ ဂျူဗင်တပ်စ်အသင်းက စုစုပေါင်း (၁၁)ကြိမ်၊ ရိုးမားက (၉) ကြိမ်၊ အင်တာမီလန်က (၇)ကြိမ်၊ ဖီအိုရင်းတီးနားက (၆)ကြိမ်၊ လာဇီယိုက (၆)ကြိမ်၊ တိုရီနိုက (၅)ကြိမ်၊ အေစီမီလန်က (၅)ကြိမ်၊ နာပိုလီက (၅)ကြိမ် စသည်ဖြင့် အသီးသီး ဆုဖလားရယူနိုင်ခဲ့ကြပါတယ်။

လောလောဆယ်မှာတော့ ကိုပါအီတာလီယာဖလားကို ဂျူဗင်တပ်စ်အသင်းက ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွေမှာ ဆက်တိုက်ဗိုလ်စွဲထားတဲ့အပြင် ဒီနှစ် ၂၀၁၆-၂၀၁၇ မှာလည်း ဂျူဗင်တပ်စ်တို့နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်လာခဲ့တာမို့ ဒီနှစ်ဗိုလ်စွဲခဲ့ရင်တော့ သုံးကြိမ်ဆက်တိုက်ဗိုလ်စွဲခြင်းဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ၁၉၅၈-၁၉၅၉ နဲ့ ၁၉၅၉-၁၉၆၀ ပြည့်နှစ်တွေမှာ ဆက်တိုက်ဗိုလ်စွဲခဲ့ဖူးပေမယ့် သုံးကြိမ်မြောက်တော့ ဆက်တိုက်ဗိုလ်စွဲခြင်း မရှိသေးပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်အသင်းက ကိုပါအီတာလီယာဖလားနောက်ဆုံးဗိုလ်လုပွဲကို (၁၇)ကြိမ် တက်ရောက်ခဲ့ပြီး (၁၁)ကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါတယ်။

ဂျူဗင်တပ်စ်အသင်းရဲ့ ဒီနှစ် ကိုပါအီတာလီယာဖလား နောက်ဆုံး ဗိုလ်လုပွဲအထိ ဖြတ်သန်းခဲ့မှုကိုကြည့်ရင် ၁၆ သင်း အဆင့်မှာ အတ္တလန္တာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ အေစီမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့တာဖြစ်သလို နာပိုလီအသင်းနဲ့ အကြိုဗိုလ်လုပွဲကစားခဲ့ရာမှာ နှစ်ကျော့ပေါင်း ငါးဂိုးလေးဂိုးနဲ့ အနိုင်ရပြီး အခုလို နောက်ဆုံး ဗိုလ်လုပွဲတက်ရောက်လာခြင်း ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်အသင်းဟာ ၁၆ သင်း အဆင့်ကနေပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တိုက်စစ်မှူးတွေက စုစုပေါင်း ၁၀ ဂိုးသွင်းယူခဲ့သလို ပေးဂိုး ခုနစ်ဂိုးရှိခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေဖလားကို ဆွတ်ခူးရရှိထားသလို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိလည်း တက်လှမ်းထားနိုင်ပြီးဖြစ်ပါတယ်။ အခု ကိုပါအီတာလီယာဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ဖို့အတွက် ကျော်ဖြတ်ရတော့မှာဖြစ်ပါတယ်။

လက်ရှိခြေစွမ်းအရ နောက်ဆုံးကစားခဲ့တဲ့ ရိုးမားနဲ့ ပွဲမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲသာ အနိုင်ရထားပါတယ်။ ရာသီကုန်ချိန်မှာ ပွဲဆက်များလာတဲ့ ဂျူဗင်တပ်စ်ဟာ ခြေစွမ်းယိမ်းယိုင်လာပေမယ့် အခုဗိုလ်လုပွဲမှာတော့ သုံးကြိမ်မြောက် ကိုပါအီတာလီယာဖလားရယူနိုင်တဲ့ သမိုင်းမှတ်တမ်းသစ်ကို ရေးထိုးဖို့ ကြိုးစားပါလိမ့်မယ်။

လာဇီယိုတို့ကတော့ ကိုပါအီတာလီယာဖလားကို စုစုပေါင်း(၆) ကြိမ်ရယူနိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကို (၉)ကြိမ် တက်ရောက်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ ၁၆ သင်းအဆင့်မှာ ဂျီနိုရာကို လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သလို ကွာတားဖိုင်နယ်မှာ အင်တာမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူကာ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ရိုးမားကို နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးနဲ့နိုင်ပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

လာဇီယိုအသင်းဟာ အခုတလော နိုင်ပွဲတွေဆက်နေပေမယ့် ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဖီအိုရင်းတီးနားကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ဂျူဗင်တပ်စ်နဲ့ လာဇီယိုတို့ရဲ့ အသင်းလိုက်ရော တစ်ဦးချင်း ခြေစွမ်းပါကြည့်ရင် ဂျူဗင်တပ်စ်တို့က အားသာချက်ရှိနေပြီး တိုက်စစ်ရော၊ ခံစစ်မှာပါ အမှားအယွင်းနည်းလာတဲ့ ဂျူဗင်တပ်စ်တို့ပဲ ဗိုလ်စွဲပါလိမ့်မယ်။ ။

## လာမည့်ဘောလုံးရာသီ၌ စပါးတို့ ပရီမီယာလိဂ်ဖလားရယူရန် အသင့်ရှိနေ

"မိမိတို့အသင်းဟာ လာမယ့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရယူရန် အသင့်ရှိနေပြီဖြစ်ကြောင်း" စပါးတိုက်စစ်မှူး ဟာရီကိန်းက မန်ယူအသင်းကို ဂိုးပြတ်သွင်း အနိုင်ရယူပြီးနောက်တစ်နေ့၌ ထုတ်ဖော်ပြောကြားလိုက်သည်။



အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟာရီကိန်းသည် ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုးရှိခဲ့ပြီး ယခုနှစ်၌ မန်ယူနှင့် ပွဲကစားပြီးချိန်အထိ ပရီမီယာလိဂ်ဂိုး ၂၂ ဂိုး သွင်းယူထားနိုင်သူဖြစ်သည်။ မိမိတို့အသင်းသည် လာမည့် ဘောလုံးရာသီကုန်၌ ပရီမီယာလိဂ်ဖလားကို ဝင်ဘလေကွင်း၌ အောင်ပွဲခံဆွတ်ခူးမည်ဟုလည်း ၎င်းက ထပ်မံပြောကြားသည်။ စပါးအသင်းသည် လက်ရှိအသုံးပြုလျက်ရှိသော ဝှိုက်ဟက်လိန်းကွင်းမှာ သက်တမ်း ၁၁၈ နှစ်ရှိပြီဖြစ်ရာ ကွင်းအသစ် ပြန်လည်တည်ဆောက်မှုကို လာမည့် ဘောလုံးရာသီကာလအတွင်း ပြုလုပ်မည်ဖြစ်သည်။ ကွင်းအသစ် ပြန်လည်တည်ဆောက်နေစဉ်ကာလအတွင်း ဝင်ဘလေကွင်းကို စပါးအသင်းက အိမ်ကွင်းအဖြစ် အသုံးပြုသွားရန် စီစဉ်ထားသည်။

စပါးနည်းပြ ပိုချက်တီနိုကလည်း စပါးအသင်းသည် လက်ရှိကစားသမားကို စုစည်းမှု အမာခံထားကာ ဘောလုံးသမားအသစ်များ ခေါ်ယူဖြည့်ဆည်းသွားရန် အစီအစဉ်ရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။



## ပလေယာ ချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲ တောင်ကိုရီးယားလူငယ် ကင် ဗိုလ်စွဲ

၂၀၁၇ ခုနှစ် ပလေယာချန်ပီယံရှစ်ဂေါက်ရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားမှ လူငယ်ဂေါက်ရိုက်သမား ကင်ဆီဝူးက ဗိုလ်စွဲခဲ့ရာ ပလေယာ ချန်ပီယံရှစ် ဂေါက်ရိုက်ပြိုင်ပွဲ သမိုင်းတွင် အသက်အငယ်ဆုံးချန်ပီယံ ဖြစ်လာခဲ့သည်။

ကင်ဆီဝူးသည် အသက် ၂၁ နှစ်အရွယ်သာရှိသေးပြီး ပလေယာချန်ပီယံရှစ်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၆၉ ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်း၏ နောက်တွင် အင်္ဂလန်မှ ဂေါက်ရိုက်သမား လန်ပေါလ်တာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ ဒုတိယရရှိခဲ့သည်။

ပလေယာ ချန်ပီယံရှစ်ဂေါက်ရိုက်ပြိုင်ပွဲ သမိုင်းတွင် အသက်အငယ်ဆုံး ချန်ပီယံအဖြစ် ၂၀၀၄ ခုနှစ်က အသက် ၂၃ နှစ်အရွယ်ရှိ အဒမ်စကော့က မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။ ကင်ဆီဝူးသည် ပြီးခဲ့သည့်နှစ်ကလည်း ဝင်ဒီဟမ်ချန်ပီယံရှစ် ဂေါက်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ရာ အသက် ၂၂ နှစ် မတိုင်မီ PGA Tour ဂေါက်ပြိုင်ပွဲများတွင် ၂၅ နှစ်အတွင်း ချန်ပီယံ နှစ်ကြိမ် ရရှိခဲ့သည့် လေးဦးမြောက် လူငယ်ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

### ရီးရဲမက်ဒရစ်မှ ဂျိမ်းရိုဒရီဂွက်ဇ်ခေါ်ယူရေး မန်ယူနှင့် အကြို သဘောတူညီမှုရရှိထား

ရီးရဲမက်ဒရစ်မှ ကွင်းလယ်ကစားသမားနှင့် တိုက်စစ်မှူး တစ်ဦးဖြစ်သည့် ဂျိမ်းရိုဒရီဂွက်ဇ်အား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရေး မန်ယူနှင့် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ဂျိမ်းရိုဒရီဂွက်ဇ်သည် ကိုလံဘီယာ နိုင်ငံလက်ရွေးစင် ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ရိုးမားအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၇၉ ဒသမ ၈ သန်းဖြင့် ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ဂျိမ်းရိုဒရီဂွက်စ်သည် ဘင်ဖီကာ၊ ပေါ်တိုအသင်းတို့တွင်လည်း ကစားခဲ့ဖူးသူဖြစ်ကာ ပေါ်တိုအသင်းတွင် ၆၃ ပွဲကစားခဲ့ရာ ၂၅ ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂျိမ်းရိုဒရီဂွက်ဇ်သည် ၂၀၁၄ ခုနှစ်မှ ယခုအထိ ရီးရဲမက်ဒရစ်အသင်းအတွက် ၇၆ ပွဲကစားပေးခဲ့ရာတွင် ၂၈ ဂိုးသွင်းယူပေးထားပြီးဖြစ်သည်။ ယခုအခါ မန်ယူအသင်း ကွင်းလယ်နှင့် တိုက်စစ်အတွက် ပေါ့ဂ်ဘာနှင့်တွဲကစားရန် နည်းပြမော်ရင်ဟိုက ဆန္ဒရှိနေရာ မန်ယူ တာဝန်ရှိသူများနှင့် ရီးရဲမက်ဒရစ် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။



ယခုအခါ မန်ယူနှင့် ရီးရဲမက်ဒရစ်တို့အကြား ဂျိမ်းရိုဒရီဂွက်ဇ် ပြောင်းရွှေ့ရေးအတွက် အကြိုသဘောတူညီချက် တစ်ရပ်ရရှိထားပြီဖြစ်သည်။

# စိုက်ပျိုးရေးအတွက် အကျိုးပြုနေသော ပခုက္ကူခရိုင်အတွင်းမှ မြစ်ရေတင်ကြီးများ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သည်။ တစ်နှစ်လျှင် ပျမ်းမျှ မိုးရေချိန်လက်မ ၂၀ ကျော်သာ ရွာသွန်းကာ ထိုထက်ပင်နည်းသည်လည်း ရှိတတ်သည်။ နွေရာသီရောက်ပြီဆိုလျှင် သောက်သုံးရေ၊ စိုက်ပျိုးရေရှားပါးသည်။ ပခုက္ကူခရိုင်တွင် မြို့နယ်များအနေဖြင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူဟု မြို့နယ်ငါးခုပါဝင်ပြီး ထိုမြို့နယ်များရှိ ကျေးလက်တောရွာများမှ ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်း၊ ထန်းလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

လယ်ယာစိုက်ပျိုးကြသည့် တောင်သူများမှာ ယခင်ကာလများက မိုးကိုမျှော်ပြီး တစ်နှစ်လျှင် မိုးသီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးကြရခြင်းဖြစ်သည်။ ယခုအခါတွင်မူ မြစ်ရေတင်ကြီးများ ရှိနေပြီဖြစ်၍ ထိုမြစ်ရေတင်များ၏ ရေတင်စနစ်မှပေးသောရေဖြင့် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို ရာသီမရွေး စိုက်ပျိုးလုပ်ကိုင်လာကြပြီဖြစ်သည်။

ပခုက္ကူခရိုင်တစ်ခုလုံးတွင် မြစ်ရေတင်ကြီး ၁၄ ခုရှိရာ ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းပါး၌ ရေတင်စက်ရုံတည်ဆောက်၍ ရေတင်စနစ်ဖြင့် ရေတင်ပေးနေသည့် မြစ်ရေတင်လေးခု၊ ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်မှ မြစ်ရေတင် ခုနစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်မှ မြစ်ရေတင် တစ်ခု၊ ပေါက်မြို့နယ်တွင် ယောချောင်းရေတင်နှစ်ခုတို့ဖြစ်သည်။ အဆိုပါ မြစ်ရေတင်ကြီးများမှာ ပင်မ ရေတင်စခန်း အမြင့်ပေမှ တစ်ဆင့် သတ်မှတ်ထားသည့် ရေတင်ကန်များအရောက် (ဒေသအခေါ်)ရေခေါ်မြောင်းမကြီးများမှတစ်ဆင့် စိုက်ပျိုးရေများကို တောင်သူများအား ဖြန့်ဝေပေးလျက်ရှိသည်။

“ပခုက္ကူခရိုင်အတွင်းရှိ မြစ်ရေတင်ကြီးများမှ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ နွေသီးနှံ ၅၅၄၀ ဧကကို ရေတင်စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ ယခင်နှစ် ကာလတူမှာ ၄၈၀၀ ဧကသာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေတင်ခ ကောက်ခံမှု နှုန်းထားများဟာ နိုင်ငံတော်သတ်မှတ်ထားတဲ့ နှုန်းထားများအတိုင်း နွေစပါး ၉၀၀၀ ကျပ်၊ မိုးစပါး ၆၀၀၀ ကျပ်နဲ့ အခြားသီးနှံ ၃၀၀၀ ကျပ်ဖြစ်ပြီး သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက စိုက်ပျိုးတောင်သူများအနေဖြင့် လာရောက်တိုင်ကြားနိုင်ပါတယ်။ အလားတူ တောင်သူများဘက်ကလည်း ရေတင်ခကောက်ခံမှုကို တိတိကျကျ ပေးဆောင်စေလိုပါတယ်။ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် တစ်ခါတလေ လျှပ်စစ်မီးအခက်အခဲဖြစ်တာကိုလည်း တောင်သူများအနေနဲ့ နားလည်ပေးစေချင်ပါတယ်။ ပခုက္ကူခရိုင်အတွင်းမှာ စိုက်ပျိုးမြေယာစီမံကိန်းဧက ၃၈၀၇၀ ရှိသော်လည်း စိုက်ပျိုးနိုင်တဲ့ စိစစ်ဧကဟာ ၂၁၂၆၀ ဧကသာ ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စပါးအပါအဝင် မိုးသီးနှံ ၈၈၆၀ ဧကကို ရေတင်စနစ်ဖြင့် တိုးမြှင့်စိုက်ပျိုးပေးနိုင်ရန် လျာထားပါတယ်”ဟု ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးမြင့်ဦးက ပြောသည်။

ပခုက္ကူခရိုင်တွင် အသားတင်စိုက်ပျိုးနိုင်သည့်မြေယာပေါင်း ၇၄၀၈၂၂ ဧကရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြစ်ရေတင်၊ ဆည်ရေနှင့် ကန်ရေများဖြင့် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံပေါင်း ၇၉၀၆၁၁ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုလရာသီတွင် နွေစပါးနှင့် နွေနှမ်းများကို အဓိကသီးနှံအနေဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူများအတွက် လစဉ်လတိုင်း ကျေးရွာများအထိကွင်းဆင်းပြီး တောင်သူပညာပေးဟောပြောပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရန်နိုင်ဝင်းက ဆိုသည်။



မြစ်ရေတင်ကြီးများကြောင့် လက်ရှိအကျိုးကျေးဇူးခံစားရမှုနှင့် ပတ်သက်၍ ဒေသခံတောင်သူတစ်ဦးက “ကျွန်တော်တို့ငယ်ငယ်က မြစ်ရေတင်တွေလည်းမရှိဘူး။ စပါးပင်လည်းမမြင်ဖူးပါဘူး။ အဲဒီကာလတုန်းက ဒီဒေသမှာ ဆေးရွက်ကြီး၊ ငရုတ်၊ နှံစားပြောင်း စိုက်ပျိုးကြတယ်။ နှံစားပြောင်းစိုက်တော့ နှံစားပြောင်းကိုပဲ ကြိတ်ပြီး ဆန်ထမင်းအစား ပြောင်းထမင်းကိုသာ စားကြရတာပါ။ အခုတော့ မြစ်ရေတင်တွေ တည်ဆောက်ပြီးလို့ ရေတင်စနစ်နဲ့ စပါးနဲ့ အခြား သီးနှံတွေ စိုက်ပျိုးလာနိုင်ကြပါတယ်။ ယခင်ကတောင်သူတွေ တစ်သီးစားဘဝမှ အခု ရာသီမရွေး စိုက်ပျိုးလာနိုင်ကြပါတယ်။ ဒါပေမယ့် သောက်သုံးရေအတွက်တော့ စိတ်ပူ နေရသေးပါတယ်”ဟု ပြောသည်။

ပခုက္ကူခရိုင်အတွင်းရှိ မြစ်ရေတင်များအနေဖြင့် စိုက်ပျိုးရေပေးဝေခြင်းကြောင့် တောင်သူများ အဆင်ပြေလျက်ရှိသော်လည်း အမှန်တကယ် ရေပေးဝေရာတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်များ ရေနည်းပါးလာခြင်း၊ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် ယခုအခါ မီတာယူနစ်များ တိုးမြှင့်ဆောင်ရခြင်းစသည့် အခက်အခဲများလည်းရှိကြောင်း သိရသည်။ သို့ရာတွင် အဆိုပါ မြစ်ရေတင်ကြီးများအနေဖြင့် စိုက်ပျိုးရေသာမက ယခုအခါ သောက်သုံးရေအတွက်ပါ မြစ်ရေတင်စနစ်ဖြင့် ပေးဝေလျက်ရှိရာ ပခုက္ကူခရိုင်အတွင်းရှိ မြစ်ရေတင်ကြီးများမှာ ဒေသဝမ်းစာဖူလုံစေရန်အတွက်ပါ အထောက်အကူပြုလျက်ရှိနေပေသည်။ ။

ဆောင်းပါး-ကျော်ကျော်(မလှိုင်)

## ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရန် အကြံပြုချက်များတင်ပြနိုင်ရေး ဆွေးနွေး

**မန္တလေး မေ ၁၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)က ကြီးမှူး၍ ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရာတွင် အကြံပြုချက်များ တင်ပြနိုင်ရန်အတွက် ကျန်းမာရေးမိသားစုများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့(၃၁)လမ်းနှင့် လမ်း(၇၀)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရတနာပုံခန်းမ၌ မေ ၁၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင်သဘာပတိမြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာခင်မောင်မြင့်က ဤဆွေးနွေးပွဲ၌ ကျန်းမာရေးမိသားစုများအနေဖြင့် မန္တလေးပတ်ဝန်းကျင်ရှိ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ရာတွင် အားနည်းချက် အားသာချက်များကို ပကတိအတိုင်း ဆွေးနွေးတင်ပြစေလိုကြောင်း၊ ဤဆွေးနွေးပွဲတွင် သင်ကြားရေး၊ ကုသရေး၊ ကာကွယ်ရေးများ ပါဝင်မည်ဖြစ်သောကြောင့် ကျယ်ပြန့်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် အဖွဲ့ဖွဲ့စည်းထားပြီး အဖွဲ့ကဦးဆောင်၍ တင်ပြချက်ရလဒ်များကို သုံးသပ်မှတ်တမ်းတင်ကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အငြိမ်းစားညွှန်ကြားရေးမှူး ပါမောက္ခချုပ် ဒေါက်တာအောင်မြင့်က ဆွေးနွေးရေးသား အကြံပြုသူများလိုက်နာရန် SWOT သုံးသပ်ချက်ပုံစံများကို ရှင်းလင်းပြောကြားပြီး မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်၊ မန္တလေး သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သက်ဝေ၊ ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ဆရာဝန်များ၊ သူနာပြုများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍများကို ဆွေးနွေးရေးသားတင်ပြခဲ့ကြသည်။



ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)၏ ကျန်းမာရေးစနစ်ပြုပြင်ပြောင်းလဲရေး အဆိုပြုနိုင်ရေးအဖွဲ့ ( Health System Reform Proposal)မှ အဖွဲ့ဝင်များ၊ မန္တလေး ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သူနာပြု သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်ခုနစ်ခုမှ ဆရာဝန်ကြီးများ တက်ရောက်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ပဋ္ဌမအကြိမ် ယဉ်ကျေးလိမ္မာညီလာခံ ဖွင့်ပွဲကျင်းပ

**လှိုင်ကော် မေ ၁၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့(ဗဟို)၏ ပဋ္ဌမအကြိမ်မြောက် ယဉ်ကျေးလိမ္မာညီလာခံကို မေ ၁၄ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ဂုဏ်ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ပဋ္ဌမအကြိမ်မြောက် ယဉ်ကျေးလိမ္မာညီလာခံဖွင့်ပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဓမ္မရံသီဆရာတော်၊ လွိုင်ကော်မြို့နယ် သံဃနာယကဥက္ကဋ္ဌ သီရိမင်္ဂလာပုံကျောင်းတိုက် ဆရာတော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုဥက္ကဋ္ဌဆရာတော်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့ ဖွဲ့စည်းခြင်းအကြောင်းနှင့် ညီလာခံကျင်းပရခြင်းအကြောင်းကို ရှင်းလင်းမိန့်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးရာများ လျှောက်ထားခဲ့သည်။ ယင်းနောက် ပဋ္ဌမအကြိမ်ညီလာခံကြီးက ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို မော်ကွန်းမှတ်တမ်းရေးသွင်းပြီး ဆရာတော်ကြီးများအား အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် အလှူငွေများပေးအပ်ကာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ညီလာခံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့(ဗဟို)မှ ဆရာတော်များ၊ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဆရာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြို့မိမြို့ဖများနှင့် ယဉ်ကျေးလိမ္မာအဖွဲ့ဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ စုစုပေါင်း ၃၄၀၀ ကျော် တက်ရောက်ခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

## မိုးသက်လေပြင်းကျ၍ အိမ်အချို့နှင့် စာသင်ကျောင်းဆောင် တစ်ဆောင် အမိုးလန်ပျက်စီး

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ပေါ်ဗလုံကျေးရွာအုပ်စုနှင့် ကျောက်ချောကျေးရွာအုပ်စုတို့တွင် မေ ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် လူနေအိမ်အချို့နှင့် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းမှ စာသင်ဆောင်တစ်ဆောင် အမိုးများလန်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။

မေ ၁၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ချောကျေးရွာအုပ်စု ကျောက်ချောကျေးရွာရှိ နေအိမ်တစ်အိမ်နှင့် ကျင်းခေါင်းကျေးရွာ မူလတန်းကျောင်းမှ စာသင်ဆောင်တစ်ဆောင်၏ အမိုးသွပ် ၆၄ ချပ် ပျက်စီးခဲ့ကာ ထိုည ၇ နာရီခွဲခန့်တွင် လေပြင်းထပ်မံတိုက်ခတ်၍ တောင်ပေါ်ဗလုံကျေးရွာအုပ်စု တောင်ပေါ်ဗလုံရွာ၌ နေအိမ်တစ်လုံးပေါ်သို့ မန်ကျည်းပင်ပြိုလဲရာမှ နေအိမ်တစ်ခြမ်း ပျက်စီးခဲ့သလို အခြားနေအိမ်တစ်လုံးမှာလည်း သွပ်မိုးများ လန်ထွက်ပျက်စီးခဲ့ခြင်းဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လေးမျက်နှာ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စုတွင် ဆောင်ရွက်ခဲ့သော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းမှ လုပ်ငန်းများကို ကျေးရွာအုပ်စုလုံးကျွတ် ဆောင်ရွက်ပြီးစီးမှုအတွက် လုပ်ငန်းအောင်မြင်ခြင်း အထိမ်းအမှတ်နှင့် ကျေးရွာအသီးသီးမှ စီမံကိန်းလုပ်ငန်းကော်မတီဝင်များအား ဂုဏ်ပြုပွဲကို ဟံသာအေးကျေးရွာ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လေးမျက်နှာမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးထူးထက်က စီမံကိန်းလုပ်ငန်းများကို စီမံကိန်း၏ရည်ရွယ်ချက်များနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ကြောင်းနှင့် လုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးယဉ်မင်းဦးက ကျေးရွာအုပ်စုလုံးကျွတ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးခေါင်းဆောင် ဦးမျိုးဆန်းက ထောက်ပံ့ပေးသည့် ရန်ပုံငွေများအပေါ် ကျေးရွာလူထုက စနစ်တကျ စီမံခန့်ခွဲနိုင်မှုနှင့် လူထုကိုယ်တိုင်ပါဝင်လာနိုင်အောင် စည်းရုံးဆောင်ရွက်နိုင်မှုတို့ကြောင့် ကျေးရွာတိုင်းတွင် စီမံကိန်းမှခွင့်ပြုရန်ပုံငွေထက် ပိုမိုကောင်းမွန်အောင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းအတွေ့အကြုံ၊ အားသာချက် အားနည်းချက်များကို သင်ခန်းစာယူ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျေးရွာများမှ စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ပိန်းအင်းကျေးရွာအုပ်စုတွင် ကျေးရွာခွဲ ၁၇ ရွာရှိပြီး စီမံကိန်းကို ကျေးရွာ ၁၅ ရွာတွင် ဆောင်ရွက်ခဲ့ရာ တတိယနှစ်စီမံကိန်းအတွင်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၆၀၀ ရရှိခဲ့သည်။ ထိုရန်ပုံငွေဖြင့် ကျေးရွာခွဲအလိုက်ပြည်သူများက ဆောင်ရွက်လိုသည့် ကျေးလက်လမ်းလုပ်ငန်း၊ သောက်သုံးရေပေးဝေရေးလုပ်ငန်း၊ ကျေးလက် မီးလင်းရေးလုပ်ငန်းနှင့် ကျေးရွာခန်းမဆောင် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာနေပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ စီမံခန့်ခွဲနိုင်မှုတို့ကြောင့် လေးမျက်နှာမြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်သည့် ကျေးရွာများအနက် ပထမဆုံး လုပ်ငန်းများပြီးစီးအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း လူထုဗဟိုပြုစီမံကိန်း ကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးမြင့်သိန်းထွန်းထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျေးရွာချင်းဆက်လမ်းနှင့် တံတား ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ဆွတ်ဘွမ်ကုမ္ပဏီလီမိတက်နှင့် ကျင်းရှင်း (ထိန်ချုံး) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဉူးလောက်-ရွာသစ်-ရွှေညောင်ပင် ကျေးရွာချင်းဆက် သဲကျောက်လမ်းနှင့် ဖူမန်းချောင်းကူးတံတား ဖွင့်ပွဲကို မေ ၁၃ ရက်က ကျင်းပခဲ့သည်။

ကျေးရွာချင်းဆက်လမ်းနှင့် တံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ကျင်းရှင်း(ထိန်ချုံး)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဆွတ်ဘွမ်ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးခေါင်ဒေါင်က ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်း၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတံတားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက လမ်းနှင့်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဉူးလောက်-ရွာသစ်-ရွှေညောင်ပင်လမ်းသည် အရှည် မိုင် ၂၀ ရှည်လျားပြီး မိုးရာသီတွင် ရေဝပ်ခြင်းနှင့် ရေကျော်တံတားများ ပျက်စီးယိုယွင်းခြင်းများ ဖြစ်လာသည့်အတွက် ဖြတ်သန်းသွားလာရေး ခက်ခဲလျက်ရှိသောကြောင့် ဆွတ်ဘွမ်ကုမ္ပဏီက ယင်းကျေးရွာချင်းဆက်လမ်းကို ရာသီမရွေးဖြတ်သန်းနိုင်သော ၂၅ ပေအကျယ် သဲကျောက်လမ်းအဖြစ်လည်းကောင်း၊ ချောင်းကူးတံတားခြောက်စင်းကို သံကူ ကွန်ကရစ်တံတားများအဖြစ်လည်းကောင်း ပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီနှစ်ခုအနေဖြင့် အဆိုပါဒေသတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ဥယျာဉ်ခြံမြေများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်လည်း ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လမ်းနှင့်တံတားများ ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုမှ ကာကွယ်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်ပုံငွေ ကျပ် ၆၁၂ ဒသမ ၂၅ သန်း အသုံးပြု၍ ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်စီနံရံနှင့် တမံတည်ဆောက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပြည်သူ့အငှားအိမ်ရာ နေထိုင်ခွင့်ရရှိရေး တိုက်ခန်းနေရာများ မဲနှိုက်ရွေးချယ်

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော လုပ်သက် ၂၅ နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများ နေထိုင်နိုင်ရန် ရွှေဘိုမြို့ မြတောင်ရပ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော ပြည်သူ့အငှားအိမ်ရာများ နေထိုင်ခွင့်ရရှိရေး တိုက်ခန်းနေရာများကို မေ ၁၄ ရက်က ရန်ကြီးအောင်အားကစားကွင်း မိုးလုံလေလုံအားကစားရုံတွင် မဲနှိုက်ရွေးချယ်ခဲ့သည်။



တိုက်ခန်းနေရာများအတွက် မဲမနှိုက်မီ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းက စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ ခန်းတွဲ ၅ ထပ် ပြည်သူ့အငှားအိမ်ရာ အဆောက်အအုံများကို မုံရွာတွင် နှစ်လုံး၊ ရွှေဘိုတွင် နှစ်လုံး တိုက်ခန်းများဆောက်လုပ်၍ နေရာချထားပေးလျက်ရှိကြောင်း၊ ထပ်မံ၍ ၁၂ ခန်းတွဲ ၄ ထပ် အဆောက်အအုံကို စစ်ကိုင်းတွင် နှစ်လုံး၊ ကသာတွင် နှစ်လုံးနှင့် မုံရွာတွင်တစ်လုံး ဆောက်လုပ်လျက်ရှိကြောင်း၊ မေလတွင် မဲပေါက်သူများကို စိစစ်ပြီး ဇွန်လထဲတွင် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့အငှားအိမ်ရာများ ဆောက်လုပ်နေရာချထားခြင်းနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစုမြင့်က တိုက်ခန်းများနေရာချထားပေးမှုအတွက် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တိုက်ခန်းနေရာများကို အများပြည်သူများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်ပေးကာ မဲပေါက်သူများစာရင်းကို ကြေညာပေးခဲ့သည်။

မဲနှိုက်ပေးခဲ့သည့် တိုက်ခန်းအရေအတွက်မှာ အငြိမ်းစားဝန်ထမ်းများအတွက် ၂၅ ခန်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် ၂၅ ခန်းနှင့် ဝင်ငွေနည်းပြည်သူများအတွက် အခန်း ၅၀၊ စုစုပေါင်း အခန်း ၁၀၀ ကို မဲနှိုက်ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကာ အဆိုပါ ပြည်သူ့အငှားအိမ်ရာများ နေထိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့သူဦးရေမှာ အငြိမ်းစားဝန်ထမ်း ၇၃ ဦး၊ နိုင်ငံ့ဝန်ထမ်း ၇၇ ဦးနှင့် ဝင်ငွေနည်းပြည်သူ ၁၈၁ ဦး စုစုပေါင်း ၃၃၁ ဦးရှိကြောင်း သိရသည်။ မဲနှိုက်ရွေးချယ်၍ မဲပေါက်သူများအား စိစစ်ကာ သတ်မှတ်ချက်များနှင့် မညီညွတ်ပါက အရံမဲပေါက်သူများကို ပေးသွားမည်ဖြစ်ကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစုမြင့်၏ ပြောကြားချက်အရ သိရသည်။ **ခင်ဦးစိုးဝေ**

## ကျေးလက်ဒေသများအတွက် အကျိုးရှိစေမည့် ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ်အတွင်းမှ ဆိုလာစနစ်သုံးစွဲနေသည့် ကျေးရွာများတွင် ဆိုလာနှင့်ပတ်သက်သော ပြုပြင်ထိန်းသိမ်းနည်းများကို ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို ဘားအံမြို့ရှိ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မေ ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆိုလာမီး ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BNH(Japan)တို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုသင်တန်းတွင် ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လူငယ်လူရွယ် ၃၃ ဦးအား ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းများကို သင်ကြားပေးခဲ့ကာ ကျေးရွာများတွင် ပြန်လည်၍ ထပ်ဆင့်သင်ကြားပေးနိုင်ရေးအတွက် ပါ သင်တန်းတွင် သင်ကြားပေးခဲ့ကြောင်း သိရသည်။



ကရင်ပြည်နယ်အတွင်းမှ မြို့ပြနှင့်အလှမ်းဝေးကွာသော ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ဓာတ်အားစနစ်၊ ကျေးရွာပိုင်/ကိုယ်ပိုင် မီးစက်စနစ်၊ အသေးစားရေအားလျှပ်စစ်စနစ်၊ အိမ်နီးချင်းနိုင်ငံများ၏ ကူညီမှု၊ ဇီဝဓာတ်ငွေ့နှင့် ဆိုလာစနစ်စသည့် နည်းလမ်းမျိုးစုံဖြင့် ကျေးရွာပေါင်း ၈၈၆ ရွာတွင် ဆောင်ရွက်ထားပြီးဖြစ်ရာ အဆိုပါကျေးရွာများအနက် ဆိုလာစနစ်သုံးစွဲသည့် ကျေးရွာများတွင် ပြုပြင်ထိန်းသိမ်းနည်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြရန်အတွက် သင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုလာမီး ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး BNH(Japan)မှ အင်ဂျင်နီယာအရာရှိ Mr.Naoshige Shimura က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးက ဆုများချီးမြှင့်ပေးပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေဦးက သင်တန်းသားများထံ ပေးအပ်ခဲ့သည်။
**(ခရိုင် ပြန်/ဆက်)**

## မြန်မာ့အလှ မြန်မာ့ရှုခင်းနှင့်ပတ်သက်၍ မူလတန်းနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ

**ကလေး မေ ၁၆**

ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကလေးများ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ပျော်ရွှင်စေရန် ရည်ရွယ်လျက် မြန်မာ့အလှ မြန်မာ့ရှုခင်း ခေါင်းစဉ်ဖြင့် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို မေ ၁၃ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက် အပေါ်ထပ်ရှိ Community Center ခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကလေးမြို့ရှိ ကျောင်းသား ကျောင်းသူ ကလေးငယ် ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုပေးပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြလွင်တို့က ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားကာ ပန်းချီနည်းပြဆရာ ဦးကျော်ထွန်းက အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ကာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူအားလုံးကိုလည်း အလှူရှင် စာရေးသူ ဆလိုင်းဗန်ကျုံးလျန် (ယူကေ) ရေးသားထုတ်ဝေထားသည့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ်(ခ)ဗိုလ်ဆွန်ပက်၏ နယ်ချဲ့ဖြိုတိသျှတော်လှန်ရေးသမိုင်းစာအုပ်နှင့် အသိပညာ ဗဟုသုတဖြစ်စေမည့် သုတ/ရသ စာအုပ်စာစောင်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ **ဂျူနိုင်း**



# အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းသားခေါ်ယူမှု လျှောက်ထားသူများပြား

**ရန်ကုန် မေ ၁၆**

အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်တန်းများကိုတက်ရောက်နိုင်ရန် မေ ၈ ရက်မှစ၍ လျှောက်လွှာများထုတ်ပေးပြီး မေ ၂၃ ရက်အထိ လျှောက်လွှာများ ပြန်လည်လက်ခံလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမအစိုးရနည်းပညာအထက်တန်းကျောင်းတွင် သင်တန်းတက်ရန် စိတ်ဝင်စား၍ လာရောက်လျှောက်ထားသူ များပြားလျက်ရှိကြောင်း သိရသည်။

“မေ ၁၁ ရက်အထိ လျှောက်လွှာထုတ်ပေးလိုက်တာ ၉၃၅ ဦးရှိပါပြီ။ လာရောက်တင်သွင်းသူက ၈၆ ဦး ရရှိထားပါတယ်။ ဒီကျောင်းကို ၂၀၁၀ ခုနှစ် ဇွန် ၁၄ ရက်ကစပြီး ဖွင့်လှစ်ခဲ့တာပါ။ အဋ္ဌမတန်းအောင်ကျောင်းသားတွေ လျှောက်ထားနိုင်ပြီးတော့ မေ ၂၇ ရက်မှာ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမှာပါ”ဟု အင်းစိန်ရွာမ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးမြတ်ကိုက ပြောသည်။

အစိုးရနည်းပညာအထက်တန်းကျောင်းတွင် သင်တန်းကာလ နှစ်နှစ်အတွင်း၌ သင်တန်းရှစ်မျိုးကို သင်ကြားပေးမည်ဖြစ်ပြီး အခြားဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ မိမိသင်တန်း၏ အထူးပြုဘာသာရပ်နှင့် ပုံဆွဲဘာသာရပ်တို့ကိုလည်း သင်ကြားရမည်ဖြစ်ကြောင်း၊ နှစ်နှစ်သင်တန်း တက်ရောက်၍ ထူးချွန်စွာအောင်မြင်ပါက AGTI ကျောင်းတွင် ဆက်လက် တက်ရောက်နိုင်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများသည် ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီး၊ မင်းတပ်၊ ကလေး၊ မုံရွာ၊ ကျောက်ဆည်၊ ပခုက္ကူ၊ လားရှိုး၊ ပင်လုံ၊ တောင်ကြီး၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ လွိုင်ကော်၊ နေပြည်တော်၊ မကွေး၊ ပြည်၊ တောင်ငူ၊ စစ်တွေ၊ ဟသ်ာတ၊ မအူပင်၊ ပုသိမ်၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ ပင်းပက်၊ မြင်းခြံ၊ ချောင်းဦး၊ ရွာမ(အင်းစိန်)၊ လက်ခုပ်ကုန်း၊ တီးတိန်၊ မန္တလေးတို့တွင် စုစုပေါင်း ၃၄ ကျောင်းရှိပြီး ယခု အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ ဝင်ခွင့်ခေါ်ယူရာတွင် အဋ္ဌမတန်းအောင်မြင်ပြီးသော ကျောင်းသားများကို ခေါ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

# ရေရှားပါးသည့်ကျေးရွာများသို့ MPT က သောက်သုံးရေများလှူဒါန်း

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)က သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ မေ ၁၃ ရက်တွင် ပေါက်သစ်ကျေးရွာ၊ ရွာလုကျေးရွာ၊ တငါ့ကန်ကျေးရွာအုပ်စု ကန်သာယာကျေးရွာနှင့် ကျပ်ထောင်ကျေးရွာများသို့ ရေသယ်ယာဉ်နှစ်စီးဖြင့် ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေလှူဒါန်းရာတွင် ကျောက်ပန်းတောင်းမြို့နယ်ဆက်သွယ်ရေး(အိတ်ချိန်း)မှ တာဝန်ခံ ဦးအောင်မိုးဆွေနှင့် ဝန်ထမ်းများက ရေသယ်ယာဉ်နှစ်စီးဖြင့် ကျေးရွာများသို့ သွားရောက်လှူဒါန်းလျက်ရှိကာ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ သီးခြား အနေဖြင့် လီတာ ၂၀ ဝင် ရေသန့်ဘူးကြီးများကိုလည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။




“ကျွန်တော်တို့ ရေသယ်ယာဉ်အနေနဲ့ Volunteer Group က ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနဲ့ မီးသတ်ဦးစီးဌာနက ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့နဲ့ ပေးပို့လှူဒါန်းသွားမှာပါ။ လမ်းခရီး နီးရင်လည်း နီးသလိုပေါ့။ မနက်ပိုင်းရော ညနေပိုင်းရော ပေးပို့လှူဒါန်းဖို့ စီစဉ်ထားပါတယ်။ ဝေးရင်တော့လည်း တစ်နေ့တည်းနဲ့ တစ်ရွာလောက်ပဲ သွားနိုင်မှာပေါ့။ လောလောဆယ်တော့ ကျေးရွာ ၁၃ ရွာနဲ့ ကျေးရွာဘုန်းတော်ကြီးကျောင်းတွေအတွက် လီတာ ၂၀ ဝင် ရေသန့်ဘူးကြီး ၁၀ ဘူးကို ရေရောဘူးပါ လှူခဲ့လိုက်တာပါ”ဟု ကျောက်ပန်းတောင်းမြို့နယ် ဆက်သွယ်ရေး တာဝန်ခံ ဦးအောင်မိုးဆွေက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း နွေရာသီကာလ ရေရှားပါးမှုရှိသော ကျေးရွာများသို့ နေ့စဉ် ရေများ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကာ လမ်းအခြေအနေ အနီးအဝေးအပေါ် မူတည်၍ တစ်နေ့လျှင် နှစ်ရွာမှ လေးရွာအထိ ပေးပို့လှူဒါန်းသွားရန်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

**တွံတေး မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်းမှ အသင်းအဖွဲ့များဖြစ်သည့် စာရေးဆရာ၊ သဘင်၊ ဂီတ၊ ဗီဒီယို အခြေခံအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၄ ရက်က တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးသက်ဦး၊ လွှတ်တော်တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ဂီတ၊ သဘင်နှင့် ဗီဒီယိုအခြေခံအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးက သဘင်၊ ဂီတ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက စာပေ၊ ဂီတ၊ သဘင်နှင့် ဗီဒီယို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။



ထို့နောက် စာရေးဆရာအသင်း၊ ဂီတ၊ သဘင်၊ ဗီဒီယို အခြေခံအဖွဲ့ဝင်များက အဖွဲ့အလိုက် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ပြီး သဘင်၊ ဂီတအဖွဲ့များက တွံတေးသိန်းတန်ကြေးရုပ်တု မြေနေရာရရှိရေးအတွက် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အစည်းအဝေးပွဲများတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တင်ပြပေးကြရန် ဆွေးနွေးခဲ့သည်။ **မျိုးလှိုင် (တွံတေး)**

**ပန်းတောင်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမင်းချစ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဒေါ်ဇင်မိုးထိုက်နှင့် ဒေါ်ပပဟန်တို့က ဥသျှစ်ပင်မြို့ရွှေပင်ရတနာခန်းမ၌ မေ ၁၁ ရက်က တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်တွင်း ဆောင်ရွက်ချက်များ၊ ဒေသအကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ပြည်သူများနှင့် ယခုကဲ့သို့ မကြာခဏ တွေ့ဆုံသွားမည်ဖြစ်၍ လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြရန် ပြောကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကလည်း ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်တွင်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အတွင်း ကျေးရွာအုပ်စု ခုနစ်စုမှ ကိုယ်စားလှယ်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက လယ်ယာမြေသိမ်းဆည်းခံရခြင်းဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာ၏ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲနေမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်လိုအပ်ချက်များကို တင်ပြဆွေးနွေး မေးမြန်းကြကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက အသေးစိတ်ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

# ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေများလှူဒါန်း

**စစ်တွေ မေ ၁၆**

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ ရေရှားပါးသည့်ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် ရေများလှူဒါန်းလျက်ရှိရာ မေ ၁၄ ရက်တွင် ကျေးတောကျေးရွာသို့ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေများ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ “ဒီနှစ် ရာသီဥတုကလည်းပူတော့ ရေကန်တွေမှာ ရေခန်းခြောက်ပြီး ရေလျော့နည်းလာတယ်။ ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများရဲ့ လိုအပ်ချက်များကို အမြဲ စောင့်ကြည့်ကူညီဖြေရှင်းနေပါတယ်။ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးရရှိရေး၊ ကျေးလက်အိမ်သာစသည်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စိမ့်စမ်းရေသွယ်တန်းခြင်းများ၊ လက်တူးတွင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်ဆွေအေးက ပြောကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ငါ့သရောက် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၄)သိမ်တော်ရပ်ကွက်တွင် ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးခြင်းနှင့် ကုသပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန် ပိုးလောက်လမ်းနှိမ်နင်းခြင်းနှင့် ယင်လုံအိမ်သာ စစ်ဆေးခြင်းလုပ်ငန်းများကို ငါ့သရောက်မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာကံမင်းအောင် ဦးဆောင်သည့် ဝန်ထမ်းများအဖွဲ့က မေ ၁၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ အခုလို မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကူးစက်ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် ရပ်ကွက်များအလိုက် ကွင်းဆင်းပြီး ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ပါတယ်။ အသိပညာပေးဟောပြောပွဲ ပြုလုပ်တဲ့အခါမှာလည်း ပြည်သူလူထုတစ်ရပ်လုံးက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေဆုံးမှု လျော့နည်းကျဆင်းစေရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် အသိပညာပေးဟောပြောမှုတွေ ဆောင်ရွက်ပါတယ်။ နောက်ပြီး ဒေသခံပြည်သူတွေ ခြင်ကြောင့်ဖြစ်တတ်တဲ့ ကူးစက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများကိုလည်း စစ်ဆေးဆောင်ရွက်ပေးပါတယ်”ဟု ငါ့သရောက်မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာကံမင်းအောင်က ပြောသည်။

ထို့အပြင် ကျန်းမာရေးချို့တဲ့နေသည့် ပြည်သူများအား ဆေးဝါးများဖြင့် အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ငါးနှစ်အောက်ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ပြုလုပ်ပေးခဲ့ကြောင်းနှင့် ငါ့သရောက်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးအပါအဝင် ကူးစက်ရောဂါများဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် စစ်ဆေးခြင်းများကို ကျန်ရှိသောရပ်ကွက်များတွင်လည်း ဆက်လက်၍ ကွင်းဆင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နေ့စဉ် ရေသန့်ရေစည် ၁၀၀ လှူသည့်ဆရာဝန်

**ညောင်တုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာလွှမ်းဝေသည် ဒေသခံပြည်သူများအတွက် နေ့စဉ် ရေသန့်ရေစည် ၁၀၀ ကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့မှ ပြည်သူများ ရေကောင်းရေသန့် သောက်သုံးနိုင်စေရေးနှင့် ရေစည်ပို့သူများ ဝင်ငွေတိုးပွားစေရေးအတွက် ညောင်တုန်းမြို့ ဘောဂလမ်းထိပ် လမ်းမတော်မှ အထွေထွေရောဂါကုဆရာဝန်ဖြစ်သူ ဒေါက်တာလွှမ်းဝေက နေ့စဉ် နံနက် ၇ နာရီမှစတင်၍ ရေစက်ဖွင့်ပေးကာ ရေစည် ၁၀၀ ကို စဉ်ဆက်မပြတ် လှူဒါန်းပေးနေခြင်းဖြစ်သည်။ ရေလှူဒါန်းနေရာသို့ ရေစည်ပို့သူများအနေဖြင့် နေ့စဉ်လာရောက်၍ ရေများယူဆောင်ကြပြီး ဒေါက်တာလွှမ်းဝေသည် အဆိုပါ ရေကောင်းရေသန့်များကို နွေရာသီတွင်သာမက မိုးရာသီတွင်ပါ လှူဒါန်းနေခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



ရေလှူသည့်နေရာတွင် ရေလာယူနေကြသော ရေစည်ပို့သူများ

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အသိပညာပေးဘေလ်ဘုတ်စိုက်ထူ

**မော်လမြိုင် မေ ၁၆**

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (UN Global Road Safety Week) အထိမ်းအမှတ်အဖြစ် ယာဉ်အန္တရာယ်များ လျှော့နည်း ကျဆင်းစေရေးအတွက် 'အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့' အသိပညာပေး Billboard ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(မော်လမြိုင်)က ချောင်းဆုံမြို့နယ် ဟသ်ာအဝိုင်းအနီး၌ မေ ၁၃ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။

အသိပညာပေးဘေလ်ဘုတ် စိုက်ထူပြီးနောက် မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးရွှေမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးသက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(မော်လမြိုင်)အနေဖြင့် ဒေသတွင်းယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ဘေလ်ဘုတ်များစိုက်ထူ၍ အသိပညာပေးခြင်းအပြင် ပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ မော်တော်ယာဉ်များတွင် ပညာပေးစတေကာများကပ်ပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မော်လမြိုင်ကိုယ်ပွား)**

## စီမံကိန်း နှစ်ပတ်လည်သုံးသပ်ဆွေးနွေး

**သံတွဲ မေ ၁၆**

သံတွဲမြို့နယ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအနက် ပေါက်တူးကျေးရွာနှင့် ပန်းတော်ကျေးရွာများ၌ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေထုတ်ချေးမှု နှစ်နှစ်ပြည့်ပြီးဖြစ်၍ နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲကို မေလပထမပတ်က ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကာ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသားများက လုပ်ငန်းအောင်မြင်တိုးတက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**

## ကျိုက်ထိုမြို့နယ်တွင်သတင်းစာဆရာအသင်းဖွဲ့စည်း

**ကျိုက်ထို မေ ၁၆**

ကျိုက်ထိုမြို့နယ်အတွင်း သတင်းမီဒီယာကို စိတ်ဝင်စားသည့် လူငယ်လူရွယ်များအား ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးဆောင်၍ သတင်းစာပညာရပ်များ သင်ကြားပေးပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်းသို့ အသင်းဝင်အဖြစ် လျှောက်ထားရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ အသင်းဝင်အဖြစ် အသိအမှတ်ပြုကတ် ပေးအပ်ပွဲနှင့် မြို့နယ်အသင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၁၅ ရက်နံနက် ၁၁ နာရီတွင် ကျိုက်ထိုမြို့နယ် ကင်မွန်းစခန်းကျေးရွာ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီရုံး၌ ပြုလုပ်ခဲ့သည်။

အသင်းဝင်ကတ် ပေးအပ်ပွဲတွင် မွန်ပြည်နယ် သတင်းစာဆရာအသင်းနာယက ဦးစိန်မြင့်မှ အမှာစကားပြောကြားပြီး ပြည်နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်မှ အသင်းဝင်ကတ် ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် သတင်းသမားများ ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

## မြင်းခြံအကျဉ်းထောင်တွင် အသုံးလုံး သင်တန်း၊ စက်ပြင်သင်တန်းနှင့် မုန့်လုပ်နည်းသင်တန်းဆင်း

**မြင်းခြံ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြင်းခြံအကျဉ်းထောင်အတွင်းတွင် ပြစ်ဒဏ်ကျခံနေသူများအတွက် ဖွင့်လှစ်ပို့ချပေးခဲ့သော အသုံးလုံးသင်တန်း အမှတ်စဉ်(၂)၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သော စက်ပြင်သင်တန်း အမှတ်စဉ်(၂)နှင့် မုန့်လုပ်နည်းသင်တန်း အမှတ်စဉ်(၁)တို့၏ သင်တန်းဆင်းပွဲကို မေ ၁၄ ရက်က အကျဉ်းထောင်တွင်းရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြင်းခြံအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက သင်တန်းများဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြစ်ဒဏ်ကျနေသူများအား အတတ်ပညာများသင်ကြားပေးသည့် သင်တန်းဆရာများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



## ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး တည်ဆောက်ဆဲ မြို့တော်ခန်းမအား ကြည့်ရှုစစ်ဆေး

**မိုးကောင်း မေ ၁၆**

ကချင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲက တည်ဆောက်ဆဲ မိုးကောင်း မြို့တော်ခန်းမအား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

နိုင်ငံတော်ဘတ်ဂျက် ငွေကျပ်သိန်း ၉၉၀၀ အကုန်ကျခံကာ မနောဇေရီ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသော မြို့တော်ခန်းမအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ရှိန်တို့မှ ဆောက်လုပ်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးရာ မနောဇေရီ ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်လင်းက ခန်းမပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။



ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စည်ပင်သာယာရုံး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး စိမ်းမြသီတာပန်းခြံနှင့် မြို့မဈေးအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

## မြစ်မင်းရောဇေယျာမြေစာဖတ်ဝိုင်း ရသစာပေမျှဝေပွဲတွင် တောင်ကိုရီးယားစာရေးဆရာများ ပါဝင်ဆင်နွှဲ

**စစ်ကိုင်း မေ ၁၆**

စစ်ကိုင်းမြို့ရှိ မြစ်မင်းရောဇေယျာမြေ စာဖတ်ဝိုင်းက ကျင်းပသည့် (၁၁)ကြိမ်မြောက် ရသစာပေမျှဝေပွဲတွင် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် တောင်ကိုရီးယားနိုင်ငံသား စာရေးဆရာ Moon Changil ဦးဆောင်သည့် စာရေးဆရာများအဖွဲ့(Creative 21 Writers) တို့လည်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။




အဆိုပါ ရသစာပေမျှဝေပွဲကို Korea-Myanmar (Sagaing)Reading, Writer's Works ခေါင်းစဉ်ဖြင့် စစ်ကိုင်းမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယထပ်၌ မေ ၁၃ ရက်က ကျင်းပခဲ့ပြီး အခမ်းအနားတွင် စာရေးဆရာရဲသျှမ်းက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ကာ တောင်ကိုရီးယားနိုင်ငံသား စာရေးဆရာများနှင့် နယ်မြေခံစာရေးဆရာများကို မိတ်ဆက်ပေးသည်။

ထို့နောက် တောင်ကိုရီးယားနိုင်ငံသား စာရေးဆရာ မွန်းချန်ဂီးက ၎င်းရေးသားခဲ့သည့် 'ငါးလပိုင်းမှာ မူဒွန်းတောင်တက်ခဲ့သော မိန်းကလေး' ကဗျာနှင့် 'ရန်ကုန်မြို့က ပန်းရောင်းတဲ့မိန်းမပျိုလေး' ကဗျာကို ဖတ်ကြားပြီး စာရေးဆရာမ ပတ်ခ်ဂျွန်အိုင်းက ၎င်းရေးသားခဲ့သည့် အက်ဆေးဖြစ်သော Becoming his sister အက်ဆေးကို ဖတ်ကြားခဲ့သည်။ ထို့နောက် စစ်ကိုင်း ဒေသခံစာရေးဆရာများက ၎င်းတို့ရေးသားခဲ့သည့် ကဗျာနှင့် အက်ဆေးများကို ဖတ်ပြပြီး ဒေါ်သိဂီဝင်းက မြန်မာကဗျာနှင့် အက်ဆေးများကို ကိုရီးယားဘာသာဖြင့် ပြန်လည်ရှင်းပြပေးခဲ့သည်။

ရသစာပေမျှဝေပွဲအပြီးတွင် နိုင်ငံခြားသား စာရေးဆရာများက ၎င်းတို့ရေးသားခဲ့သည့် ကိုရီးယားစာပေကဗျာများကို လေ့လာနိုင်ရန်အတွက် စစ်ကိုင်းခရိုင်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးညီညီဇော်က လက်ခံရယူခဲ့ပြီး နယ်မြေခံ စာရေးဆရာများနှင့် ကိုရီးယားစာရေးဆရာများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## အထူးကုဆရာဝန်ကြီးများအဖွဲ့က ဇီဝိတဒါန အခမဲ့ကွင်းဆင်းဆေးကုပေး

**တွံတေး မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်ရပ်ကွက်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ မြို့နယ်အတွင်းမှ ပြည်သူများအား အထူးကုဆရာဝန်ကြီးများအဖွဲ့က မေ ၁၃ ရက်က အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုကို အလှူရှင် ဦးသိုက်စိုး-ဒေါ်ထွေးထွေး (Supreme မိသားစု)၊ ကျန်းမာရေးစောင့်ရှောက်မှု စေတနာလုပ်အားရှင်အဖွဲ့(HCVG)နှင့် ထွန်းဖောင်ဒေးရှင်းဆေးရုံတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကွင်းဆင်းဆေးကုအဖွဲ့တွင် ကျန်းမာရေးစောင့်ရှောက်မှု စေတနာလုပ်အားရှင်အဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း ခွဲစိတ်ရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြသိန်းဟန်(ထွန်းဖောင်ဒေးရှင်းဆေးရုံ) နှင့် အထွေထွေရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အရေပြားအထူးကု၊ မျက်စိခွဲစိတ် ဆရာဝန်ကြီး၊ သွားနှင့်ခံတွင်းဆရာဝန်ကြီး၊ မျက်မှန်ကျွမ်းကျင်ပါရဂူများ ပါဝင်ကာ အဆိုပါ အထူးကုဆရာဝန်ကြီးများက မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်နှင့် ဆရာဝန်များနှင့် ပူးပေါင်း၍ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



အခမဲ့ ကွင်းဆင်းဆေးကုအဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ အထွေထွေရောဂါလူနာ ၁၂၀၊ မျက်စိလူနာ ၇၀၊ သွားနှင့်ခံတွင်းလူနာ ၃၅ ဦး၊ အရေပြားရောဂါလူနာ ရှစ်ဦး၊ ကလေး ၄၇ ဦး၊ သားဖွားမီးယပ်လူနာ ၃၆ ဦးနှင့် ခွဲစိတ်လူနာ ငါးဦး၊ စုစုပေါင်း ၃၂၆ ဦးအား ဆေးဝါးကုသမှုများ အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လူနာများထဲမှ ခွဲစိတ်လူနာများကို ထွန်းဖောင်ဒေးရှင်းဆေးရုံ(အမြတ်မယူ)တွင် ခွဲစိတ်ပေးမည်ဖြစ်ပြီးခွဲခ၊ ခရီးစရိတ်၊ အခန်းခ၊ စားစရိတ်များ အားလုံးကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

# ကွယ်လွန်သူ ဂီတသုတေသီနိုင်ငံကျော် ဆိုင်းဆရာကြီး စိန်ဗိုလ်တင့် ကြေးရုပ်တု ဖွင့်ပွဲအကြိုဂုဏ်ပြု ညှော်ခံဖျော်ဖြေပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၁၆**

မြန်မာ့ဆိုင်းလောက၌ တစ်ခေတ်တွင် တစ်ယောက်ဟု ဆိုရလောက်အောင်ပင် အောင်မြင် ထင်ရှားကျော်ကြားခဲ့သူ မြန်မာ့ဆိုင်းပညာရှင်ကြီး စိန်ဗိုလ်တင့်၏ ကြေးရုပ်တုဖွင့်ပွဲအကြို ဂုဏ်ပြုညှော်ခံ ဖျော်ဖြေပွဲကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရ ဓမ္မာရုံရှေ့၌ မေ ၁၉ ရက် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ဆရာကြီး၏ ဒုတိယမြောက်သားဖြစ်သူ ဦးရဲမင်းဗိုလ်ထံမှ သိရသည်။

ဆိုင်းဆရာကြီး စိန်ဗိုလ်တင့်၏ ကြေးရုပ်တုကို မန္တလေးမြို့မှ ဆိုင်းဆရာကြီး အကယ်ဒမီ စိန်မွတ္တာဦးဆောင်သော အထက်မြန်မာပြည် ဆိုင်းဆရာများက ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုသိရပြီး လာမည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက် အမျိုးသားနေ့၌ ၎င်းမွေးဖွားရာ ဇာတိဖြစ်သော ကျိုက်လတ်မြို့တွင် ယခင်ရှိပြီး ဖြစ်သည့် မဟာဂီတတေးဘုမ္မာ ဆရာကြီး ဦးပြုံးချို၏ ရုပ်တုဘေးတွင် ထားရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"အဖေရဲ့ဇာတိက ကျိုက်လတ်ကပါ။ ဒါပေမယ့် အဖေနှစ်ပေါင်းများစွာ နေထိုင်လာခဲ့ပြီး အဖေခေါင်းချသွားတဲ့ ကြည့်မြင်တိုင်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ ဖျော်ဖြေပွဲက အခမဲ့(ဇလာပွဲ) ပါ။ ဦးနန်းဝင်း ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ ပွဲဖြစ်မြောက်ရေး ကော်မတီအနေနဲ့ ဆောင်ရွက်တာပါ။ အဖေကိုယ်တိုင်ရေးသားခဲ့တဲ့ သီချင်းနဲ့ တီးလုံးတွေကို ဆိုင်းဆရာများဖြစ်တဲ့ စိန်စတင်၊ စိန်ဘမော်၊ ပဲခူးစိန်မြအောင်၊ စိန်လှကြည်၊ မြင်းခြံစိန်သန်းဌေး၊ မဟာရန်ကုန် သီရိမောင်မောင်၊ မွန်ပြည်နယ် ကိုကိုနိုင်၊ ကျိုက်လတ် ရဲနိုင်လင်း၊ စိန်လှကြိုင်၊ သားစိန်ဗိုလ်တင့်၊ ပန်တျာစိန်လှမြိုင်၊ စိန်တင့်ဗိုလ်၊ စိန်ဗိုလ်ဆင့်၊ ဟိန်းတင့်၊ ပြည်မြန်မာ ဟိန်းရာဇာ၊ ဖိုးသကြန်၊ ဖိုးလှကြည်၊ မျိုးမင်းပိုင် (ကျိုက်လတ်)၊ ရွှေလက်သံနဲ့ အမျိုးသမီး ရွှေတံဆိပ်ဆုရှင် ခိုင်ဇာဝင်းဗိုလ်၊ ဆိုင်းမင်းသမီးလေး မြဆုနိုင်တို့က တီးပေးကြမှာပါ" ဟု ဦးရဲမင်းဗိုလ်က ပြောသည်။

ထို့အပြင် ဆရာကြီးအား ဂုဏ်ပြုသောအားဖြင့် အမျိုးသား အဆိုတော်များ ဖြစ်ကြသည့် ဦးထွန်းရွှေ၊ မလှိုင်သန်းထွန်း၊မင်းသားကြီး နန်းဝင်း၊ ပဲခူးနိုင်စိုး၊ ပန်တျာ တင်ရှိန်၊ မန်းတက္ကသိုလ် ဆန်းဦး၊ ရန်ပိုင်စိုး၊ ဖိုးသောကြာ၊ ချမ်းမြေ့နှင့် အမျိုးသမီးအဆိုတော်များအဖြစ် ရီရီသန့်၊ ခေတ္တရာတမာချို၊ ရွှေဝါထွန်း၊ အေးမြင့်လတ်၊ နှင်းရည်သန့်၊ မာလာမြင့်၊ ရွှေရည်ဝင်း၊ ကျောက်ပန်းတောင်း ခင်စိုးဦး၊ ရွှေယမင်းဦး၊ စိမ်းလဲ့လဲ့၊ စိမ့်နေခြည်၊ ဆွေဆွေမြင့်၊ အိအိချွန်၊ မို့မို့ကျော်လွင် တို့က သီဆိုပေးကြမည်ဟု သိရသည်။

ကွယ်လွန်သူ ဂီတသုတေသီ နိုင်ငံကျော် ဆိုင်းဆရာကြီး စိန်ဗိုလ်တင့်ကို ဖျာပုံခရိုင် ကျိုက်လတ်မြို့နေ ဆိုင်းဆရာကြီး ဦးအုန်းဖေ (ဗိုလ်ကေအုန်း)နှင့် ဒေါ်သန်းရင်တို့မှ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် တော်သလင်းလဆန်း ၈ ရက် ကြာသပတေးနေ့တွင် မွေးဖွား ခဲ့ခြင်းဖြစ်သည်။ မွေးချင်း ၁၂ ယောက်အနက် သတ္တမမြောက်သားဖြစ်သည်။

စိန်ဗိုလ်တင့်မှာ ဇာတ်မင်းသားကြီး ဦးစိန်ကတုံး၏ မြေးအရင်းဖြစ်သည်။ ဆိုင်းပညာနှင့်ပတ်သက်၍ လက်ဦးဆရာမှာ ဖခင်ဆိုင်းဆရာကြီး ဗိုလ်ကေအုန်းဖြစ်သည်။ ဆိုင်းပညာကို အသက် ၅နှစ်အရွယ်မှ စတင်သင်ကြားခဲ့ပြီး အသက် ၁၆ နှစ်အရွယ်မှ အစပြုကာ ဆိုင်းဆရာကြီး အလင်္ကာကျော်စွာ ဦးဟန်ပ၊ အလင်္ကာကျော်စွာ ဦးဘမောင်၊ ဆရာသိန်း၊ ဆရာစိန်လက်သန်း၊ ဆရာဦးစိန်နွဲ့ တို့ထံတွင် သင်ယူခဲ့သည်။

ဆိုင်းဆရာကြီး နေမျိုးဗလကျော်စွာ ရွှာသားကြီး စိန်ဗေဒါကို သူမမီလိုက်သော်လည်း ဆရာကြီးစိန်ဗေဒါ၏ တီးလုံး အဆစ်အကွက်၊ အဟိုက်အဟန့်ကို လိုက်မီသော ပညာရှင်တစ်ဦးဖြစ်သည်ဟု ဆိုင်းပညာရှင်များ ပြောခဲ့ဖူးသည်ကို ကြားမိခဲ့ရသည်။

စောင်းပညာကို အလင်္ကာကျော်စွာ ဦးဘသန်းထံတွင် သင်ယူခဲ့ပြီး ခေတ်အမြင်ရှိသူဖြစ်၍ စန္ဒရားအတီး ပညာကို အေဝမ်း ဦးခင်မောင်ထံတွင် စနစ်တကျ သင်ယူခဲ့သည်။ လေမှုတ်ကိရိယာများကိုလည်း ကောင်းစွာအသုံးပြုနိုင်သူဖြစ်သည်။ ကမ္ဘာသုံးသင်္ကေတ "နုတ်(စ်)" ကိုလည်း ကောင်းစွာတတ်ကျွမ်းခဲ့သူဟု သိရသည်။

စိန်ဗိုလ်တင့်သည် တူရိယာတစ်မျိုး တတ်မြောက်ပြီးတိုင်း စူးစမ်းလေ့လာမှတ်သားပြီး ဆိုင်းဝိုင်းထဲတွင် စန္ဒရားကဲ့သို့ သုံးရန် ကြေး၊ မောင်းများကို တီထွင်ခဲ့သည်။ မြန်မာ့မူမပျက်စေဘဲ ကမ္ဘာ့အသံနှင့် အံဝင်အောင် တီထွင်ခဲ့သည်။ ယခင် "နရည်းဆိုင်း" ခေတ်တွင် မောင်း ခုနစ်လုံးသာ ရှိခဲ့ရာမှ စိန်ဗိုလ်တင့် လက်ထက်တွင် ' ရုပ်၊ ပလက်' အသံစုံပါသည်အထိ မောင်း ၃၇ လုံးဖြင့် အလုံး ၂၀ တိုး၍ တီထွင်တီးခတ်ခဲ့သည်။ ၎င်း တီထွင်သည့် ကြေး၊ မောင်းများဖြင့် 'စတူဒီယိုရေခင်း' အဖြစ် ထပ်မံတီထွင်လိုက်ပြီးနောက် ယနေ့ဆိုင်းဆရာများ ကိုယ်တိုင် လက်ရှိအသုံးပြုနေကြသည်ကို တွေ့ရသည်။

မြန်မာ့အသံခေတ်တစ်လျှောက်လုံး ရေဒီယိုဇာတ်လမ်း နောက်ခံတီးလုံးများကို တီးခတ်ပေးခဲ့ရသူဖြစ်သည်။ ထို့အပြင် သီချင်းကြီး သရုပ်ဖော်ကဏ္ဍ၊ မြန်မာ့ဓလေ့ကဏ္ဍ၊ ကျေးလက်တေးကဗျာ ကဏ္ဍများတွင် တီးခတ်ပေးရသူဖြစ်သည်။ ရေဒီယိုမှ သတင်းမကြေညာမီဖွင့်သော ဒုတိယစံတော်ချိန်တီးလုံးမှာ ဆရာ၏ လက်စွမ်းဖြစ်သည်။ (မှတ်ချက်၊ ပထမစံတော်ချိန်တီးလုံးမှာ ဆိုင်းဆရာကြီး အလင်္ကာကျော်စွာ ရွှာစားကြီး စိန်ဘမောင် ဖြစ်သည်ဟု သိရသည်။)

ဆရာကြီး စိန်ဗိုလ်တင့်၏ တီးလုံးတီးကွက်များကို ပြင်ပကုမ္ပဏီ ၁၀၀ ကျော်မှ ဓာတ်ပြားအချပ်ရေ ၅၀၀ ကျော်ဖြင့် မှတ်တမ်းတင်သွင်း ထားနိုင်ခဲ့သည်ဟု သိရသည်။

မကွယ်လွန်မီအချိန်အထိ မြန်မာ့ဆိုင်းပညာကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန် စည်း၊ ဘောင်အတွင်းမှ တီထွင်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံသဘင်အစည်းအရုံးတွင် အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ယဉ်ကျေးမှု တက္ကသိုလ်ကောင်စီဝင်အဖြစ် လည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်(တတ်သိပညာရှင်) အဖြစ် လည်းကောင်း၊ သဘင်၊ ဂီတ၊ ဆိုင်း တိုးတက်ရေးအတွက် စွမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

အသက် (၅၇)အရွယ် ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ဆိုင်းဆရာကြီး စိန်ဗိုလ်တင့်၏ ကြေးရုပ်တု

**သတင်း-တင်ဝင်းလေး**
**ဓာတ်ပုံ-ရဲမင်းဗိုလ်**

# မိတ္ထီလာတွင် မိုးရာသီ သီးနှံဘဏ်ချေးငွေ ၅၂၆၂ သန်းကျော် ထုတ်ချေးမည်

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာတွင် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ၅၂၆၂ ဒသမ ၅၀ သန်းကို မေ ၂၃ ရက်တွင် ထုတ်ချေးသွားနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လယ်ယာမြေဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

မြို့နယ်အတွင်းကျေးရွာအုပ်စု ၅၈ အုပ်စုမှ မိုးရာသီစပါး ၅၀၅၀၀ဧက၊ ယာသီးနှံ ၄၃၇၅၀ ဧကတို့အား စပါးတစ်ဧကလျှင် တစ်သိန်းငါးသောင်း ၊ ယာသီးနှံတစ်ဧကလျှင် ငါးသောင်းနှုန်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ (၇ )ကို ကိုယ်တိုင်တင်ပြနိုင်သူတောင်သူများကိုထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခင်နှစ်က ယာသီးနှံတစ်ဧကနှစ်သောင်းသာ ထုတ်ချေးခဲ့ရာမှ ယခုနှစ်မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရာတွင် ယာသီးနှံ တစ်ဧကငါးသောင်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးရန်လျာထားခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ၃၈၅၁ ဒသမ ၇၄၀ သန်းကို မိတ္ထီလာမြို့နယ်အတွင်းကျေးရွာအုပ်စု ၅၅ အုပ်စုမှ စပါး ၂၀၂၂၈ ဧက ၊ ယာသီးနှံ ၄၀၈၇၇ ဧကတို့အတွက် စပါးတစ်ဧကလျှင် တစ်သိန်းငါးသောင်း ၊ ယာသီးနှံ တစ်ဧက နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီးချေးငွေများအားလုံးကို ၂၀၁၇ ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ပြန်လည်ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းကူညီရေးအဖွဲ့ JICA(မြန်မာ)တို့မှ ပူးပေါင်းကာ မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်း နည်းပညာသင်တန်းပေးမည်ဖြစ်ရာ သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်က ပြည်နယ်စိုက်ပျိုးရေးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး JICA(မြန်မာ)မှ မစ္စတာ မီရှိမိုတိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကရင်ပြည်နယ်အတွင်းမြို့နယ်များမှ စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများနှင့် ထိတွေ့လုပ်ကြရမည့် စိုက်ပျိုးရေးဝန်ထမ်း ၅၀ ဦးအား မေ ၁၅ ရက်မှ မေ ၁၈ ရက်အထိ အခြေခံမျိုးစေ့ထုတ်လုပ်နည်းပညာမိတ်ဆက်၊ မျိုးစေ့တောင်သူရွေးချယ်နည်း CS မျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးအရည်အချင်းလက္ခဏာများ၊ မျိုးရောခြင်းကိုရှောင်ရှားနည်း၊ ဆန်နီကာကွယ်နည်း၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာအသုံးချမှု၊ ရိတ်သိမ်းခြင်းနှင့်ရိတ်သိမ်းလွန်နည်းပညာ၊မျိုးစေ့နမူနာယူခြင်း၊ မျိုးစေ့စစ်ဆေးခြင်း၊ မျိုးစေ့ဖြန့်ဖြူးခြင်း၊ မျိုးစေ့ထုတ်လုပ်မှုဆိုင်ရာအခက်အခဲများ စသည့် သင်ခန်းစာများအပြင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းလေ့လာရေးများကိုပါ အပိုင်းလိုက်မေးမြန်းဆွေးနွေးခြင်းများ စိုက်ပျိုးရေးပညာရှင်များက သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(မြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ ပါ "မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ပြိုင်ပွဲများ ဒသမအကြိမ်မြောက်ကျင်းပမည်" သတင်း၏ တတိယအပိုဒ်တွင်ပါရှိသော ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၉ရက်အစား ဇွန် ၂၄ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ(မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း)**

# မုံရွာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ရှေးဦးပြုစုခြင်း သင်တန်းဖွင့်

**မုံရွာ မေ ၁၆**

ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါဘေးတားဆီးခြင်းနှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီခြင်းစသည့်ရည်ရွယ်ချက်သုံးရပ်ဖြင့် ရှေးဦးပြုစုခြင်း(ကြက်ခြေနီ)သင်တန်းကိုမေ ၁၅ ရက်နှင့် ၁၆ ရက်က မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမတွင် သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်ကို ကြက်ခြေနီ၏အခြေခံသဘောတရားစံနှုန်း ခုနစ်ချက်နှင့်အညီ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ကြက်ခြေနီရဲ့အခြေခံသဘောတရားတွေဖြစ်တဲ့ လူသားချင်းစာနာတာ၊ ခွဲခြားမှုမရှိတာ၊ ကြားနေတာ၊ လွတ်လွတ်လပ်လပ်ဆောင်ရွက်တာ၊ စေတနာ့ဝန်ထမ်းအဖြစ်ဆောင်ရွက်တာ၊ စည်းလုံးညီညွတ်တာနဲ့ တစ်ကမ္ဘာလုံးတန်းတူညီတူဆောင်ရွက်တာစတဲ့ စံနှုန်းခုနစ်ချက်ကို လက်ကိုင်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာ တစ်ထောင့်တစ်နေရာက ပါဝင်လိုတဲ့အတွက် သင်တန်းကိုဖွင့်ရတာဖြစ်ပါတယ်။ သင်တန်းတက်ရောက်လာတဲ့သင်တန်းသားသင်တန်းသူတွေ၊ ရပ်ကျေးစာရေးဝန်ထမ်းတွေအနေနဲ့အခြေခံရှေးဦးပြုစုခြင်းကိုသင်ကြားတတ်မြောက်ပြီး မိမိတို့ကျေးရွာတွေမှာ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာရှေးဦးပြုစုခြင်းဟာ အလွန်အသုံးဝင်ပါတယ်"ဟု မုံရွာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်မြမြသန်းက ပြောသည်။

ရှေးဦးပြုစုခြင်း(ကြက်ခြေနီ) သင်တန်းဖွင့်ပွဲကို မေ ၁၅ရက်က ကျင်းပရာ မုံရွာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်မြမြသန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နန်းရွှေမုံကျေးရွာတွင် ကနေဒါနိုင်ငံအကူအညီဖြင့် ၂၅ ခုတင်ဆံ့ သင်ကြားရေးဆေးရုံဖွင့်

**ဘားအံ မေ ၁၆**

ကနေဒါနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ပေးသောကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နန်းရွှေမုံကျေးရွာတွင် ၂၅ ခုတင်ဆံ့ သင်ကြားရေး ဆေးရုံတည်ဆောက်ပြီးစီးသွား၍ ဖွင့်လှစ်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံကို KNU (ကရင်အမျိုးသားအစည်းအရုံး) ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှူး ဖဒိုစောအယ်ကလူရွှေဦး၊ KNU ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဖဒိုစောသမိန်ထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာထွန်းမင်း၊ Global Neighbours Canada International မှ Mr.David Heppner, Canada Ambassador of Union of Myanmarမှ Ms.Karen Mac Arthurနှင့် KNU ဒူပလာယာခရိုင် အတွင်းရေးမှူး ဖဒိုစောကနေဒီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဆေးရုံကို ကနေဒါနိုင်ငံမှ ဒေါ်လာ ၁ သန်း အကူအညီဖြင့် ဆိုလာမီးအပါအဝင် အဆင့်မြင့်ဆေးရုံတစ်ခု တည်ဆောက်ထားကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် မေ ၁၆**

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်မြေနေရာကို မေ ၁၄ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း၍ ကြည့်ရှုခဲ့ကြသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ ဇေယျသိဒ္ဓိရပ်ကွက် မြို့မဈေး (တောင်ပေါ်စားသောက်ဆိုင်ကုန်းထိပ်) သောက်ရေကန်နှစ်ကန်ဆောက်လုပ်မှုလုပ်ငန်း၊ ရွှေကြာပင်ရပ်ကွက်၊ အောင်ဇမ္ဗူရပ်ကွက်တို့တွင် ကတ္တရာသုံးလွှာခင်းခြင်းလုပ်ငန်း၊ ဓနသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်တို့တွင် Public Centre ဆောက်လုပ်ခြင်းလုပ်ငန်း၊ မင်္ဂလာသိဒ္ဓိရပ်ကွက် ခုတင် ၁၀၀၀ ဆေးရုံဝင်း၊ ကျန်းမာရေးဝန်ထမ်းငယ်အိမ်ရာ ခြောက်ခန်းတွဲ နှစ်လုံးတို့ဖြစ်ပြီး အဆိုပါလုပ်ငန်းများအတွက် နေပြည်တော် ကောင်စီငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ပေါင်း ၇၂ ဒသမ ၈၀၂ သန်း ကုန်ကျဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်ယဉ်ဦး(ဒလ)၊ ခင်ဇော်(မင်္ဂလာ)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### အရက်ဖိုမှ ထွက်ရှိသောအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်အတွင်းရှိ တရားမဝင်လိုင်စင်မဲ့ အရက်ချက်ဖိုမှ ထွက်ရှိနေသော အနံ့ဆိုးများကို ရပ်ကွက်နေ ပြည်သူများနေ့စဉ် ရှူရှိုက်နေရပြီး ယင်းအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရသည့်အတွက် အဆိုပါအရက်ချက်ဖိုများကို သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းပေးရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### နေ့ညမပြတ်အသံချဲ့စက်အသံကြောင့် ပတ်ဝန်းကျင်နေပြည်သူများ အဆင်မပြေ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သော်က (၈)လမ်းနှင့် ဝဝန်လမ်းထောင့်ရှိ အိမ်တစ်အိမ်မှ နေ့စဉ်နှင့်အမျှ နေ့/ညမပျက် အသံချဲ့စက်ကို အသုံးပြု၍ သီချင်းများ ကျယ်လောင်စွာ ဖွင့်လှစ်နေသည့်အတွက် ပတ်ဝန်းကျင်ရှိ နေအိမ်များမှ သက်ကြီးရွယ်အိုများ၊ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ စိတ်သောကဖြစ်ပေါ်နေရသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### အမှိုက်ပုံကြောင့်ရပ်ကွက်ပြည်သူတို့ အနံ့ဆိုးများရှူရှိုက်နေရ

လှိုင်သာယာအမှတ် (၁၅) ရပ်ကွက် ဝန်ထမ်းများအိမ်ရာ ဓာတ်အားခွဲရုံ နံဘေးရှိကွန်ကရစ်လမ်းပေါ်တွင် (၁၅) ဈေးမှ စွန့်ပစ်အမှိုက်များကို နေ့စဉ်လာရောက်စွန့်ပစ်သည့်အတွက် ထိုအမှိုက်ပုံနှင့်ကပ်လျက်ရှိသည့် ကျန်စစ်သားလမ်းမကြီးနံဘေးမှ ရပ်ကွက်နေပြည်သူတို့မှာ နေ့ညမပြတ်ဆိုးရွားသော အနံ့အသက်များကိုရှူရှိုက်နေရသည်။

ယင်းနေရာကို အမှိုက်ပုံအဖြစ်ပြန်လည်စွန့်ပစ်သည်မှာခြောက်လခန့်ရှိပြီဖြစ်ပြီး ထိုအိမ်ရာဝင်းအတွင်းရှိရေကန်အနီးတွင်အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ်ထားသော်လည်း သွားရောက်စွန့်ပစ်ခြင်းမရှိဘဲ နီးစပ်ရာနေရာ ကျန်စစ်သားကား လမ်းနံဘေးကွန်ကရစ်လမ်းပေါ်တွင် အမှိုက်များစွန့်ပစ်လျက်ရှိသဖြင့် အမှတ် (၁၉) ရပ်ကွက်မှ ပြည်သူများ အနံ့အသက်များကို နေ့ညရှူရှိုက်နေရသဖြင့် သက်ဆိုင်ရာမှ အမှိုက်စွန့်ပစ်မှုကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/9390 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/9675 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ် မြို့နယ်အသီးသီးရှိ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာများနှင့် ပြည်နယ်အရန်ပစ္စည်း ဝယ်ယူခြင်း လုပ်ငန်းများအား ပုတ်ပြတ်(Turn Key )စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၇ရက် မွန်းတည့် ၁၂:၀၀နာရီ

၂။ တင်ဒါပုံစံများအား လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါပုံစံ အသေးစိတ်အချက်အ လက်များကို သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၂၅၉၁တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ပြည်ထဲရေးဝန်ကြီးဌာန (မီးသတ်ဦးစီးဌာန) ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ဘားအံမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ အဆောက်အအုံများဆောက်လုပ်ရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဘားအံမီးသတ်စခန်း(၄)ခန်းတွဲ(၂)ထပ်၊ ဝန်ထမ်းနေအိမ် (၁၀၂×၂၅×၂၂)ပေ အဆောက်အအုံ(၁)လုံး

(ခ) ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံပုရာနယ်မြေမီးသတ်စခန်း(၂)ထပ် (၄၅×၅၀×၂၆)ပေ အဆောက်အအုံ(၁)လုံး

(ဂ) ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်နယ်မြေမီးသတ်စခန်း(၂)ထပ် (၄၅×၅၀×၂၆)ပေ အဆောက်အအုံ(၁)လုံး

(ဃ) မြဝတီမြို့နယ်၊ ဝေါလေမြိုင်နယ်မြေမီးသတ်စခန်း (၂)ထပ် (၄၅×၅၀×၂၆)ပေ အဆောက်အအုံ(၁)လုံး

(င) သံတောင်ကြီးမြို့နယ်၊ လိပ်သိုနယ်မြေမီးသတ်စခန်း(၂)ထပ် (၄၅×၅၀×၂၆)ပေ အဆောက်အအုံ(၁)လုံး

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် အတိုင်းအတာများ၊ ဒီဇိုင်းပုံစံများကို လက်ရှိမြေပြင်အခြေအနေအတိုင်းအတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဘားအံမြို့တွင် ရုံးချိန်အတွင်း အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**(က) တင်ဒါလျှောက်လွှာယူရန်** (၂၂-၅-၂၀၁၇)ရက်မှ (၃၁-၅-၂၀၁၇)ရက်နေ့အထိ

**(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** (၅-၆-၂၀၁၇)ရက်နေ့၊ ၁၆:၃၀နာရီ

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၂၆၀၆၊ ၀၅၈-၂၁၅၀၂ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ ဘားအံမြို့**

**ပြည်ထဲရေးဝန်ကြီးဌာန (မီးသတ်ဦးစီးဌာန) ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောင်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် ပြည်တွင်းပြည်ပ ကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ်(၅)စီး (ခ)မီးသတ်ရေသယ်ယာဉ်(၅)စီး

(ဂ) ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ

(၁) Hydraulic Spreader

(၂) Hydraulic Cutter

(၃) Hydraulic Ram

(၄) Engine Cutter

(၅) Air Filling Machine

(၂)။ တင်ဒါများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** ၂၂-၅-၂၀၁၇ရက်မှ ၃၁-၅-၂၀၁၇ရက်အထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** ၅-၆-၂၀၁၇ရက်(၁၆:၃၀)နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ဖုန်းနံပါတ် ၀၅၈၂၂၆၀၆၊ ၀၅၈၂၁၅၀၂များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ ဘားအံမြို့**

**ပျောက်ဆုံး**

ကိုအောင်သူ ၇/ညလပ(နိုင်)၀၉၀၄၃၂ ၏ SID ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၂၁၄၇**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား**

**တင်ဒါပိတ်ရက်နှင့် တင်ဒါအချက်အလက်ပြင်ဆင်ခြင်း**

၁။ မြန်မာ့မီးရထားမှ တင်ဒါအမှတ် ၀၆/မမ/CE (၂၀၁၇-၂၀၁၈) တင်ဒါပိတ်ရက် (၁၆.၅.၂၀၁၇)ဖြင့် အောက်ပါအတိုင်း လမ်းခင်းကျောက် (Ballast) များ ဝယ်ယူရန် တင်ဒါခေါ်ယူခဲ့ပါသည်။

| | | |
|---|---|---|
| (က) မုပ္ပလင်ဘူတာတွဲပေါ်အရောက် | - | ၁၅၀၀၀ ကျင်း |
| (ခ) ဘုရားကြီးဘူတာအရောက် | - | ၇၀၀၀ ကျင်း |
| (ဂ) ပျဉ်ပုံကြီးဘူတာအရောက် | - | ၈၀၀၀ ကျင်း |
| (ဃ) ဖောင်တော်သီဘူတာအရောက် | - | ၉၀၀၀ ကျင်း |
| (င) ပဲနွယ်ကုန်းဘူတာအရောက် | - | ၂၁၀၀၀ ကျင်း |
| စုစုပေါင်း | - | ၆၀၀၀၀ ကျင်း |

၂။ အဆိုပါတင်ဒါ၏ တင်ဒါပိတ်ရက်အား ၂၅.၅.၂၀၁၇ (ကြာသပတေးနေ့)(၁၄:၃၀) နာရီသို့ ပြင်ဆင်သတ်မှတ်ပါသည်။

၃။ ထုတ်လုပ်ပေးသွင်းရမည့် ကျောက်မိုင်းများကိုလည်း သိမ်ဇရပ်၊ မုပ္ပလင်၊ ကျိုက်ထို (မရမ်းကုန်း)နှင့် တောင်စွန်းကျောက်မိုင်းတို့အပြင် တောင်ဖီလာကျောက်မိုင်း၊တောင်ငူ(၄) မိုင်ကျောက်မိုင်း တို့မှ ထုတ်လုပ်သော ကျောက်များကိုလည်း ပေးသွင်းနိုင်ကြောင်းအသိပေးအပ်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

**၁၀/၅/၁၇ ရက်စွဲပါ (စာ-၂၆)မှ ကန့်ကွက်နိုင်ပါကြောင်း ဦးစိုင်းလင်း ၁၃/နစန(နိုင်)၀၁၀၀၉၇၏ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်နှင့် ပတ်သက်၍ ကန့်ကွက်ပါကြောင်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ဦးစိုင်းလင်း၏ ညီဖြစ်သူ ပဲခူးတိုင်းအနောက်ခြမ်း၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ ခလရ(၅၃)နေ ဗိုလ်မှူး စိုင်းသော်စိုးနှင့် ကျွန်တော် ဦးအောင်ကျော်ဇံ ၉/စကန(နိုင်)၀၀၆၆၇၄တို့သည် ၂၀၁၃ ခုနှစ်တွင် အကျိုးတူလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ဗိုလ်မှူးစိုင်းသော်စိုးမှ ကျွန်တော် ဦးအောင်ကျော်ဇံသို့ ငွေများအား ခုနှိမ်၍ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၂၄) သစ်စက်၊ ဆိပ်ဖြူမြို့ ပြေစာအမှတ် ၆၀၉၄၉၃ အရ ပိတောက်သစ် (၁၄)လုံး၊ (၁၄.၀၅၂)တန်အား ဦးကျော်မိုးဝင်း အမည်ဖြင့် ဆိပ်ဖြူမြို့နယ် သစ်တောဦးစီးဌာန၏ မျှောစာအမှတ် ၂၀၇၃၈/၃၄၊၃၅တို့ကို ဗိုလ်မှူး စိုင်းသော်စိုးမှ ကျွန်တော် ဦးအောင်ကျော်ဇံလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ကျွန်တော် ဦးအောင်ကျော်ဇံသည် အဆိုပါ သစ်ပြောင်းရွှေ့ခွင့် မျှောစာများနှင့် မျှောစာပါ ဒေသဖြစ်သော ပြင်ဦးလွင်မြို့သို့ ဆက်လက်သယ်ဆောင်နိုင်ရန် မဟာအောင်မြေမြို့နယ် သစ်တောဦးစီးဌာနမှတစ်ဆင့် ထောက်ခံတင်ပြ၍ ရန်ကုန်ရုံးချုပ်သို့ သက်တမ်းတိုးမြှင့်ရန်အတွက် မျှောစာမူရင်းများနှင့်တကွ တင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းလင်း၏ အထက်ဖော်ပြပါ သတင်းစာ ကြော်ငြာချက်သည် မမှန်မကန်ဖော်ပြကြေညာခြင်းသာဖြစ်၍ ကျွန်တော် ဦးအောင်ကျော်ဇံ အမည်ဖြင့် မိမိတရားဝင် လက်ဝယ်ပိုင်ဆိုင်ထားရှိသည့် ဦးကျော်မိုးဝင်းအမည်ဖြင့် ရရှိထားသော ပိတောက်သစ်(၁၄)လုံး၊ (၁၄.၀၅၂)တန်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုင်းလင်းနှင့် အများသိစေရန် ရှင်းလင်းကြေညာ အပ်ပါသည်။

**ဦးအောင်ကျော်ဇံ**
**၉/စကန(နိုင်)၀၀၆၆၇၄**
**(က-၅)၊ အိမ်အမှတ်(၆၈)၊ မြို့သစ်-၅၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၅၉၀၀၅၆၄၀**

# CONGRATULATIONS!

## TO OUR GRADUATION CLASS OF 2017

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS

မြန်မာနိုင်ငံပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိကပညာရေးကဏ္ဍမှအောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြေငြာအပ်ပါသည်။

### Business and Technology Education Council (UK) Level - 5 HND 2017 အတွက် VUC မှ အောင်မြင်သူများ

#### BUSINESS

1 Saw Raimra Tha
2 Tun Linn Aung Myint
3 Kyaw Phone Myint
4 Myat Zaw Moe
5 Aung Kyaw Paing
6 Kyaw Soe Thar Tun
7 Thu Htet Myat
8 Bo Bo Thant
9 Ei May Phoo
10 Thaw Tar
11 Zin Maw Maw Naing
12 May Lin Thu
13 Han Hnin Swe
14 Ei Myat Chal
15 Zin Maung Maung
16 Khin Myanmar Kyaw
17 Phyu Sin Thant
18 Wutt Yee Hnin Aung
19 Nyi Nyi Toe Pyae
20 Htet Myint Soe San
21 Thae Zarni Kyaw
22 Hunny Kyaw
23 May Phyu Sin Maung
24 Aung Lin Tun
25 Eaint Chu Mon
26 Kyaw Zawl Hlaing
27 Wai Myo Thant
28 Nang Thin Thin Hlaing
29 Thae Thae Phoo Ngon
30 Sai Lwin Moe Aung
31 Yamin Inzali
32 Yamin Myo Tint
33 Kyaw Khant Wynn
34 Yamin Sandi Thein Lwin
35 Phone Yarzar Thant
36 Kyawt Myat Noe San
37 Ingyin Maw
38 Yamin Nandi
39 Poe Kyi Phyu
40 Aung Kaung Myat
41 Thoon Phyo Sithu
42 Hsu Pan Htet
43 Myat Thinzar
44 Han Thwe Hnaung
45 May Myat Noe Oo
46 Aye Myat Phyu
47 Mya Thin Kyu
48 Nu Yin Thiri
49 Hein Htet Lin
50 Phyo Thiri Tun
51 Kay Thwe Lin
52 Kyaw Lei Yee Htet
53 Ei Myat Mon
54 Saw Pyae Sandar Aung
55 Ei Chit Chit Po
56 Phoo Pwint Phyo
57 Su Yadanar Htike
58 Than Thar Lwin
59 Zune Pyae Sone Win
60 Swe Zin Myat
61 Khin Myat Noe
62 Zayar Win
63 Shwe Yi Wint Aung
64 Htoo Inzali
65 La Min Oak
66 Hein Sint Naing
67 Aung Linn Htike Oo
68 Khant Zaw Hein
69 Aung Myint Myat
70 Saw Hein Soe Thu Aung
71 Min Thet Khaing
72 Khant Hmu Ko
73 Hnin Oo Hlaing
74 Thaint Thada Aung
75 Hla Thet Htar Nadi
76 Wai Phyo Aung
77 Suu Nandar Myint
78 Su Thin Ni
79 Nyein Yoon Phyu
80 Nan Yee Mon
81 Sai Pauk Kham
82 Hsu Min Min Htut
83 Wai Myat Noe
84 Phyu Sin Thu
85 Zwe Pyae Phyo Maung
86 Soe Kyaw Swar Myint
87 San San Maw
88 Tun Yarzar Phyo

#### COMPUTING

89 Wai Yan Thein
90 Ko Ko Htun Nay Naing
91 Kyaw Zin Thant
92 Min Pyae Sone
93 Kyaw Si Thu
94 Aung Myo Oo
95 Zay Soe Tun
96 Sai Aung Aung
97 Zaw Lin Htay
98 Thiha Thit
99 Khun Thura Myint Gaung

#### CONSTRUCTION & THE BUILT ENVIRONMENT (CIVIL ENGINEERING)

100 Su Myat Thazin Naing
101 Tin Win Aung
102 Nyan Htet Lin
103 Pyae Phyo Thu
104 Su Lai Me
105 Kyaw Si Tha Shwe
106 Sunny Linn
107 Yamin Ko Ko
108 Lajawn Seng Mon
109 Thant Zaw Win
110 Thaw Zin Ko
111 Eindra Min
112 Min Kyaw Khine
113 Nyan Pone
114 Yong Yong
115 Su Paing Paing Phyo
116 Tun Lwin
117 Su Po Po Aung
118 Tint Nilar Maung
119 Nay Che Lin
120 Ye Ko Ko Winn
121 Ye Thu Wai
122 Myat Thiri Khaing
123 Nang Mouk Mo Hayo Khan
124 Nang Mhwe Ngin Seng
125 Yin Mon Myint
126 Min Myat Thu
127 Hnin Htet Htet Wai
128 Arkar Phyo Paing
129 Chan Lin Kyaw
130 Phwunt Phyo Kyaw
131 Kyawt Kay Theint
132 Saw Aung Thu
133 May Myat Thu
134 Min Zaw Htut
135 Myat Noe Aung
136 Zone Wai Nwe
137 Su Hlaing Htay
138 Phyu Sin Thant
139 Phyu Phyu Paing
140 Thi Han Thet
141 Kaung Myat Soe
142 Su Myat Phyu
143 Su Wai Phyo
144 Hein Htet Htun
145 Shine Phone Myat
146 Aung Moe Hein
147 Ahkar Kyaw
148 Kyaw Soe Lin
149 Thant Zin Naing
150 Aung Chan Nyein
151 Htet Aung Lin
152 Kyaw Zin Win
153 Zawana Lwin
154 Win Thu Ra
155 Phyo Thiha Aung
156 Myat Hein Htut
157 Aung Kaung Myat
158 Su Pyae Aung
159 Htet Phyo Aung
160 Tun Lin Myat
161 Wai Phyo Kyaw
162 Kaung Lin Hein
163 Min Khant
164 Aung Khant Bo
165 Thiha Min San
166 Hein Htet Kyaw
167 Kyaw Zin Latt
168 Zin Min Oo
169 Htay Win
170 May Moe Thu
171 Lin Thein Maung
172 Myo Thura Hein
173 Sai Min Hein
174 Htet Linn Khant

#### ELECTRICAL & ELECTRONIC ENGINEERING / MECHANICAL ENGINEERING

175 Thein Htike Zaw
176 Zayar Myint Oo
177 Aung Myo Htet
178 Sai Min Min Oo
179 Sai Tun Tip
180 Kyaw Myint Oo
181 Aung Khant Kyaw
182 Nay Aung Linn
183 Swan Saung
184 Aung Kyaw Thu Moe
185 Tun Tun
186 Saw Maung Maung
187 Win Maw Kyaw
188 Si Thu Win Lwin
189 Thwin Lin Aung
190 Nyi Nyi

#### HEALTH & SOCIAL CARE

191 Aye Thiri Min
192 Cho Cho Lwin
193 Kyawt Shin Nwe
194 Yamin Aung
195 Thet Wai Win
196 Andy Soe Myint
197 Ye Nyi Nyi Soe
198 Lin Min Htet
199 Htet Arkar Chit Oo
200 Tayzar Myint Myat
201 Yoon Naychi Htun
202 Zun Myat Thiri Htun
203 Yadanar Htun
204 Thae Sandi Phyo
205 Maw Raine
206 Aye Myat Mon
207 Nandar Moe Thu
208 Aye Chan Moe
209 Yunn Ei Theint

#### မှတ်ချက်

(၁) ဖော်ပြပါ အောင်မြင်သူများသည် ၂၇.၅.၂၀၁၇ (စနေနေ့) နေ့လည် (၁း၀၀) တွင် Novotel Hotel ၌ ကျင်းပသည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရန်အတွက် မေလ (၂၀) ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာန - MMB Campus - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ -၃၈၃၁၃၂၊ ၃၈၃၁၃၃ ကို ဆက်သွယ်ရပါမည်။

BTEC

(၂) HND ဘွဲ့တက်ရောက်ယူမည့် ကျောင်းသားဦးရေနှင့် ကျင်းပမည့် ခန်းမ အကျယ်အဝန်း မမျှပါသဖြင့် (ဒု) အကြိမ် မြောက် အောင်လက်မှတ်ပေးအပ်ပွဲကို ၁၄.၆.၂၀၁၇ (ဗုဒ္ဓဟူးနေ့) နေ့လည် (၁း၀၀) တွင် ဆက်လက် ကျင်းပမည်ဖြစ်ပါသည်။ ၁၄.၆.၂၀၁၇ ဘွဲ့နှင်းသဘင်အတွက် အောင်မြင်သူများစာရင်းကို ဆက်လက်ဖော်ပြပါမည်။

## မြန်မာကျပ်ငွေ ပထမဆုံးထုတ်ဝေခဲ့သော အဆောက်အအုံကို အပြာရောင်ကမ္ပည်းပြား တပ်ဆင်

စာ-၆

## တိုကျိုမြို့ ဇုန်(၆) လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ကို အဓိကပွဲစဉ်အဖြစ် ထည့်သွင်းကျင်းပမည်

စာ-၁၄



# ရောဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ညောင်တုန်းမြို့၌ ကမ်းထိန်းနံရံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**ရန်ကုန် မေ ၁၆**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရောဝတီတိုင်းဒေသကြီး သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတအား မအူပင်ခရိုင်၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများက ဒေသတွင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် ယခင်က သဘာဝဘေးဒဏ်

*စာမျက်နှာ ၅ ကော်လံ ၁* ❄

# ယခုနှစ် မောင်တောကုန်သွယ်ရေးစခန်း ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်မည်



မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးသလောက်များ တင်ပို့နေသည်ကို တွေ့ရစဉ်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မောင်သန့်(ကြေးမုံ)**

**မောင်တော မေ ၁၆**

မြန်မာနိုင်ငံအနောက်ဖျား ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁) မောင်တောကုန်သွယ်ရေးစခန်းသည် နှစ်စဉ် ပို့ကုန်/ သွင်းကုန် လျာထားချက်များဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုပမာဏမှာ လတ်တလော သွင်းကုန်အနေဖြင့် အခြေအနေမပေးသော်လည်း ပို့ကုန်မှာ ယခုနှစ်တွင် လျာထားချက် ပြည့်မီကျော်လွန်နိုင်မည်ဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

နှစ်နိုင်ငံကုန်သွယ်မှုပိုင်းမှာ ပို့ကုန်

*စာမျက်နှာ ၉ ကော်လံ ၁* ❁

# နေထိုင်စရာမရှိသော ပြည်သူများအတွက် အိမ်ရာစီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးမည်

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**

**ရန်ကုန် မေ ၁၆**

အမှန်တကယ် နေထိုင်စရာမရှိသောပြည်သူများအတွက် အိမ်ရာစီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက် အစီအစဉ်တွင်ပါဝင်သော ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း(ခ)ဦးဂေးမောင်၏ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း(ခ) ဦးဂေးမောင်က "ဥပဒေနဲ့အညီ နေထိုင်ကြတဲ့ အိမ်ငှားတွေ၊ ဝန်ထမ်းတွေ၊ ဝန်ထမ်းအငြိမ်းစားတွေအတွက်လည်း အိုးပိုင်အိမ်ပိုင် ပိုင်ဆိုင်မှုရအောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနဲ့ မည်သို့မည်ပုံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်" ဟု လွှတ်တော်တွင်

*စာမျက်နှာ ၅ ကော်လံ ၁* ✻

